မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**ကိုယ်ချင်းစာတရားထား**

အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှထိတ်လန့်ကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းကို ကြောက်ကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍ (သတ္တဝါတို့ကို) မသတ်ဖြတ်၊ မညှဉ်းဆဲရာ။ (အရာရာတွင် ကိုယ်ချင်းစာတရား ထားသင့်ကြ၏။ သတ္တဝါတို့အား ရိုက်ပုတ်၊ ညှဉ်းဆဲ၊ သတ်ဖြတ်ခြင်းကို မပြုရာ။)

ဓမ္မပဒ - ၁၂၉ ဒဏ္ဍဝဂ်

၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၁၇ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၇)၊ အမှတ်(၀၁၇)

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့နှင့်တွေ့ဆုံ



**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (Peace Process Steering Team – PPST ) နှင့် တွေ့ဆုံစဉ်** (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၁၆**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (Peace Process Steering Team – PPST ) နှင့် ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

**NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အနေဖြင့် ပြည်ထောင်စုအတွက် ဟူသော ခံယူချက်ဖြင့် ရခိုင်ပြည်နယ်တွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) တွင် တတ်နိုင်သည့်ဘက်က ပူးပေါင်းပါဝင်**

## စစ်တောင်းမြစ်ရေ တောင်ငူမြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၆**

ယနေ့ မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက် တည်ရှိနိုင်သည်။ သို့ဖြစ်၍ စစ်တောင်းမြစ်ရှိ တောင်ငူမြို့နယ်အတွင်း မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

**စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းတာဟောင်း အရှည်ပေ ၃၀၀ ကျော် ပြိုကျသဖြင့် သဲအိတ်များဖြင့်ကာကွယ်ထား**

စာ » ၁၁

**အမေရိကန်နှင့် တောင်ကိုရီးယား ပူးတွဲစစ်ရေးလေ့ကျင့်မှုက ကိုရီးယားကျွန်းဆွယ်တွင် တင်းမာမှုများကြီးထွားအောင် လုပ်ဆောင်နေကြောင်း မြောက်ကိုရီးယားပြောကြား**

စာ » ၁၄



မြန်မာ့အလင်း

# လုံခြုံရေးနှင့် ဥပဒေစိုးမိုးရေး

လေဆိပ်အဝင်၌ လူပုဂ္ဂိုလ်သုံးဦး သေနတ်နှစ်လက်၊ ကျည်ဆန်များနှင့်အတူ သယ်ယူလာသည်ကို လေဆိပ်လုံခြုံရေးက ဖမ်းဆီးရမိသည်ဟု သတင်းများ အရသိရသည်။ ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၅ ရက် ည ၇ နာရီ ကျော်အချိန်က နေပြည်တော်မှ ရန်ကုန်သို့ မြန်မာအမျိုးသား လေကြောင်းလိုင်း (MNA) ဖြင့် ထွက်ခွာမည်အပြုတွင် စစ်ဆေးတွေ့ ရှိခြင်း ဖြစ်ပါသည်။

ယင်းနှင့် ဆက်စပ်၍ အဆိုပါ သုံးဦးနှင့် ဆက်စပ်ပတ်သက်နေထိုင်ရာ ဟိုတယ်ကို ဆက်လက်ရှာဖွေရာ လက်နက်များ ထပ်မံတွေ့ရှိဖမ်းဆီးမိ ပြန်သည်။ မူးယစ်ဆေးဝါးအချို့လည်း တွေ့ရှိဖမ်းဆီးမိသည့်အတွက် မူးယစ်မှုရော လက်နက်မှုများနှင့်ပါ အရေးယူထားပြီး ဆက်လက် စစ်ဆေး လျက်ရှိသည်ဟုလည်း နောက်ဆက်တွဲသတင်းများက ဆိုသည်။

လေယာဉ်ပေါ်သို့ လက်ဆွဲသယ်ယူရာတွင် ဓားပါသည့် လက်သည်း ညှပ်ပင် သယ်ယူ၍ ရတာမဟုတ်။ ခဲတံချွန်သည့်ဓားပင် အမှတ်တမဲ့သယ်ယူ သွားခွင့်ရှိတာမဟုတ်။

ယခုတွေ့ရှိသည်က သေနတ်များ။

လက်နက်ဆိုသည်က မည်သူ့လက်ထဲမှာရှိရှိ အလွန်အန္တရာယ်ကြီး တာဖြစ်သည်။ တာဝန်အရ အမှန်တကယ်လိုအပ်၍ စနစ်တကျကိုင်တွယ် သုံးစွဲတတ်သူတို့လက်ထဲမှာပင် မတော်တဆမှုများ ရှိနေတတ်တာဖြစ်သည်။

ကိုယ့်ကိုယ်ကိုယ် ကာကွယ်ရန်ဟူသောအကြောင်းပြချက်ဖြင့် သေနတ် ကိုင်ဆောင်မှုကို လိုင်စင်ဖြင့် ကိုင်တွယ်ခွင့်ပြုထားသော အမေရိကန်လို နိုင်ငံမှာ၊ သေနတ်ကို လွယ်လွယ်ကူကူ ဝယ်ယူကိုင်ဆောင်လာနိုင်သည့်အခါ မည်မျှလောက် ဆိုးရွားရက်စက်သည့် ပစ်ခတ်သတ်ဖြတ်မှုများ ဖြစ်ပွားခဲ့ သည်ဆိုတာ အများအသိ။

ယခုကဲ့သို့ လက်နက်များ၊ ကျည်ဆန်များ၊ စနိုက်ပါ မှန်ပြောင်းနှင့် အခြားလက်နက်ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိမှုကြောင့် ပြည်သူ လူထုအတွက် လွန်စွာအန္တရာယ်ကြီးသည့် ခြိမ်းခြောက်မှုများရှိနေသည်ဟု ယူဆပါသည်။

အထူးသဖြင့် အစိုးရထိပ်ပိုင်းခေါင်းဆောင်များ၊ နိုင်ငံရေး ခေါင်းဆောင်များ၏ လုံခြုံရေးကိစ္စကို ပေါ့ပေါ့ဆဆ သဘောမထားသင့် ဟု မြင်ပါသည်။

မြန်မာနိုင်ငံ ပြည်သူလူထုအများစုမှာ ငြိမ်းချမ်းရေးကိုလိုလားသူ၊ မေတ္တာတရားကို တန်ဖိုးထားသူတို့ ဖြစ်သော်လည်း သည်နိုင်ငံထဲမှာပဲ အချို့သော ရမ်းကားယုတ်မာသူတို့ ရှိနေသည်ဆိုတာကို မမေ့သင့်။

မဖြစ်ခင်မှာ ကြိုတင်ကာကွယ်ကာ သတိကြီးကြီး ရှိကြဖို့လိုပါမည်။ ဖြစ်ပြီးသည့်အခါ ဘာမှမတတ်နိုင်တော့ဆိုသည့် အဖြစ်အပျက်များက သမိုင်းတွင် ကြုံဖူးသိဖူးခဲ့ကြပြီးဖြစ်သည်။

သတ်ဖြတ်ခံရသူများ ပျက်စီးဆုံးရှုံးခဲ့ရသည်မှုမက တရားခံကိုပင် ထိထိရောက်ရောက် အရေးမယူနိုင်သည့် ရက်ရက်စက်စက် သတ်ဖြတ် ခံခဲ့ရမှုများကလည်း ပုံပြင်မဟုတ်။ ငါးလောင်းပြိုင် လူသတ်မှု၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် တရားဥပဒေအကြံပေး ဦးကိုနီ လုပ်ကြံခံရမှု စသည်တို့ က ချက်ချင်းဆွဲထုတ်ပြ၍ ရနိုင်သည့် နမူနာများ။

အဓိက ဖမ်းဆီးရမိထားသူများနှင့် ပတ်သက်၍ အုပ်ချုပ်ရေး မဏ္ဍိုင်ဖြစ်သော အစိုးရ၊ အထူးသဖြင့် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ရဲ တပ်ဖွဲ့ဝင်များ၊ တရားရေးမဏ္ဍိုင်ဖြစ်သည့် တရားစီရင်ရေးဌာနတို့က ဥပဒေကြောင်းများအတိုင်း ဆက်လက် စိစစ်အရေးယူသွားကြမည်ဟု နားလည်ပါသည်။ ထို့အတူ ဥပဒေပြုရေးမဏ္ဍိုင်မှ လွှတ်တော်အသီးသီး ကလည်း လက်နက်ကိုင်ဆောင်မှုနှင့် ပတ်သက်သည့် ဥပဒေများကို ဘက်စုံ ဆန်းစစ်လေ့လာကြလိမ့်မည်ဟု ယူဆပါသည်။

စတုတ္ထမဏ္ဍိုင် သတင်းစာအနေဖြင့်မူ သည်လိုဖြစ်ရပ်များကို တာဝန် ရှိသူများအနေဖြင့် ပေါ့ပေါ့တန်တန် သဘောမထားသင့်ကြောင်း၊ အလေးအနက် စဉ်းစားရန်လိုကြောင်းနှင့် နိုင်ငံအတွက်အရေးပါသော ခေါင်းဆောင်တို့၏ လုံခြုံရေးကို အထူးတလည် အလေးထားကာ အရေးတယူ ဆောင်ရွက်ကြရန် လိုအပ်သည်ဟူ၍ ရှုမြင်သုံးသပ်မိ ပါကြောင်း။ ။

**စာပေမြင့်မှ လူမျိုးတင့်မည်**

## မှတ်သားဖွယ်ရာမိုးရေချိန်

**နေပြည်တော် အောက်တိုဘာ ၁၆**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကိုကိုးကျွန်းမြို့တွင် ၃ ဒသမ ၆၂ လက်မ၊ တမူးမြို့တွင် ၂ ဒသမ ၃၆ လက်မ၊ အမ်းမြို့တွင် ၁ ဒသမ ၇၄ လက်မ၊ မိုးကောင်းမြို့နှင့် ဟိုင်းကြီးကျွန်းမြို့တို့တွင် ၁ ဒသမ ၆၁ လက်မစီ၊ မြိတ်မြို့တွင် ၁ ဒသမ ၄၆ လက်မ၊ နေပြည်တော် ဇေယျာသီရိတွင် ၁ ဒသမ ၃၀ လက်မတို့ဖြစ်ကြသည်။

(မိုး/ဇလ)




**ထင်သာမြင်သာပြုပြင်စရာ**

## မော်တော်ယာဉ်များ လမ်းမပေါ်တွင် ပိတ်ဆို့ရပ်ထားခြင်းမှ ရှင်းလင်းပေးစေလို

ပဲခူးမြို့နယ် ဘုရားကြီးမြို့ အမှတ်(၂)ရပ်ကွက် မင်းလမ်းတွင် ညမိုးချုပ်မှ မိုးလင်းထိ မော်တော်ယာဉ်များ လမ်းပြောင်းပြန်ရပ်ခြင်း၊ ယာဉ်နှစ်ထပ်သုံးထပ်ရပ်ခြင်း၊ ကားမောင်း၍ မရအောင်ထိ လမ်းပိတ်ဆို့ခြင်း၊ ယာဉ်တိုက်မှုများ မကြာခဏဖြစ်ခြင်း၊ လမ်းဆုံမီးပွိုင့်မှ အ.ထ.က စာသင်ကျောင်းရှေ့ထိ လမ်းပိတ်ခြင်း၊ သက်ကြီးရွယ်အိုနှင့် လမ်းသူလမ်းသားများ ညဘက်ဆူညံသံများကြောင့် အိပ်မရဖြစ်ပြီး ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာက ရှင်းပေးစေလိုကြောင်း သိရသည်။

သို့ဖြစ်၍ အဆိုပါမော်တော်ယာဉ်များ လမ်းပြောင်းပြန်ရပ်ခြင်း၊ ယာဉ်နှစ်ထပ်သုံးထပ်ရပ်ခြင်းနှင့် လမ်းပိတ်ဆို့မှုများ မဖြစ်ပေါ်စေရေးအတွက် ကြပ်မတ်ဆောင်ရွက်သွားရန် ရပ်ကွက်နေပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။

**အေးမင်းစိုး**



## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့် ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာ ဖိုးကောင်း | ပါမောက္ခချုပ်<br>ရန်ကုန်တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာ ဒေါ်သီတာဝင်း | ပါမောက္ခချုပ်<br>မန္တလေးတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (၃) | ဒေါက်တာ ဒေါ်တင့်တင့် | ပါမောက္ခချုပ်<br>မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (၄) | ဒေါက်တာ သန်းစိုး | ပါမောက္ခချုပ်<br>မြစ်ကြီးနားတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (၅) | ဒေါက်တာ တင်ထွေး | ပါမောက္ခချုပ်<br>ဟသ္သာတတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (၆) | ဒေါက်တာ မောင်မောင်နိုင် | ပါမောက္ခချုပ်<br>လားရှိုးတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (၇) | ဒေါက်တာ ဒေါ်စမ်းစမ်းမာ | ပါမောက္ခချုပ်<br>ကျိုင်းတုံတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၁၆-၁၀-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၄၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၀၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၇၃၀/၇၅၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၄၀/၇၅၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၈၅/၇၉၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၅၀/၇၇၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၀၉ | ·၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၉ | ·၀ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၁ | ·၁၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ·၀၅ |
| တရုတ် | တစ်ယွမ် | ၂၀၇ | ·၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၃ | ·၁၇ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၄၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂနိုင်ငံရေးရာဌာနအကြီးအကဲနှင့်အဖွဲ့ တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာ အထူးကိုယ်စားလှယ်နှင့်အဖွဲ့တို့အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၆**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂနိုင်ငံရေးရာဌာနအကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဂျက်ဖရီဖဲလ်မန် ဦးဆောင်သောအဖွဲ့နှင့် ယနေ့နံနက် ၁၀ နာရီတွင် လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းနှင့်အဖွဲ့အား မွန်းလွဲ ၂ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားစီတွေ့ဆုံသည်။

**အကူအညီပေး**

ကုလသမဂ္ဂနိုင်ငံရေးရာဌာနအကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဂျက်ဖရီ ဖဲလ်မန်နှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအကြား ပိုမိုပူးပေါင်းဆောင်ရွက်မည့် နည်းလမ်းများ ရှာဖွေရန်နှင့် အစိုးရ၏ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များအား အကောင်အထည်ဖော်ရာတွင် အကူအညီပေးရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

**ဆွေးနွေး**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းနှင့် တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

**အမြင်ချင်းဖလှယ်**

အလားတူ နံနက် ၁၁နာရီတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံ



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကုလသမဂ္ဂနိုင်ငံရေးရာဌာနအကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဂျက်ဖရီ ဖဲလ်မန်တို့ တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းနှင့် အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)

UNAIDS Myanmar ၏ ဌာနေကိုယ်စားလှယ်အဖြစ် အသစ်ခန့်အပ်ခြင်းခံရသူ Mr.Oussama Tawil က ၎င်း၏ ခန့်အပ်လွှာကိုပေးအပ်ပြီး ခုခံအားကျဆင်းမှုရောဂါတိုက်ဖျက်ရေး အပါအဝင် ကျန်းမာရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့် UNAIDS တို့အကြား လက်ရှိနှင့် အနာဂတ် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

---

❋ *ရှေ့ဖုံးမှ*

တွေ့ဆုံပွဲတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကား ပြောကြားသည်။

**နှုတ်ခွန်းဆက်စကားပြော**

ယင်းနောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုယ်စား PPST အဖွဲ့ခေါင်းဆောင် ကေအင်န်ယူ ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုးက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) အကောင်အထည်ဖော်မှု ပြန်လည်သုံးသပ်ခြင်း ပူးတွဲဆောင်ရွက်ရေး၊ UPDJC အစည်းအဝေးများ ခေါ်ယူကျင်းပနိုင်ရေး၊ JMC ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

**ရှင်းလင်းတင်ပြ**

ထို့အပြင် ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်များ၏ သဘောထားကို ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်နာယက ခွန်ဥက္ကာက တင်ပြရာတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် နိုင်ငံတော်အစိုးရ၏ ကြေညာချက်ကို ထောက်ခံကြောင်း၊ နိုင်ငံတကာက စွပ်စွဲပြောကြားနေမှုများနှင့် ပတ်သက်၍ အစိုးရ၊ တပ်မတော်တို့နှင့် တစ်သားတည်းဖြစ်ပါကြောင်း၊ ယခင်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တပ်ပေါင်းစုတွင် ပါဝင်ရန် အဆိုပြုကြိုးပမ်းမှုများ ရှိခဲ့သော်လည်း တိုင်းရင်းသားလူမျိုးမဟုတ်ဟု ပယ်ချခဲ့ကြောင်း ရှင်းလင်းတင်ပြသည်။

**ပန်းတိုင်ကိုသွား**

ယင်းနောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုယ်စား PPST အဖွဲ့ခေါင်းဆောင် ကေအင်န်ယူ ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုးက မိမိတို့ နိုင်ငံအနေဖြင့် ငြိမ်းချမ်းရေးလိုအပ်နေသည်မှာ ကြာပြီဖြစ်ကြောင်း၊ ယခုအဆင့်အထိ လျှောက်လှမ်းလာခဲ့ရာတွင် လမ်းစပေါ်လာပြီဖြစ်ကြောင်း၊ ဆက်လက်ပြီး အပြန်အလှန်နားလည်မှု၊ စိတ်ရှည်မှုများဖြင့် ပန်းတိုင်ကို သွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ယခုကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင်များနှင့် တွေ့ဆုံပြီး ပွင့်ပွင့်လင်းလင်းဆွေးနွေး သဘောတူညီချက်များရရှိ၍ ကျေနပ်အားရကြောင်း၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရအား ထောက်ခံမှု၊ ဝန်းရံမှုများပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်း။

**ကြိုးပမ်းဆောင်ရွက်**

မိမိတို့အနေဖြင့် စည်းလုံးညီညွတ်ရန်များစွာလိုအပ်ကြောင်း၊ ယနေ့ကမ္ဘာကြီးတွင် အင်အားချိန်ခွင်လျှာများ ပြောင်းလဲလျက်ရှိကြောင်း၊ နိုင်ငံစည်းလုံးမှုမရှိလျှင် အနိုင်ကျင့်ခြင်းများ၊ ဖိအားပေးခြင်းများ ခံရမည်ဖြစ်ကြောင်း၊ ယနေ့မိမိတို့ အတူတကွ ပူးပေါင်းဆောင်ရွက်နေသည်မှာ နောင်လာနောက်သားများအတွက် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

**ပူးပေါင်းပါဝင်**

မိမိတို့ ပြည်ထောင်စုကြီး စည်းလုံးညီညွတ်ဖို့၊ ခိုင်မာဖို့၊ အထူးအရေးကြီးကြောင်း NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ပြည်ထောင်စုအတွက်ဟူသော ခံယူချက်ဖြင့် ရခိုင်ပြည်နယ်တွင်းလူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (Union Enterprise for Humanitarian Assistance, Resettlement and Development in Rakhine-UEHRD) တွင် တတ်နိုင်သည့်ဘက်က ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားပြီး အစည်းအဝေးကို ညနေ ၅ နာရီတွင် ရုပ်သိမ်းလိုက်သည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ နိုင်သက်လွင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (Peace Process Steering Team-PPST) ဥက္ကဋ္ဌ၊ ကေအင်န်ယူ ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုးနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ / ရှမ်းပြည် တပ်မတော် (RCSS/ SSA) ဥက္ကဋ္ဌ ဦးရွက်ဆစ်၊ ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) နာယက ခွန်ဥက္ကာ၊ ချင်းအမျိုးသားတပ်ဦး (CNF) မှ ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်း၊ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) (KNU/KNLA (PC)) ဗဟိုကော်မတီဝင် နော်ကပေါ်ထူး၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဒုတိယဥက္ကဋ္ဌ ခိုင်စိုးနိုင်အောင်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသား ဒီမိုကရက်တစ်တပ်ဦး (ABSDF) ဥက္ကဋ္ဌ ဦးသံခဲနှင့် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(KKO) ဥက္ကဋ္ဌ စောမိုရှေးနှင့် PPWT အဖွဲ့ခေါင်းဆောင် ပဒိုစောကွယ်ထူးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဇမန်းရေလှောင်တမံ ရေဝင်ရောက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ် (သတင်းစဉ်)

❄ *ကျော့ဖုံးမှ*

ရွှေ့ပြောင်းနေထိုင်မှုများကြောင့် ကျေးလက်ဒေသများ၌ လုပ်သားအင်အားရှားပါးမှု ကြုံတွေ့နေရပြီး စားနပ်ရိက္ခာထုတ်လုပ်မှု လျော့နည်းကျဆင်းလာနေပါကြောင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်များကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ လယ်ယာကဏ္ဍထိခိုက်ပျက်စီးမှုသည် စုစုပေါင်းထိခိုက်ပျက်စီးမှု၏ ၂၀ ရာခိုင်နှုန်းကျော် ရှိနေပါကြောင်း၊ ထို့ကြောင့် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့က ယခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားကို Change the future of Migration. Invest in food security and rural development ဟူသည့် ဆောင်ပုဒ်ဖြင့် သတ်မှတ်ခဲ့ပါကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် စားနပ်ရိက္ခာဖူလုံသည့်နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း ယနေ့တိုင် ဖြေရှင်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ပြည်တွင်းမငြိမ်သက်မှုများ၊ ရာသီဥတုပြောင်းလဲမှုများ၊ သဘာဝဘေးအန္တရာယ်များ၊ဆင်းရဲနွမ်းပါးမှုနှင့် မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးမှုကွာဟမှုတို့ကြောင့် စားနပ်ရိက္ခာနှင့် အာဟာရဖူလုံမှုပြဿနာများ အပါအဝင် ရွှေ့ပြောင်းနေထိုင်မှုပြဿနာများကို ဖြေရှင်းနိုင်ရန် လိုအပ်နေဆဲဖြစ်ကြောင်း၊ ၂၀၁၀ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ကောက်ယူခဲ့သည့် Integrated Household Living Condition Survey စစ်တမ်းများအရ ဆင်းရဲမှုမျဉ်းအောက်တွင် နေထိုင်သူ ၂၅ ဒသမ ၆ ရာခိုင်နှုန်းခန့်ရှိပြီး အများစုသည် ကျေးလက်ဒေသနေပြည်သူများဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ် Global Nutrition Report အရ မြန်မာနိုင်ငံ၏ အာဟာရဖွံ့ဖြိုးမှုအဆင့်သည် ၁၃၆ နိုင်ငံတွင် အဆင့် ၁၀၆ တွင် ရှိနေပါကြောင်း၊ ထို့ကြောင့် နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေးနှင့် စားနပ်ရိက္ခာဖူလုံမှုရှိစေရေးအတွက် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း၊ ထို့သို့ ဆောင်ရွက်ခြင်းဖြင့် လူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းအတွက် ရွှေ့ပြောင်းသွားလာမှုများကို ဖြေလျှော့ပေးနိုင်သည့်အပြင် စားနပ်ရိက္ခာဖူလုံမှုကို မြင့်မားလာစေနိုင်ပါကြောင်း၊ လူမှုကာကွယ်မှုအခြေအနေများကိုလည်း ပိုမိုရရှိစေနိုင်ပါကြောင်း၊ ထို့ပြင် သဘာဝအရင်းအမြစ်များအသုံးချမှုအပေါ် အခြေခံပြီး ဖြစ်ပွားလေ့ရှိသည့် ပဋိပက္ခများကို လျော့ပါးစေနိုင်သကဲ့သို့ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပြဿနာများကိုလည်း ဖြေရှင်းပေးနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့ပြင် နိုင်ငံတော်၏ စီးပွားရေးမူဝါဒတွင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် လယ်ယာစက်မှုကဏ္ဍများ ဘက်ညီစွာတိုးတက်လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍ ချိန်ခွင်လျှာညီသည့် စီးပွားရေးပုံစံဖော်ထုတ်ရန် ထည့်သွင်းချမှတ်ပြီး ဖြစ်သည့်အပြင် လယ်ယာကဏ္ဍနှင့် ကျေးလက်ကဏ္ဍဖွံ့ဖြိုးမှုလုပ်ငန်းများကို နှစ်စဉ် စီမံကိန်း၊ နှစ်တို ငါးနှစ်စီမံကိန်း၊ အနှစ် ၂၀ စီမံကိန်းနှင့် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများဖြင့် ဆောင်ရွက်လျက် ရှိပါကြောင်း။

ကျေးလက်ဒေသများ၌ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးမှုများရရှိလာစေရေးအတွက် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပ NGO အဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပါဝင်ဆွေးနွေးရေးဆွဲထားသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်ကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် အတည်ပြုနိုင်ခဲ့ပါကြောင်း၊ အဆိုပါမူဘောင်ကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် ပြည်သူဗဟိုပြု လုပ်ငန်းအစီအစဉ်များကိုလည်း မူဘောင်နှင့်အညီ ရေးဆွဲခဲ့ပြီး ကျေးလက်နေပြည်သူများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ အသက်မွေးဝမ်းကျောင်းနှင့် မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးမှု ကွာဟချက်ကျဉ်းမြောင်းလာစေရန် ကျေးလက်လူမှုစီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို ပိုမိုရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိပြီး လမ်းပန်းဆက်သွယ်ရေး ချောမွေ့လွယ်ကူစေရန် ပိုမိုအလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များအတိုင်း နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်ထားပြီးဖြစ်သည့် စီးပွားရေးမူဝါဒများနှင့်အညီ ဆောင်ရွက်နေသည့် ရင်းနှီးမြှုပ်နှံမှုများကို စားနပ်ရိက္ခာဖူလုံရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး နယ်ပယ်များတွင် ပိုမိုရင်းနှီးမြှုပ်နှံနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့သူများကို ကျေးဇူးတင်ရှိပါကြောင်း ဒုတိယသမ္မတက ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ၂၀၁၇ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့နှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Xaiojie Fan က ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် ၂၀၁၇ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်ဗီဒီယိုနှင့် မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေးနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ၂၀၁၇ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် တာဝန်ရှိသူများနှင့်အတူ ဇမန်းရေလှောင်တမံနှင့် ရေဆင်းဆည်သို့သွားရောက်ပြီး ရေဝင်ရောက်မှုအခြေအနေများနှင့် ဆည်တမံကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

# NCA ပါ အကြောင်းအရာများကို အမြန်အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် တပ်မတော်အနေဖြင့် အထူးလိုလား

# တပ်မတော်ပိုင်းဆိုင်ရာ လုပ်ဆောင်နိုင်သည်များကို အချိန်မဆိုင်းဘဲ လုပ်ဆောင်သွားမည်

**နေပြည်တော် အောက်တိုဘာ ၁၆**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကရင်အမျိုးသားအစည်းအရုံး(KNU)ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး ခေါင်းဆောင်သော NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (Peace Process Steering Team-PPST) မှ အဖွဲ့ဝင်များအား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ညှော့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် PPST အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးဆောင်ရွက်ရာတွင် NCA မှလွဲ၍ အခြားလမ်းကြောင်း မရှိကြောင်း၊ NCA အားအကောင်အထည်ဖော်မှုအပေါ် ပြန်လည်သုံးသပ်ပြီး NCA ပါအချက်များကို မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်း၊ PPST အနေဖြင့် တစ်ဦးအပေါ်တစ်ဦး အသာစီးရယူလိုစိတ်မရှိဘဲ ရိုးရိုးသားသားဖြင့် တိုင်းပြည်တွင်ဖြစ်နေသည့် ပဋိပက္ခများကိုဖြေရှင်းလိုသည့် သဘောထားတစ်ခုသာရှိကြောင်း၊ ငြိမ်းချမ်းရေးတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အားလုံးပါဝင်လာရန် လိုလားပါကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် NCA နှစ်နှစ်ပြည့် အခမ်းအနားတွင် ပြောကြားခဲ့သည့် မိမိတို့ရည်မှန်းချက်ဖြစ်သော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးမှုလမ်းစဉ်ဖြင့် အကောင်အထည်ဖော်တည်ဆောက်ရန်ကိုလည်း အပြည့်အဝထောက်ခံပါကြောင်း ပြောကြား၍ တစ်ဖွဲ့ချင်းနှင့်ပတ်သက်သည့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အားလုံးပါဝင်လာရေးနှင့်ပတ်သက်၍ ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားမှုရှိရန် လိုကြောင်း၊ လက်မှတ်ရေးထိုးခြင်း မပြုသည့် အဖွဲ့များအား ငြိမ်းချမ်းရေးအတွက် ပထမဆုံးခြေလှမ်းကို စတင်လှမ်းပြီး NCA ကို လက်မှတ်ရေးထိုးကြရန်လိုသည်ဟု NCA နှစ်နှစ်ပြည့်အခမ်းအနားတွင် တိုက်တွန်းပြောကြားခဲ့ခြင်းဖြစ်ကြောင်း၊ NCA လမ်းကြောင်းသည် ငြိမ်းချမ်းရေးအတွက် အဓိကလုပ်ဆောင်ခြင်းဖြစ်ပြီး နိုင်ငံရေးကို ဦးတည်လုပ်ဆောင်ခြင်းမဟုတ်ကြောင်း၊ NCA ပါ အကြောင်းအရာများကို အမြန်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့မှ အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံစဉ် (သတင်းစဉ်)

အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် တပ်မတော်အနေဖြင့် အထူးလိုလားကြောင်း၊ အသင့်လည်းရှိပါကြောင်း၊ တပ်မတော်ပိုင်းဆိုင်ရာ လုပ်ဆောင်နိုင်သည်များကို အချိန်မဆိုင်းဘဲ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် တိုင်းရင်းသားများ၏ လုံခြုံရေးနှင့် အကျိုးစီးပွားကို ဦးစားပေးကာကွယ်စောင့်ရှောက်ရမည် ဖြစ်ကြောင်း၊ ထို့အတူ မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် နိုင်ငံသားများကိုလည်း ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်းပြောကြား၍ အဖွဲ့တစ်ဖွဲ့ချင်း၏ ဆွေးနွေးမှုများအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

**(သတင်းစဉ်)**

# ကျိုင်းတုံမြို့ ဓမ္မောဒယပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော်၏ အန္တိမစျာပန သာဓုကီဠန ပူဇာသဘင်အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ဓမ္မောဒယပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာဇေယျ ဆရာတော်ကြီး၏ အန္တိမစျာပန သာဓုကီဠန ပူဇာသဘင်အခမ်းအနားအား ယမန်နေ့မွန်းလွဲပိုင်းတွင် ကျိုင်းတုံမြို့ ဘုရားကိုးဆူကုန်းတော်ပေါ်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ နဂါးနှစ်ကောင်ကျောင်းတိုက် ဆရာတော် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဓမ္မသီရိ၊ နိုင်ငံတော် မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ လှိုင်လင်မြို့သာသနဝိပုလ ဓာတ်တော်ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ ပညာနန္ဒ၊ တာချီလိတ်မြို့ မဟာမြတ်မုနိဘုရားကြီး ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာသာမိ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ကျိုင်းတုံမြို့ ဟိုခုံပရိယတ္တိ စာသင်တိုက် ပဓာနနာယက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဇောတိက အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော် အရာရှိကြီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်အေး၊ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ဒါယကာ၊ ဒါယိကာမများ တက်ရောက်ပူဇော်ကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား စိန်ကတ္တီပါလွှမ်း၍ ပူဇော်သည်။ **(ယာပုံ)**

ဆရာတော်ကြီး၏ရုပ်ကလာပ်တော်အား အန္တိမစျာပန တေဇောဓာတ်ဖြင့် မီးပူဇော်မည့်လောင်တိုက်တော်သို့ ဆရာတော်ကြီး၏ တပည့်သံဃာတော်များ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များ၊ စျာပနကော်မတီဝင်များ၊ ဆွေတော်မျိုးတော်များနှင့် တပည့်ဒါယကာများက ပင့်ဆောင်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်အရာရှိကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ပွဲသကူသက်နီးများအား ဆက်ကပ်လှူဒါန်းကြသည်။



ယင်းနောက် နဂါးနှစ်ကောင်ကျောင်းတိုက် ဆရာတော် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဓမ္မသီရိနှင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့က အန္တိမစျာပန တေဇောဓာတ်ဖြင့် စတင်မီးပူဇော်ပြီး ရောင်စုံမီးရှူးမီးပန်းများ လွှင့်တင်ပစ်ဖောက်ပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ ဆွစ်ဇာလန်သို့ ထွက်ခွာ




**နေပြည်တော် အောက်တိုဘာ ၁၆**

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် ဆွစ်ဇာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ဆွစ်ဇာလန်နိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ရန် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်ပုံနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံရုံး၏ ဒုတိယအကြီးအကဲနှင့် ပူးပေါင်းဆောင်ရွက်ရေးဌာန အကြီးအကဲဖြစ်သူ Mrs. Carine Carey နှင့် တာဝန်ရှိသူများက လေဆိပ်၌ပို့ဆောင်နှုတ်ဆက်ကြသည်။

**လိုက်ပါသွား**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် တပ်မတော် အရာရှိကြီးများ အဖွဲ့ဝင်အဖြစ်လိုက်ပါသွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၆**

ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်သည် သဘာဝအတွက် ကမ္ဘာလုံးဆိုင်ရာ ရန်ပုံငွေအဖွဲ့ (WWF) အား ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင် အမှတ် (I-2) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မိုးပိုလာနိုင်

**နေပြည်တော် အောက်တိုဘာ ၁၆-** နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ **(မိုး/ဇလ)**

# အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် တက်ရောက်ခဲ့

**နေပြည်တော် အောက်တိုဘာ ၁၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် အောက်တိုဘာ ၁၂ ရက်မှ ၁၃ ရက်အထိ စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သော (၂၃)ကြိမ်မြောက် အာဆီယံ ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေး၊ (၁၆) ကြိမ်မြောက် အာဆီယံ- တရုတ် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေး၊ (၁၅)ကြိမ်မြောက် အာဆီယံ-ဂျပန် ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးနှင့် (၈)ကြိမ်မြောက် အာဆီယံ-ကိုရီးယား ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးတို့သို့ တက်ရောက်သည်။ **(ယာပုံ)**

အစည်းအဝေးများတွင် အာဆီယံစီးပွားရေးအသိုက်အဝန်း အကောင်အထည်ဖော်မှု၊ အာဆီယံမဟာဗျူဟာ ပို့ဆောင်ရေးလုပ်ငန်းစီမံကိန်း (ASEAN Transport Strategic Plan 2016-2025) အကောင်အထည်ဖော်မှု၊ အာဆီယံပေါင်းစည်းဆက်သွယ်ရေး ပင်မစီမံကိန်း (Master Plan on ASEAN Connectivity) အကောင်အထည်ဖော်မှု၊ အာဆီယံလေကြောင်း ပို့ဆောင်ရေးဝန်ဆောင်မှုများ ဖြေလျော့မှု၊ အာဆီယံ၏ တစ်ခုတည်းသော လေကြောင်းဈေးကွက်နှင့် ရေကြောင်းဈေးကွက်ဖော်ဆောင်မှု၊ စင်ကာပူ-ကူမင်းရထားလမ်းစီမံကိန်းအကောင်အထည်ဖော်မှု၊ အာဆီယံအဝေးပြေးလမ်း ကွန်ရက်တည်ဆောက်မှု၊ အာဆီယံပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး သဘောတူညီချက်များ အကောင်အထည်ဖော်နိုင်မှု၊ အာဆီယံ၏ ဆွေးနွေးဖက်နိုင်ငံများဖြင့် ပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးသုံးသပ်အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ထို့ပြင် Protocol 3 on Domestic code share rights between points within the territory of any other ASEAN Member States နှင့် Protocol to Implement the 10th Package of Commitments on Air Transport under AFAS တို့အား မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ပို့ဆောင်ရေးနည်းလမ်းအသီးသီး၏ ရှေ့လုပ်ငန်းစဉ်များကို အတည်ပြုခဲ့ကြသည်။

နောင်လာမည့် (၂၄) ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလအတွင်း ထိုင်းနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# နိုင်ငံတော်လိုအပ်ချက်တိုင်းမှာ စီးပွားရေးလုပ်ငန်းရှင်တွေက ကူညီစမြဲပါ၊ တတ်နိုင်သမျှအင်အားနဲ့ တိုင်းပြည်အတွက် ကူညီဖို့အဆင်သင့်ပဲ

ဒေါက်တာစိုင်းဆမ်ထွန်း


ဦးကိုကိုထွေး
(တော်ဝင်မိသားစုကုမ္ပဏီ)


ဦးခင်ရွှေ
(ဇေကမ္ဘာကုမ္ပဏီ)


ဒေါက်တာအောင်ထွန်းသက်
(စီးပွားရေးပညာရှင်)


ဦးဇော်မင်းဝင်း (မြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ)


ဒေါက်တာစိုင်းဆမ်ထွန်း
(လွယ်ဟိန်းကုမ္ပဏီ)

## သတင်းစဉ် (သတင်းအဖွဲ့)

**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က တည့်ခင်းညွှေ့ခံသည့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ၏ ညစာစားပွဲအခမ်းအနားကို အောက်တိုဘာ ၁၅ ရက် ည ၇ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၁ ၌ ကျင်းပခဲ့ရာ အဆိုပါအခမ်းအနားသို့ တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ငြိမ်းချမ်းရေးနှင့်စပ်လျဉ်းသည့် ၎င်းတို့၏အမြင်များကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။**

**ဦးကိုကိုထွေး (တော်ဝင်မိသားစုကုမ္ပဏီ)**

မငြိမ်းချမ်းတဲ့ဒေသတွေ စစ်ဖြစ်တဲ့နေရာတွေမှာ စစ်ပြေးဒုက္ခသည်တွေ ဒုက္ခရောက်ကြတယ်ဆိုတာ ခေတ်အဆက်ဆက် ဖြစ်လာခဲ့တာပါ။ တစ်ဖက်နိုင်ငံကို ဒုက္ခသည်တွေရောက်နေကြတာ လူတိုင်းအသိပါပဲ။ ကျွန်တော်တို့ မြန်မာနိုင်ငံကို တခြားနိုင်ငံက လာနေကြတဲ့လူတွေကို ဒုက္ခသည်တွေလို့ မမြင်ဘဲနဲ့ ကျွန်တော်တို့ တိုင်းရင်းသားတွေလို့ မြင်နေတာကတော့ မကောင်းဘူးပေါ့။ လူသားချင်းစာနာထောက်ထားတဲ့အနေနဲ့ တစ်ဖက်နိုင်ငံက ရောက်လာတဲ့ ဒုက္ခသည်တွေကို ကူညီစောင့်ရှောက်ရတာရှိပါတယ်။ အခုကတော့ ကျွန်တော်တို့အလုပ်မှာ ကိုယ်ကျရာတာဝန်ကို ပီပီပြင်ပြင်နဲ့ ကိုယ့်အတွက် ကောင်းအောင်လုပ်သလို အများအတွက်လည်း အကျိုးမယုတ်အောင်လုပ်ဖို့ လိုပါတယ်။ တရားဥပဒေစိုးမိုးမှုရှိရပါမယ်။ အဲ့ဒါမှ တစ်ယောက်နဲ့တစ်ယောက် တရားဥပဒေအောက်မှာ မျှမျှတတ နေလို့ရမှာပါ။ တရားဥပဒေကလည်း တရားတဲ့ဥပဒေဖြစ်ရမှာပေါ့။ လူတိုင်းငြိမ်းချမ်းဖို့ဆိုတာ ကိုယ့်အလုပ်ကို တာဝန်ကျေအောင်အရင်လုပ်ကြဖို့၊ သူများကို အပြစ်မတင်ကြဖို့ အရေးကြီးပါတယ်။

**ဦးခင်ရွှေ(ဇေကမ္ဘာကုမ္ပဏီ)**

ငြိမ်းချမ်းရေးဆိုတာက နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေး အားလုံးက ငြိမ်းချမ်းရေးပါ။ ငြိမ်းချမ်းရေးက အလွန်အရေးကြီးပါတယ်။ ငြိမ်းချမ်းရေးမှ မရရင် ကျန်တာ ဘာမှလုပ်လို့မရပါဘူး။ နိုင်ငံက မငြိမ်းချမ်းတဲ့အတွက် သယံဇာတတွေ မထုတ်နိုင်ဘူး။ နယ်စပ်ကို မသွားနိုင်ဘူး။ ငြိမ်းချမ်းရေးအတွက် ပြည်တွင်းက စီးပွားရေးပညာရှင်တွေ ကူညီဖို့လိုပါတယ်။ နိုင်ငံခြားကပဲ အထောက်အပံ့တွေ ရနေတယ်ဆိုပြီး ပြောပါတယ်။ အခုဆို ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်တွေ ကူညီတာ ၁၅ ဘီလီယံ လောက်ရပြီထင်ပါတယ်။ အလုပ်လက်မဲ့ပြဿနာကလည်း ငြိမ်းချမ်းရေးပေါ်မှာပဲ မူတည်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ စီးပွားရေးသမားတွေကလည်း နိုင်ငံတော်နဲ့ ပူးပေါင်းပြီး ငြိမ်းချမ်းရေးအတွက် ဘယ်ကဏ္ဍကမဆို လုပ်ပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီအခမ်းအနားကို တက်ရောက်ခြင်းဖြစ်ပါတယ်။ ငြိမ်းချမ်းရေးကို အားလုံးက လိုချင်ကြပါတယ်။ လက်နက်မကိုင်ဘဲနဲ့ တောထဲမှာ ပုန်းအောင်းနေကြရတဲ့ ဒုက္ခသည်တွေက ငြိမ်းချမ်းရေးကို ပိုလိုချင်ကြတယ်။ မငြိမ်းချမ်းတဲ့နေရာတွေမှာ နေတဲ့သူတွေရဲ့ ဒုက္ခက အလွန်ကြီးမားပါတယ်။ ငြိမ်းချမ်းတဲ့နေရာမှာ နေနေတဲ့ သူတွေက ဒီဒုက္ခကို မသိနိုင်ပါဘူး။

**ဒေါက်တာအောင်ထွန်းသက် (စီးပွားရေးပညာရှင်)**

ဒီကနေ့ မိန့်ခွန်းထဲမှာ တော်တော်လေးပြည့်ပြည့်စုံစုံပါတယ်။ ဒီဖြစ်နေတဲ့ အခြေအနေတစ်ခုကို ပြန်လည်တည်ဆောက်ဖို့လိုတယ်။ အဓိကကတော့ သုံးပိုင်းပေါ့။ လူမှုရေးစာနာထောက်ထားမှုကိစ္စရယ်၊ ပြန်လည်ထူထောင်ရေးရယ်၊ အဓိကက ဖွံ့ဖြိုးရေးပဲ။ ကာလတိုမှာတော့ လူသားချင်းစာနာမှုတို့၊ ပြန်လည်ထူထောင်ရေးတို့ ပြောသွားတယ်ဆိုပေမယ့် ရေရှည်မှာတော့ ဖွံ့ဖြိုးမှုက အရေးကြီးတယ်။ ထူးခြားချက်ကတော့ ပဋိပက္ခဖြစ်နေတဲ့ဒေသတွေမှာ တကယ်တမ်းတော့ ပထဝီအနေအထားအရ အင်မတန်မှ အခြေအနေကောင်းတယ်။ စိုက်ပျိုးရေးလည်းကောင်းတယ်၊ မွေးမြူရေးလည်းရှိတယ်။ ကာလတိုစဉ်းစားပြီးတော့ ကာလရှည်မှာ ကိုယ့်နိုင်ငံရဲ့ တိုးတက်မှုအတွက်ကို လုပ်ကြရမှာပါ။ စီးပွားရေးလုပ်တတ်တဲ့ လုပ်ငန်းရှင်တွေနဲ့ စုစည်းဖို့လိုတယ်။ ဒါပေမယ့် စီးပွားရေးလုပ်ရုံတင်မရသေးဘူး။ နိုင်ငံတော်အစိုးရရယ်၊ ပုဂ္ဂလိကကဏ္ဍရယ်၊ အရပ်ဘက်လူ့အဖွဲ့အစည်းရယ်။ ဒီလို သုံးယောက်ပေါင်းလိုက်ရင်တော့ ကိုယ်လိုချင်တဲ့ပုံတူရနိုင်တယ်လို့ အောက်မေ့တယ်။ ရေရှည်မှာ အရေးကြီးဆုံးကတော့ စီးပွားရေးတိုးတက်ဖို့လိုတယ်။ စီးပွားရေးတင်မကပါဘူး။ လူမှုရေးတိုးတက်ဖို့လိုတယ်၊ ပညာရေးကောင်းဖို့လိုတယ်။ ဒါတွေအတွက်ကို ဒီစီမံချက်လုပ်နေတယ်ဆိုတော့ ဆရာတို့က ကြိုဆိုရတာပဲ။

ငွေကြေးလို့ပြောတဲ့အခါမှာ အမြဲတမ်းပြောလေ့ရှိတဲ့ ငွေရေးကြေးရေး အရေးကြီးသလားဆိုတာ တကယ်တမ်းတော့ ငွေရေးကြေးရေး အရေးမကြီးဘူးလို့ ပြောပေမယ့်လည်းပဲ ငွေရေးကြေးရေးတစ်ခုတည်းတင်မဟုတ်ဘူး။ နည်းပညာပိုင်းလည်းလိုတယ်။ တကယ်တမ်းတော့ လုပ်ချင်တဲ့စိတ်ရှိရင်တော့ ဒီလောက်ကြီး မခက်ခဲဘူးလို့ ထင်တယ်။ အရေးကြီးတာက ငွေရေးကြေးရေး ဘယ်ကရနိုင်မလဲလို့မေးရင် နိုင်ငံတော်က သူတတ်နိုင်တဲ့ ဘတ်ဂျက်အသုံးစရိတ်ကလည်း ရနိုင်တယ်။ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုကလည်း ရနိုင်တယ်။ ပြီးတော့မှ နိုင်ငံတကာ အကူအညီပေါ့။ ဘာကြောင့်လဲဆိုတော့ နိုင်ငံတကာက ဒီရခိုင်ဒေသကို စိတ်ဝင်စားနေတာမို့ ဒါကို တိုးတက်အောင်၊ ဖွံ့ဖြိုးအောင် လုပ်ဖို့လိုတယ်။

**ဦးဇော်မင်းဝင်း (မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ)**

ရခိုင်ဒေသ အထူးသဖြင့် ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်တို့မှာ အခုဖြစ်နေတဲ့ ထိခိုက်မှုတွေအပေါ်မှာ စက်မှုအသင်းချုပ်အနေနဲ့ လူသားချင်းစာနာတဲ့ ကိစ္စတွေမှာရော စီးပွားရေး ပြန်လည်နာလန်ထဖို့အတွက်၊ ပြန်ပြီးကောင်းမွန်လာရေးအတွက်ကို ဆောင်ရွက်ဖို့ အကူအညီတွေ အများကြီးရှိပါတယ်။ အဓိကကတော့ လက်ရှိအဲဒီဒေသမှာ စီးပွားရေး ဘယ်လိုပြန်လည်ထူထောင်ကြမလဲ။ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိဖို့အတွက် ဝိုင်းလုပ်ပေးဖို့ရှိပါတယ်။ ကျန်းမာရေးနဲ့ပတ်သက်လို့ ဆေးခန်းတွေ၊ ဆေးရုံတွေဆောက်မယ်လို့ ကြားတယ်။ ဒါတွေလည်း ရှိသင့်ပါတယ်။ ပညာရေးနဲ့ပတ်သက်လို့လည်း ကျောင်းတွေဆောက်ဖို့ ကိစ္စတွေလည်းရှိတယ်ပြောတယ်။ ဒါကတော့ လုပ်ငန်းရှင်ကြီးတွေချည်း လုပ်လို့မရဘူး။ နိုင်ငံတော်က ဦးဆောင်မှု၊ လမ်းညွှန်မှုနဲ့ ကျွန်တော်တို့က အဲ့ဒီဒေသမှာ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ဖို့ပဲ ရှိပါတယ်။ လမ်းညွှန်မှုခံယူပြီး ကျွန်တော်တို့ ဆက်လက်ပြီးတော့ ဆောင်ရွက်ဖို့လည်း စီစဉ်နေပါတယ်။ ကျွန်တော်တို့လည်း လမ်းညွှန်မှုကို စောင့်နေတယ်။ ကျွန်တော်တို့နဲ့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နဲ့ တစ်ကြိမ်တွေ့ပြီးသွားပြီ။ ကိုယ့်နိုင်ငံအတွက် အမျိုးသားရေးအနေနဲ့ ဆောင်ရွက်ဖို့ လုပ်သင့်တယ်လို့ အားလုံးခံယူထားတဲ့အတွက် ဝိုင်းဝန်းပြီး ကူညီဆောင်ရွက်သွားမှာပါ။

**ဒေါက်တာ စိုင်းဆမ်ထွန်း(လွယ်ဟိန်းကုမ္ပဏီ)**

ငြိမ်းချမ်းရေးမရှိရင် စီးပွားရေးလည်း လုပ်လို့မရဘူး။ စီးပွားရေးမရှိပြန်တော့လည်း ငြိမ်းချမ်းမှုမရရှိနိုင်ဘူး။ ဒီနှစ်ခုဟာ ဆက်စပ်တယ်ဆိုတာ ယုံမှားသံသယ ဖြစ်စရာ မလိုပါဘူး။ ကျွန်တော်တို့တိုင်းပြည်မှာ အဘက်ဘက်က အခက်အခဲတွေ၊ စိန်ခေါ်မှုတွေ ကြုံတွေ့ရတာပါပဲ။ ကျွန်တော်တို့တိုင်းပြည်အနေနဲ့ ကြုံတွေ့သလိုပဲ စီးပွားရေးလုပ်ငန်း ပတ်ဝန်းကျင်တစ်ခုလုံးကလည်း ဒီနေ့ဒီအချိန်အခါ အပြောင်းအလဲကာလမှာ အခက်အခဲကြုံတွေ့ရမြဲပါပဲ။ ဒါကိုကျော်လွှားဖို့ ဘယ်လိုလုပ်မယ်ဆိုတာ စိတ်ကူးနေတာပါ။ အခက်အခဲတော့ ကြုံတွေ့ရပါတယ်။ ဆိုလိုတာက ရောဂါရှိရင်ဆေးရှိတယ်။ ရောဂါသိဖို့ပဲလိုတယ်။ ရောဂါကိုသိပြီးရင် ရောဂါကိုတိတိကျကျ ဘယ်လိုကုမယ်ဆိုတဲ့ ကျွမ်းကျင်သူတွေရဲ့ အကူအညီနဲ့ နည်းလမ်းတွေ ဖော်ဆောင်ပေးရမယ်။ Policy တွေလုပ်ရမယ်။ နည်းဗျူဟာတွေ၊ မဟာဗျူဟာတွေချမှတ်ပေးရမယ်။ လောလောဆယ် စီးပွားရေးကောင်းအောင် ဘယ်လိုလုပ်ရမလဲဆိုတာ ဒီနေရာမှာတော့ ပြည့်စုံအောင် ပြောနိုင်မှာမဟုတ်ပါဘူး။

ကျွန်တော်တို့အနေနဲ့က နိုင်ငံတော်လိုအပ်ချက်တိုင်းမှာ အရင်ကတည်းက စီးပွားရေးလုပ်ငန်းရှင်တွေက ဝိုင်းဝန်းကူညီကြစမြဲပါပဲ။ အရေးအကြောင်းပေါ်လာရင် မကူညီဘဲနေလို့မရပါဘူး။ ကျွန်တော်တို့ တတ်နိုင်သမျှတော့ ကျွန်တော်တို့အင်အားနဲ့ တိုင်းပြည်အတွက် ကူညီဖို့အဆင်သင့်ပဲဖြစ်တယ်။ ဘယ်သူဘယ်လို အခြေအနေပဲ ရောက်ရောက် ဒုက္ခရောက်လာရင်တော့ အမြဲတမ်းကူညီမှာပါ။

## ဇမ္ဗူသီရိမြို့နယ်တွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၆**

နှစ်စဉ်ကျင်းပလျက်ရှိသော နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်အတွင်းရှိ သာသနာ့ရက္ခိတဓမ္မာရုံ အကျိုးတော်ဆောင်အဖွဲ့မှ စီစဉ်ကျင်းပသည့် ဆဋ္ဌမအကြိမ်မြောက် ဝါတွင်းတနင်္ဂနွေ အရဏ်ဆွမ်းလောင်းလှူခြင်း အောင်မြင်သည့် အထိမ်းအမှတ်အဖြစ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို အောက်တိုဘာ ၂၅ ရက် ညနေ ၄ နာရီက အဆိုပါဓမ္မာရုံရှေ့၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပျဉ်းမနားမြို့ မင်းဝင်တောင်ဆရာတော် အမှူးပြုသော နေပြည်တော်အတွင်းရှိ ကျောင်းတိုက်ပေါင်း ၂၅ ကျောင်းမှ သံဃာတော် အရှင်သူမြတ်များနှင့် သီလရှင်စာသင်တိုက်များမှ သာသနာ့နွယ်ဝင်သီလရှင်များအား ရပ်ကွက်အတွင်းရှိ နိုင်ငံ့ဝန်ထမ်း စေတနာရှင်ပြည်သူများက သဒ္ဓါတရားထက်သန်စွာဖြင့် ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူပူဇော်ခဲ့ကြသည်။

ထို့နောက် ဓမ္မရက္ခိတဓမ္မာရုံအတွင်း၌ ပျဉ်းမနားမြို့ မင်းဝင်တောင်ဆရာတော်ကြီးထံမှ ညွှေ့ပရိသတ်များက ငါးပါးသီလ ခံယူတော်မူပြီး မင်းဝင်တောင်ဆရာတော်ကြီးနှင့် သံဃာတော်များက ပရိတ်တရားတော်များကို ချီးမြှင့်တော်မူခဲ့ကြောင်း သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**



မွန်ပြည်နယ်အတွင်း မူခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းပပျောက်ရေးနှင့် မူးယစ်ဆေးဝါးကင်းစင်စေရေး ရည်ရွယ်ချက်ဖြင့် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး ညွှန်ကြားမှုဖြင့် ရပ်ကွက်ကျေးရွာများသို့ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၆ ရက်က ပေါင်မြို့နယ် ကဒါရပ်ကွက် မင်္ဂလာဈေးရှေ့၌ မြို့မရဲစခန်းမှူး ဒုရဲမှူး ထွန်းဇော်ဦးနှင့် တာဝန်ရှိသူများက မူခင်းအသိပညာပေးဟော်ဖြင့် ဟောပြောဆွေးနွေးခဲ့စဉ်
(၁၃၈)

# ရခိုင်ပြည်နယ်အတွင်း လူမှုအသိုက်အဝန်းနှစ်ခု ရေရှည်အတူလက်တွဲနေထိုင်နိုင်ရေး စီမံကိန်းချမှတ်ဆောင်ရွက်နေမှုအား ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၆**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်အား ကုလသမဂ္ဂနိုင်ငံရေးရာဌာန အကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဂျက်ဖရီဖဲလ်မန်သည် ယနေ့နံနက် ၁၁ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ဝန်ကြီးဌာနမှ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ ရခိုင်ပြည်နယ် မောင်တောဒေသ အကြမ်းဖက်မှုဖြစ်စဉ်များ၊ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာ ပြောင်းရွှေ့ခဲ့ကြသည့် ဒေသတွင်းနေ နစ်ဖက်လူ့အဖွဲ့အစည်းများ၏ လုံခြုံရေး၊ စားဝတ်နေရေး၊ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၊ ပြန်လည်နေရာချထားရေး လုပ်ငန်းများ စတင်အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များ၊ ရခိုင်ပြည်နယ် ရေရှည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့၏ အကြံပြုတင်ပြချက်များနှင့် စပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင်ရွက်နေမှုဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံတော်အစိုးရက ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ရာတွင် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပြည်ပနိုင်ငံများ၊ ပြည်ပအဖွဲ့အစည်းများပါဝင်ပြီး ကူညီထောက်ပံ့မှု လုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ရခိုင်ပြည်နယ်အတွင်းရှိ လူမှုအသိုက်အဝန်းနှစ်ခု ရေရှည်သဟဇာတဖြစ်စွာ အတူလက်တွဲနေထိုင်နိုင်ရေးအတွက် ရေတိုရေရှည်စီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ရေးလုပ်ငန်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ရောက်ရှိနေသူများအား ပြန်လည်လက်ခံရေးဆိုင်ရာလုပ်ငန်းများဆွေးနွေး



နေပြည်တော် အောက်တိုဘာ ၁၆

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ကုလသမဂ္ဂ နိုင်ငံရေးရာဌာနအကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဂျက်ဖရီဖဲလ်မန်၊ ကုလသမဂ္ဂဖွံ့ဖြိုးရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဌာန ညှိနှိုင်းရေးမှူးရုံးမှ ညှိနှိုင်းရေးမှူး** Ms. Renata Dessallien **နှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံသည်။** (ဝဲပုံ)

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ရေး လုပ်ငန်းဆောင်ရွက်မှုနှင့် နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား(NV Card) ထုတ်ပေးဆောင်ရွက်မှု၊ NV ကတ်ကိုင်ဆောင်ခြင်းအတွက် ရရှိခံစားနိုင်မည့် အကျိုးကျေးဇူးများ၊ ကချင်၊ ကရင်နှင့် ရှမ်း စသည့်ပြည်နယ်များ၌လည်း NV ကတ်ထုတ်ပေး၍ နိုင်ငံသားစိစစ်ရေးလုပ်ငန်း ဆောင်ရွက်နေမှု၊ ယခုအခါ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ရောက်ရှိ နေသူများအား ပြန်လည်လက်ခံနိုင်ရေးအတွက် ဆောင်ရွက်မှုလုပ်ငန်း အဆင့်ဆင့်၊ အထောက်အထား ပြည့်စုံစွာ တင်ပြနိုင်ခြင်းမရှိသူများကိုလည်း မိမိတို့ဌာန၌ရှိပြီးဖြစ်သည့် စာရင်းဇယား မှတ်တမ်းမှတ်ရာများဖြင့် တိုက်ဆိုင်စိစစ်လက်ခံဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ ပြန်လည်ရောက်ရှိလာသူများအား နေရာချထားရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်း ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများ၊ ယင်းလုပ်ငန်းများ အောင်မြင်ရေးအတွက် ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများမှ ပူးပေါင်းကူညီဆောင်ရွက်ပေးနိုင်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ်တွင်းလူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးများပါဝင်သော ပြည်ထောင်စုစီမံကိန်း (UEHRD) ကို အကောင်အထည်ဖော်ရေး ရှေ့ပြေးစီမံချက် စတင်ဆောင်ရွက်

**စစ်တွေ အောက်တိုဘာ ၁၆**

ရခိုင်ပြည်နယ်တွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးများပါဝင်သော ပြည်ထောင်စုစီမံကိန်း (Union Enterprise For Humanitarian Assistance, Resettlement and Development in Rakhine - UEHRD) ကို အကောင်အထည်ဖော်ရေး ရှေ့ပြေးစီမံချက် အကောင်အထည်ဖော်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညိုပု၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်သန်းထွဋ်တို့နှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် မောင်တောမြို့နယ် လောင်းဒုံ၊ ဘဒကား၊ ပန်းတောပြင် ကျေးရွာများသို့ သွားရောက်၍ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီ အထောက်အပံ့များဖြစ်သည့် စားနပ်ရိက္ခာပစ္စည်းများ ပေးအပ်ခြင်း၊ ပြန်လည်နေရာချထားရေးအတွက် အိမ်ရာများ စတင်ဆောက်လုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်သည်။



ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေလေဆိပ်မှ ရဟတ်ယာဉ်ဖြင့် ထွက်ခွာရာ မွန်းလွဲ ၁ နာရီခွဲတွင် မောင်တောမြောက်ပိုင်း မြို့တိုင်းရင်းသားများနေထိုင်ရာ လောင်းဒုံ (နတလ) ကျေးရွာသို့ရောက်ရှိပြီး ဒေသခံ မြို့တိုင်းရင်းသားများနှင့်တွေ့ဆုံကာ အားပေးစကားပြောကြားသည်။ **(အောက်ပုံ)**

ပြည်ထောင်စုဝန်ကြီးက မိမိတို့ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရအဖွဲ့တို့သည် တိုင်းရင်းသားများအတွက် စားနပ်ရိက္ခာများလာရောက်ထောက်ပံ့ခြင်းဖြစ်ကြောင်း၊ လိုအပ်သည့် နေရာများတွင် နေအိမ်များတည်ဆောက်၍ ပြန်လည်နေရာချထားပေးရန် ဖြစ်ကြောင်း။

လူနည်းစု တိုင်းရင်းသားများ၏ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများ အပါအဝင် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် ပြည်ထောင်စု စီမံကိန်းတွင် လုပ်ငန်းကဏ္ဍ သုံးခု ချမှတ်ဆောင်ရွက်ရန်ရှိကြောင်း၊ အဆိုပါကဏ္ဍ (၃)ရပ်တွင် စားနပ်ရိက္ခာထောက်ပံ့ရေး၊ ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများ ပါဝင်ကြောင်း၊ ယင်းစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသနေပြည်သူများက ဝိုင်းဝန်းပါဝင် ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒေသခံ မြို့တိုင်းရင်းသားများအတွက် ဆန်အိတ် ၂၉၀၊ ဆီ ၉၇ ပုံး၊ ပဲ ၁၈ အိတ်၊ ဆား ခုနစ်အိတ်၊ ကြက်သွန်နီ ၄၈ အိတ်၊ အာလူး ၄၈ အိတ်၊ ငရုတ်သီးခြောက် ငါးအိတ်၊ နို့မှုန့်ထုပ်များကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ခုံတိုင်ကျေးရွာနေ မြို တိုင်းရင်းသားများအတွက် နတလရွာ သစ်တည်ဆောက်ပေးရန် အိမ်ရာပန္နက်ရိုက်ပွဲသို့ တက်ရောက်၍ အိမ်ရာသစ်ပန္နက်တိုင်ကို စိုက်ထူပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အစ္စလာမ်ဘာသာဝင်များ နေထိုင်ရာ ပန်းတောပြင်ကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာသူ ကျေးရွာသားများ နှင့်တွေ့ဆုံကာ ဆန်၊ ဆီ၊ ပဲ၊ ဆား၊ ကြက်သွန်နီ၊ အာလူး၊ ငရုတ်သီးခြောက်နှင့် နို့မှုန့်ထုပ်တို့ကိုထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပန်းတောပြင်ကျေးရွာ၌ ကျန်းမာရေး စောင့်ရှောက်မှုပေးနေသည့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ရွေ့လျား ဆေးကုသအဖွဲ့နှင့်တွေ့ဆုံပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။ **(သတင်းစဉ်)**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် အောက်တိုဘာ ၁၆**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ယမန်နေ့က တောင်တရုတ်ပင်လယ်ပြင်တွင်ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း "ခနန်" (Khanun) သည် တုံကင်ပင်လယ်ကွေ့သို့ ရောက်ရှိခဲ့ပြီး အပူပိုင်းမုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားခဲ့သည်။ အဆိုပါအပူပိုင်းမုန်တိုင်းငယ်သည် အနောက်ဘက်သို့ ဖြည်းညင်းစွာ ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် တောင်ပိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ **(မိုး/ဇလ)**

# လူနာများသည် ဝေဒနာပျောက်ကင်းရေးအတွက် ဆေးရုံသို့အားကိုးတကြီးဖြင့်လာရောက်ကြသဖြင့် မသိ၍မှားယွင်းမှုကို ခွင့်လွှတ်ပြီးပြုစုကုသ

**နေပြည်တော် အောက်တိုဘာ ၁၆**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးသည် အောက်တိုဘာ ၁၃ ရက် မွန်းလွဲပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ သူနာပြုသားဖွားသင်တန်းကျောင်းသို့ရောက်ရှိပြီး Skill Lab Room နှင့် Demonstration Room တို့တွင် လက်တွေ့သင်ကြားပြသနေမှုများ၊ သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မုံရွာမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး ပြင်ပလူနာဌာန၊ ခွဲစိတ်ကုသဆောင်၊ကျောက်ကပ်သွေးသန့်စင်ခန်း၊ ခွဲစိတ်ခန်း၊ အကြောအဆစ်နှင့် ပြန်လည်သန်စွမ်းရေးအထူးကုဌာန၊ ဆေးသိုလှောင်ခန်းများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ သူနာပြုများအားတွေ့ဆုံကာ လူနာများသည် ဝေဒနာပျောက်ကင်းသက်သာရေးအတွက် ဆေးရုံသို့ အားကိုးတကြီးဖြင့် လာရောက်ကြသူများဖြစ်ပါ၍ မသိ၍ မှားယွင်းမှုကို ခွင့်လွှတ်နားလည်ပြီး ပြုစုကုသပေးရန်၊ လူနာများဆေးရုံမှ ဆင်းသည့်အခါ ဆက်လက်သောက်ရမည့်ဆေးနှင့် ကျန်းမာရေးပညာပေးခြင်းကို စနစ်တကျဆောင်ရွက်ရန်မှာကြားပြီး တင်ပြတောင်းခံချက်များမှ ဆောင်ရွက်ပေးနိုင်သည့် ကိစ္စများကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကာ ရေရှည်ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် ကိစ္စများကို အပိုင်းလိုက်၊ အဆင့်လိုက် ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများနှင့် ညှိနှိုင်းပေးခဲ့သည်။ ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ခတက္ကန်ကျေးလက်ကျန်းမာရေးဌာနတွင် အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မုံရွာမြို့ရှိ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေး ခုတင် ၂၀၀ ဆံ့ အမျိုးသမီး၊ သားဖွားနှင့် ကလေးအထူးကု ဆေးရုံကြီး၏ ပြင်ပလူနာဌာန၊ သားဖွားမီးယပ်ကုသဆောင်၊ ခွဲစိတ်ခန်း၊ ကလေးကုသဆောင်၊ သားဖွားဆောင်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တင်ပြတောင်းခံချက်များမှ ဆောင်ရွက်ပေးနိုင်သည့် ကိစ္စများကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ချောင်းဦးမြို့နယ် ပြည်သူ့ဆေးရုံ နတ်ရေကန်ကျေးလက်ကျန်းမာရေးဌာန စစ်ကိုင်းမြို့ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၏ ပြင်ပလူနာဌာနတို့အား ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)



# ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ဒေသခံပြည်သူများကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေး

**ဘားအံ အောက်တိုဘာ ၁၆**

ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ဦးဆောင်သော ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဒေသခံပြည်သူများသည် အောက်တိုဘာ ၁၄ ရက် နံနက် ၁၀ နာရီခန့်က ဘားအံမြို့နယ် ဝတ်ကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ရေးနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။




ရှေးဦးစွာ ဝတ်ကြီးတိုက်ကျောင်း ဆရာတော် ဘဒ္ဒန္တဏာဂုညမှ ဩဝါဒမြွက်ကြားပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ဝတ်ကြီးကျေးရွာအုပ်စုအတွင်း နှစ်(၃၀) BOD စနစ်ဖြင့် အမေရိကန်ဒေါ်လာ သန်းပေါင်း သုံးထောင်ခန့် ရင်းနှီးမြှုပ်နှံ၍ TOYO Thai Power Myanmar Co.,Ltd-TTCL မှ တည်ဆောက်မည့် လျှပ်စစ်ဓာတ်အား (၁၂၈၀မဂ္ဂါဝပ်) ထွက်ရှိသည့် ခေတ်မီကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ ဒေသခံပြည်သူများအား ရှင်းလင်းပြောကြားရာတွင် မိမိတို့အစိုးရအနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လျှပ်စစ်မီးရရှိရေးသည် ပထမဦးစားပေးဖြစ်ကြောင်း၊ လျှပ်စစ်မီးလိုအပ်သည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း၊ မီးမရှိလျှင် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျမည်ဖြစ်ကြောင်း၊ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့်ပတ်သက်၍ အများပြည်သူတို့၏ စိုးရိမ်ပူပန်မှုကို အပြည့်အဝ တာဝန်ယူပါကြောင်း၊ ဒီမိုကရေစီအစိုးရဖြစ်သည့်အတွက် ပွင့်လင်းမြင်သာစွာဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောက်မီးသွေးသည် အဆိပ်အတောက်ရှိသည်မှန်သော်လည်းခေတ်မီအဆင့်မြင့် နည်းပညာများဖြင့်ဖယ်ရှား၍ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံး နည်းပညာကို ဂျပန်နိုင်ငံမှ စက်သစ်များဖြင့် တည်ဆောက်မည်ဖြစ်သည့်အတွက် အမှုန်အမွှား မီးခိုးပင်မထွက်ကြောင်း၊ အများပြည်သူကျေနပ်သည်အထိ ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အဆိုပါစက်ရုံကြီး ပြီးစီးလည်ပတ်ပါက ဒေသခံပြည်သူများအနေဖြင့် မိမိဒေသ မိမိပြည်နယ်တွင် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိ၍ အိုးမကွာအိမ်မကွာ အလုပ်လုပ်ကိုင်နိုင်မည် ဖြစ်ကြောင်း စသည်ဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားရာ တက်ရောက်လာသော တံတားဦး၊ ကျောက်တစ်လုံး၊ ဝင်းဒရယ်၊ မိကရင်၊ ကျုံမသွယ်၊ အီဟယ်၊ မိဇိုင်း၊ တကောင်ဘိုး၊ နောင်ကျန်၊ ဘင်ဂျီ၊ ဝတ်ကြီးကျေးရွာများမှ ဒေသခံပြည်သူများက ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် စပ်လျဉ်း၍ မရှင်းလင်းသည်များ၊ သိရှိလိုသည်များ၊ စိုးရိမ်ပူပန်မှုများအား တင်ပြဆွေးနွေးကြကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အပြန်အလှန် မေးခွန်းများ မေးမြန်း၍ ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ပြည်နယ်တာဝန်ခံက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအား ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်သည် အဆိုပါစက်ရုံတည်ဆောက်မည့် မြေနေရာ ၀၀ ဒသမ ၇၈ ဧက အနက်မှ လယ်မြေပိုင်ရှင်များနှင့် ရော်ဘာခြံပိုင်ရှင်များအား မြေယာလျော်ကြေး၊ သီးနှံလျော်ကြေးကိစ္စရပ်များနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းသန်းသန်းလွင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးစောသန်းထွဋ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝတ်ကြီးကျေးရွာနှင့်အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများ စုစုပေါင်း ၁၂၀၀ ဦးခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

# လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ပေးအပ်ပွဲအခမ်းအနားကျင်းပ

**ပင်းတယ အောက်တိုဘာ ၁၆**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ပွေးလှကျေးရွာအုပ်စုနှင့် မိုင်းလီကျေးရွာအုပ်စုတို့၏ သက်ဆိုင်ရာကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ အောက်တိုဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ပေးအပ်ပွဲ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက အမှာစကားပြောကြားပြီး Mercy Corps စီမံကိန်း မန်နေဂျာက မိမိတို့လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီးနောက် ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလွင်ဦးနှင့် တာဝန်ရှိသူများက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ကို ပေးအပ်ရာ ပွေးလှတိုက်နယ်နှင့် မိုင်းလီတိုက်နယ်ရှိ သက်ဆိုင်ရာ ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌတို့က လက်ခံယူကြသည်။

ပင်းတယမြို့နယ်၌ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၇) ထုတ်ပေးရန် စုစုပေါင်း ကျေးရွာအုပ်စု ၂၇ အုပ်စုမှ တောင်သူပေါင်း ၁၉၅၁၄ ဦးတို့အား ဦးပိုင်ပေါင်း ၃၃၃၁၆ ဦးပိုင် ထုတ်ပေးရန် လျာထားခဲ့ပြီး ယခုအခါ ပွေးလှတိုက်နယ်နှင့် မိုင်းလီတိုက်နယ်တို့မှ တောင်သူပေါင်း ၁၇၉၀၊ ဦးပိုင်ပေါင်း ၂၄၂၄ ဦးပိုင်အား ပေးအပ်ပြီးဖြစ်သဖြင့် ယနေ့ထိ ကျေးရွာအုပ်စု ၂၇ အုပ်စုမှ စုစုပေါင်း တောင်သူဦးရေ ၁၆၂၁၁ ဦး၊ ဦးပိုင်ပေါင်း ၃၀၂၉၃ ဦးပိုင်ထုတ်ပေးပြီး ကျန်ရှိသည့် တောင်သူများအား ပုံစံ (၇) ရရှိရန်အတွက် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၌ ပုံစံ(၁) ဖြင့် လျှောက်ထားလျက်ရှိကြောင်း သိရပြီး အဆိုပါ ပေးအပ်ပွဲအခမ်းအနားတွင် ကျေးရွာနေတောင်သူများအတွက် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများ ရှင်းလင်းဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ခင်မျိုးနွယ်(ပင်းတယ)

# “က”ယာဉ်မောင်းလိုင်စင်အသစ်များနှင့် ယာဉ်/ယာဉ်မောင်းလိုင်စင် မှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များ ကွင်းဆင်းဆောင်ရွက်

**ဖယ်ခုံ အောက်တိုဘာ ၁၆**

ဖယ်ခုံမြို့ မြို့နယ်ခန်းမဆောင်နှင့် မိုးဖြဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတို့တွင် အောက်တိုဘာ ၁၅ ရက်က “က” ယာဉ်မောင်းလိုင်စင် အသစ်များနှင့် ယာဉ်/ယာဉ်မောင်းလိုင်စင် မှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ “က” ယာဉ်မောင်းလိုင်စင်အသစ်များ ဆောင်ရွက်ပေးခြင်း၊ ယာဉ်/ယာဉ်မောင်းလိုင်စင် မှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ရုံးခွဲ (အောင်ပန်း)မှ ဦးစီးမှူး ဦးအောင်ကျော်ဦးနှင့်အဖွဲ့က ဖယ်ခုံမြို့ မြို့နယ်ခန်းမဆောင်တွင် “က” ယာဉ်မောင်းလိုင်စင်အသစ်များ ဆောင်ရွက်ပေးခြင်း၊ ယာဉ်မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများနှင့် ယာဉ်မောင်း လိုင်စင်ဆိုင်ရာလုပ်ငန်းများကို လည်းကောင်း၊ စစ်ဆေးရေးမှူး ဦးပြည့်စုံဟိန်းနှင့်အဖွဲ့က မိုးဖြဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် “က” ယာဉ်မောင်းလိုင်စင်အသစ်များကို လည်းကောင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ “က” ဆိုင်ကယ်မောင်းလိုင်စင်ဖြေဆိုသူများအား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ပညာပေးဟောပြော၍ ယာဉ်မောင်းလိုင်စင်များ စစ်ဆေးထုတ်ပေးခြင်း၊ ယာဉ်/ယာဉ်မောင်းလိုင်စင် မှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များကို စနစ်တကျဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းနယ်လှည့်ကွင်းဆင်းခြင်း လုပ်ငန်းတွင် ဖယ်ခုံ၌ “က” ယာဉ်မောင်းလိုင်စင်အသစ် ဖြေဆိုသူ ၈၀ ၊ ယာဉ်မှတ်ပုံတင်ခြင်းလုပ်ငန်း ကိုးစီး၊ ယာဉ်မောင်းလိုင်စင်လုပ်ငန်း ၄၇ စောင်နှင့် မိုးဖြဲတွင် “က” ယာဉ်မောင်းလိုင်စင်အသစ်ဖြေဆိုသူ ၂၉၈ ဦး တို့အား ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ကိုထွေး(ဖယ်ခုံ)

# စာကြည့်တိုက်များရှင်သန်ဖွံ့ဖြိုးရေး ဆွေးနွေး

**လယ်ဝေး အောက်တိုဘာ ၁၆**

နေပြည်တော် လယ်ဝေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးဆွေးနွေးပွဲကို အောက်တိုဘာ ၁၅ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က အမှာစကားပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းက စာကြည့်တိုက်များရှင်သန်ဖွံ့ဖြိုးခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကာ ပြည်ထောင်စုနယ်မြေ စာကြည့်တိုက်များဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးဝင်းမြတ်ကျော်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နေပြည်တော် စာပေစကားဝိုင်းမှ စာရေးဆရာမျိုးမြင့်(မြန်မာစာ)က စာပေဖတ်ရှုရခြင်း၏ အကျိုးကျေးဇူးများအား ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသည့် မြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက် ၂၀ မှ ကော်မတီဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာကြည့်တိုက်မှူးများက အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ကျော်စွာ(လယ်ဝေး)

# လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် အောက်တိုဘာ ၁၆**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် ခြောက်ပေမှ ကိုးပေခန့်ရှိနိုင်သည်။ (မိုး/ဇလ)

# ရွှေ့ပြောင်းနေထိုင်မှု လျော့ပါးရေး၊ ကျေးလက်ဖွံ့ဖြိုးရေးနှင့် စားရိက္ခာဖူလုံရေးအတွက် မြှုပ်နှံပေး

Kဇင်သစ် (မန်းတက္ကသိုလ်)

နှစ်စဉ် အောက်တိုဘာလ ၁၆ ရက်နေ့သည် ကမ္ဘာ့စားနပ်ရိက္ခာနေ့ ဖြစ်ပါသည်။ လူသားတို့သည် စားနပ်ရိက္ခာဖူလုံပြည့်စုံနေမှ ဘဝ ရှင်သန်ရပ်တည်နိုင်ရန် အခွင့်အလမ်းကောင်းများ ရှိနေမည် ဖြစ်ပါ သည်။ စားနပ်ရိက္ခာဖူလုံ ပြည့်စုံစေရေး စိုက်ပျိုး-မွေးမြူရေး ထုတ်ကုန်များ စဉ်ဆက်မပြတ် ထုတ်လုပ်နေရန် အရေးကြီးလှ ပါသည်။ ကမ္ဘာ့လူဦးရေသည် နေ့စဉ်နှင့်အမျှ တိုးပွားမှုတွေရှိလာ သော်လည်း စိုက်ပျိုးစရာမြေတော့ ပုံစံခွက်ချပြီးသား အနေ အထားရှိသည်ကို တွေ့ရမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုး၊ မွေးမြူရန် လုံလောက်သော မြေကေများ ပိုင်ဆိုင်နေပြီး စိုက်ပျိုး ၍ရနိုင်သည့် ရာသီဥတုကို ခံစားခွင့်ရှိနေသည်ဟု ဆိုလျှင် လည်း ရနိုင်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနသည် **"အားလုံးပါဝင်ပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင် နိုင်စွမ်းရှိ သည့် ရေရှည်တည်တံ့သော လယ်ယာကုန်ထုတ်လုပ်မှု စနစ် ထွန်းကားစေခြင်းဖြင့် စားနပ်ရိက္ခာဖူလုံ၍ အာဟာရပြည့်ဝ စေပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေ ရန်နှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်"** ဟု မျှော်မှန်းထားသည့်အတွက် အစာအာဟာရပြည့်ဝမှုနဲ့ ဘေးကင်းလုံခြုံစိတ်ချရသည့် စားရေရိက္ခာများ ဖူလုံပြည့်စုံစွာ ရရှိအောင် ဆိုင်ရာဌာနများနှင့် စိုက်ပျိုးမွေးမြူသူတို့က ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် စားရေရိက္ခာဖူလုံရေးတွင် ပိုမိုရင်းနှီးမြှုပ်နှံမှုပေးခြင်းဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှု ကို အထောက်အကူ ဖြစ်စေပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးလာ သည်နှင့်အမျှ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာမည် ဖြစ်ပေသည်။ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာခြင်းကြောင့် ယင်းတို့နေထိုင်ရာ ကျေးရွာများတွင် လယ်ယာလုပ်ငန်းများအပြင် အခြားသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို စိတ်ချမ်းမြေ့ဖွယ် လုပ်ကိုင်ဆောင်ရွက်နိုင်ကြမည် ဖြစ်ပေသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဩဂုတ်လအတွင်းက သွားရောက်ခဲ့သည့် ဝမ်းတွင်းမြို့နယ် မြေတိုင်ကန်ကျေးရွာနေ ပြည်သူများသည် ၎င်းတို့ နေထိုင်ရာဒေသတွင်ပင် စိတ်ချမ်းမြေ့ဖွယ် ရှင်သန် ရပ်တည်နေကြသည်ကို တွေ့ရမည် ဖြစ်ပါသည်။ ကျေးလက်နေ ပြည်သူများ ၎င်းတို့ဒေသတွင် ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ကြ ခြင်းကြောင့် မြို့ကြီးပြကြီးနှင့် အခြားနိုင်ငံများသို့ အလုပ်သွား ရောက်လုပ်ကိုင်ကြသည့် အခြေအနေတွေလည်း လျော့နည်း ပပျောက်သွားနိုင်မည် ဖြစ်ပေသည်။ ရွှေ့ပြောင်း အလုပ်သမား၊ နေရပ်စွန့်ခွာသွားလာနေကြရသူများသည် ကမ္ဘာနှင့်အဝန်း တိုး တက်များပြားလာနေသည်ကို ကြားသိမြင်တွေ့နေရပါသည်။ သဘာဝဘေး၊ စစ်မက်ဖြစ်ပွားမှု၊ အကြမ်းဖက်တိုက်ခိုက်မှုများ ကြောင့် ရွှေ့ပြောင်းလုပ်သားဦးရေ တိုးပွားလာရခြင်းမျိုးဖြစ်နိုင် သလို "ရေကြည်ရာ မြက်နုရာ" ဆိုသလို ကျေးလက်ဒေသများ တွင် အလုပ်အကိုင်ရှားပါးမှု၊ ဝင်ငွေနည်းပါးမှုတွေကြောင့် ဒေသ ပြောင်းရွှေ့လုပ်ကိုင်သူများ များပြားလာရခြင်း ဖြစ်နိုင်ပေသည်။

အစိုးရသစ်လက်ထက်တွင် တိကျခိုင်မာကောင်းမွန်သည့် လယ်ယာကဏ္ဍမူဝါဒ၊ လုပ်ငန်းစဉ်များကို ချမှတ်အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိနေသည်ကို တွေ့နေရပါသည်။ အဆိုပါ လယ်ယာမူဝါဒတစ်နည်းစိုက်ပျိုးရေး မူဝါဒများကို ထိရောက်၊ လေးနက်ပြည့်စုံစွာ ဘက်ပေါင်းစုံမှ ပုံဖော်ပေးနိုင်ရန် အတွက် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ Agriculture Development Strategy (ADS) ကို ရေးဆွဲလျက် ရှိပြီး Investment Plan ရင်းနှီးမြှုပ်နှံမှုစီမံချက် ပါဝင်နေ ပါသည်။ လယ်ယာကဏ္ဍနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးတွင် လုံလောက်ပြည့်စုံစွာ ရင်းနှီးမြှုပ်နှံရန် စိုက်ပျိုးမွေးမြူရေးထုတ် ကုန်များ အရည်အသွေးကောင်းမွန်ရန်နှင့် ဘေးကင်းလုံခြုံရန်၊ အမယ်စုံ သီးနှံများ စိုက်ပျိုးထုတ်လုပ်ရေး၊ ဈေးကွက်နှင့် ကိုက်ညီ ပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် လယ်ယာထွက်ကုန်များရရှိနိုင်ရေး၊ စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အလေ့ အကျင့်ကောင်းများ ဆောင်ရွက်နိုင်ကြရန် ရင်းနှီးမြှုပ်နှံမှု ပမာဏ ကိုတိုးမြင့်စွာ ADSIP တွင် ပါဝင်နေခြင်းကလည်း အားတက် ဖွယ်ရာ ဖြစ်မိပါသည်။ တိုးချဲ့ပညာပေးရေး၊ ကွင်းဆင်းနည်းပြ လုပ်ငန်း၊ ဈေးကွက်ဖော်ဆောင်ရေး သတင်း အချက်အလက်နည်း ပညာ တိုးမြှင့်ဆောင်ရွက်ရန် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ထားခြင်းက လည်း သီးနှံအထွက်တိုးရေး၊ စားရေရိက္ခာဖူလုံရေးတွင် များစွာ အထောက်အကူပြုနေမည်ဟု ယုံကြည်မိပါသည်။

ADS ပါ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနအောက်ရှိ ဌာနများ၏ ၂၀၁၇-၂၀၁၈ မှ ၂၀၂၁-၂၀၂၂ ထိ ငါးနှစ်စာ ရင်းနှီးမြှုပ်နှံမှုပမာဏကို ဖော်ပြပါအတိုင်း တွေ့ရ ပါသည်-

**ဌာနအားလုံး၏ ရင်းနှီးမြှုပ်နှံမှုစီမံချက်ပါ (၅)နှစ်စာ ဘတ်ဂျက်ခွဲဝေမှု**

ကျပ်သန်း

| ဌာန | ၂၀၁၇-၁၈ | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ | ၂၀၂၀-၂၁ | ၂၀၂၁-၂၂ | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| ဝန်ကြီးရုံး | ၅၃၀ | ၇၆၁ | ၅၉၉ | ၆၁၀ | ၆၆၀ | ၃၁၆၀ | ၀.၁၃၈ % |
| ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန | ၃၅၃၀၀ | ၆၁၂၀၀ | ၈၂၃၅၀ | ၁၀၂၆၀၀ | ၁၀၇၈၅၀ | ၃၉၉၃၀၀ | ၁၇.၄၃၁ % |
| လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | ၄၃၅၅ | ၈၄၀၀ | ၁၁၈၂၀ | ၉၃၇၀ | ၇၃၀၀ | ၄၁၂၅၅ | ၁.၈၀၁ % |
| စက်မှုလယ်ယာဦးစီးဌာန | ၅၀၆၃၀ | ၉၁၇၂၉ | ၃၈၂၃၅ | ၃၃၄၆၉ | ၃၂၅၇၉ | ၂၄၆၆၄၀ | ၁၀.၇၆၇% |
| စီမံကိန်းဦးစီးဌာန | ၈၈၄၆ | ၁၅၈၇၀ | ၁၅၃၇၅ | ၁၃၅၈၉ | ၁၂၆၄၉ | ၆၆၃၂၉ | ၂.၈၉၅ % |
| ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် | ၇၅၀ | ၁၈၆၅ | ၁၇၅၀ | ၁၅၀၀ | ၅၀၀ | ၆၃၆၅ | ၀.၂၇၈ % |
| စိုက်ပျိုးရေးသုတေသနဦးစီးဌာန | ၇၃၂၅ | ၁၄၅၃၀ | ၁၅၉၀၅ | ၁၁၇၇၅ | ၈၉၂၅ | ၅၈၄၆၀ | ၂.၅၅၂ % |
| စိုက်ပျိုးရေးဦးစီးဌာန | ၄၀၅၂၅ | ၅၉၇၁၀ | ၆၅၁၂၁ | ၇၂၂၃၄ | ၆၈၇၁၈ | ၃၀၆၃၀၇ | ၁၃.၃၇၁% |
| ငါးလုပ်ငန်းဦးစီးဌာန | ၅၄၅၀ | ၁၂၅၅၀ | ၁၅၅၀၀ | ၁၀၄၀၀ | ၇၂၀၀ | ၅၁၁၀၀ | ၂.၂၃၁ % |
| မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | ၂၇၈၂၇ | ၄၆၀၈၆ | ၄၃၁၁၂ | ၃၄၂၇၇ | ၃၈၉၃၇ | ၁၉၀၂၃၉ | ၈.၃၀၅ % |
| မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် | - | ၆၀၀ | - | - | - | ၆၀၀ | ၀.၀၂၆ % |
| ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန | ၂၀၃၄၈၀ | ၉၂၁၁၀ | ၉၅၈၄၈ | ၉၈၀၂၂ | ၁၀၁၅၇၃ | ၅၉၁၀၃၃ | ၂၅.၈၀၁% |
| သမဝါယမဦးစီးဌာန | ၆၂၁၄၁ | ၆၂၃၀၆ | ၆၂၄၆၁ | ၆၂၆၂၆ | ၁၄၃၄၃ | ၂၆၃၈၇၇ | ၁၁.၅၁၉% |
| အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန | ၁၇၀၇ | ၆၃၀၉ | ၉၅၁၁ | ၉၅၁၂ | ၈၀၁၄ | ၃၅၀၅၃ | ၁.၃၅၆ % |
| မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | ၂၀၉၅ | ၅၄၂၀ | ၈၃၅၅ | ၈၀၉၅ | ၇၀၉၅ | ၃၁၀၆၀ | ၁.၃၅၆ % |
| စုစုပေါင်း | ၄၅၀၉၆၀ | ၄၇၉၄၄၅ | ၄၇၅၉၄၁ | ၄၆၈၀၇၉ | ၄၁၆၃၅၃ | ၂၂၉၀၇၇၈ | ၁၀၀.၀၀၀ % |

**ဇာစ်မြစ်။** ADSIP (တတိယမူကြမ်း)

လယ်ယာကဏ္ဍ၊ စားနပ်ရိက္ခာဖူလုံပြည့်စုံရေးနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ငွေကျပ် ၂၂၉၀ ဘီလီယံ ရင်းနှီး မြှုပ်နှံရန် စီမံထားမှုက အနာဂတ်ကာလ ကျေးလက်ဒေသများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းရေးနှင့် ဝင်ငွေတိုးတက် ရရှိလာနိုင်ပြီး ကျေးလက်နေပြည်သူများ ၎င်းတို့နေထိုင်ရာဒေသ များတွင် စိတ်ချမ်းမြေ့စွာ ဘဝရှင်သန်ရပ်တည်လာနိုင်တော့မည် လည်း ဖြစ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံပေးခြင်းသည် နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကို လူမှုစီးပွားဘဝမြင့်မားအောင် လုပ်ဆောင်ပေးခြင်းလည်း ဖြစ်ပေသည်။

၂၀၁၇ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ (World Food Day) ဆောင်ပုဒ်မှာ **"ရွှေ့ပြောင်းနေထိုင်မှု လျော့ပါးရေး၊ ကျေးလက် ဖွံ့ဖြိုးရေးနှင့် စားရိက္ခာဖူလုံရေးအတွက် မြှုပ်နှံပေး"** Change the Future of migration - Invest in Food Security and Rural Development ဖြစ်ပါသည်။ မိမိတို့ နိုင်ငံသည် လည်း FAO အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့်အတွက် ကမ္ဘာ့ စားနပ်ရိက္ခာနေ့ဆောင်ပုဒ်ပါ နှိုးဆော်ချက်ကို လိုက်နာအကောင် အထည်ဖော်ရမည်ဖြစ်ရာ ရွှေ့ပြောင်းလုပ်သားများ လျော့နည်း သွားအောင် ပြောင်းလဲနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေး ထုတ်ကုန် များကို တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ အစားအစာ ဖူလုံပြည့်စုံ ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍများတွင် ပိုမိုရင်းနှီးမြှုပ်နှံ ကြရန် မလွဲမသွေ လုပ်ဆောင်ကြရမည် ဖြစ်ပေသည်။ အစား အစာဖူလုံပြည့်စုံရန်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ဆောင် ကြရာတွင် အစိုးရတစ်ခုတည်းတွင်သာ တာဝန်ရှိနေခြင်းမျိုး မဟုတ်ဘဲ ယင်းတို့နှင့်ဆက်စပ်နေသည့် လူမှုအဖွဲ့အစည်း NGO, INGO များ၊ ကျေးလက်နှင့် တောင်သူလယ်သမားအဖွဲ့အစည်း များ၊ ကျေးရွာ သမဝါယမအသင်းများစသည့် အဖွဲ့အစည်းများက လည်း တတ်စွမ်းသမျှ ပါဝင်ကူညီရန်လိုမည် ဖြစ်ပါသည်။ စိုက်ပျိုး၊ မွေး မြူရေး နယ်ပယ်နှင့် ကျေးလက်နေအခြေခံပြည်သူများ၏ ဝါယမ စိုက်ထုတ် ပူးပေါင်းပါဝင်ခြင်းကလည်း ကျေးလက်ဖွံ့ဖြိုး ရေးလုပ်ငန်းစဉ်များကို လျင်မြန်စွာ အကောင်အထည်ဖော်မှု အပိုင်းတွင် လုံးဝဥဿုံ အထောက်အကူပြုနေမည်မှာ သေချာ ပါသည်။

အစိုးရ၊ အရပ်ဘက်အဖွဲ့အစည်း၊ တောင်သူတို့သည် ကျရာ အခန်းကဏ္ဍတွင် ကိုယ်စီတာဝန်ယူခြင်းဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေး၊ အစားအစာပေါ်များ ကြွယ်ဝရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံပေးခြင်းက ရွှေ့ပြောင်း လုပ်သားတို့၏ အနာဂတ်ကိုထိရောက်စွာ ပြောင်းလဲပေးနိုင်မှာ လည်း အမှန်ဖြစ်ပေသည်။ ADSIP ပါ ငါးနှစ်စာ ရင်းနှီးမြှုပ်နှံမှုကို Donor များကလည်း ကူညီဖြည့်ဆည်းပေးကြမည်ဖြစ်သော ကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ရင်းနှီးမြှုပ်နှံမှုကို လက်တွေ့ ကျကျ ဖော်ဆောင်နိုင်တော့မည် ဖြစ်ပေသည်။ ငါးနှစ်စာ ရင်းနှီး မြှုပ်နှံမည့် ငွေကျပ် ၂၂၉၀ ဘီလီယံနှင့်ပတ်သက်၍ ၂၀၁၇ ခုနှစ် ထုတ် World Bank ၏ Myanmar Agricultural Public Expenditure Review တွင် ဖော်ပြပါအတိုင်း တွေ့ရှိရပါသည်-

| ရင်းနှီးမြှုပ်နှံပေးမည့်အဖွဲ့ | ကျပ်(ဘီလီယံ) | ရာခိုင်နှုန်း |
|---|---|---|
| အစိုးရ | ၇၇၂ | ၃၄ % |
| အလှူရှင်အဖွဲ့ | ၁၄၀၆ | ၆၁ % |
| ပုဂ္ဂလိက | ၆၅ | ၃ % |
| လယ်သမား | ၄၃ | ၂ % |
| စုစုပေါင်း | ၂၂၉၀ | ၁၀၀ % |

**ဇာစ်မြစ်။** World Bank ၏ Agriculture Expenditure Review (2017)

မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေး၊ ကျေးလက်မီးလင်းရေး နှင့် သောက်သုံးရေရရှိရေး၊ စက်မှုလယ်ယာဖော်ဆောင်ရေး၊ မြေကြီးမြေပုံ မှန်ကန်ရေး၊ ဆည်ရေကို အကျိုးရှိစွာ အသုံးချရေး၊ စိုက်ပျိုးသီးနှံမျိုးကောင်းမျိုးသန့်ရရှိရေး၊ တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်ရေး၊ နည်းပညာ-ဈေးကွက်ရရှိရေး၊ လယ်ယာအခြေခံ စက်မှုလက်မှု လုပ်ငန်းဖွံ့ဖြိုးရေး၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအတွက် စွမ်းဆောင်မှုမြှင့်တင်သင်တန်းပေးရေး တို့တွင် ရင်းနှီးမြှုပ်နှံနိုင်ရန် ADSIP တွင် ပါဝင်နေခြင်းကလည်း ကျေးလက်ဖွံ့ဖြိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေးအတွက် ရင်းနှီး မြှုပ်နှံခြင်းများဖြစ်နေသည်ကို တွေ့ရမည် ဖြစ်ပါသည်။ သမဝါယမ များက ဆောင်ရွက်ပေးလျက်ရှိသည့် စိုက်ပျိုးစရိတ်ထုတ်ပေး ခြင်း၊ လယ်ယာသုံး စက်ကိရိယာများအား အရစ်ကျစနစ်ဖြင့် ဆောင်ရွက်ပေးခြင်း၊ လယ်ယာမြေ အဆင့်မြှင့်တင်ပေးခြင်း၊ လယ်ယာဝန်ဆောင်မှုနှင့် သွင်းအားစု ထောက်ပံ့ပေးခြင်းတို့သည် လည်း လယ်ယာကဏ္ဍ တစ်နည်း အစာအာဟာရဖူလုံရေး ရင်းနှီး မြှုပ်နှံမှုနှင့် ကျေးလက်နေပြည်သူများ ဝင်ငွေရရှိရေးတို့ကို လုပ်ဆောင်ပေးနေခြင်းလည်း ဖြစ်ပေသည်။

အချုပ်ဆိုရသော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာ ဌာနအားလုံး၏ နှစ်အလိုက် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာပါ ရင်းနှီးမြှုပ်နှံမှုများကို အစိုးရ၊ လွှတ်တော်၊ ပုဂ္ဂလိက၊ Donor (အလှူရှင်) အဖွဲ့အစည်း များက ဝိုင်းဝန်းကူညီပေါင်းစပ် လုပ်ဆောင်ပေးခြင်းဖြင့် အစား အစာဖူလုံပြည့်စုံမှုနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာ မည်မှာ သေချာပါသည်။ သို့ဖြစ်၍ ရွှေ့ပြောင်း လုပ်ကိုင်သူတို့၏ အနာဂတ်သည်လည်း ကောင်းမွန်သော ပြောင်းလဲခြင်းမျိုးဖြစ် ပေါ်လာလိမ့်မည်ဟု ယုံကြည်မျှော်လင့်လျက် ယခုနှစ် ကမ္ဘာ့ စားနပ်ရိက္ခာနေ့ကို ဂုဏ်ပြုလိုက်ရပါတော့သည်။ ။

✻ ကျောဖုံးမှ

ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကူးစက်ရောဂါတိုက်ဖျက်ရေးဌာန ညွှန်ကြားရေးမှူး ဒေါက်တာထွန်းတင်က ပြောကြားသည်။

ရွှေ့လျား ကျန်းမာရေးအဖွဲ့သည် မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်အပါအဝင် ရခိုင်ပြည်နယ်၏ အခြားသောမြို့များတွင်လည်း ရွှေ့လျားဆေးကုသရေး အစီအစဉ်ဖြင့် ဆေးဝါးကုသမှုများဆောင်ရွက်လျက်ရှိပြီး မြို့ပေါ်နှင့် ကျေးရွာများရှိ ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ကာ ရွှေ့လျားဆေးဝါးကုသမှုအစီအစဉ်ကို ဆောင်ရွက်ခဲ့ကြောင်းနှင့် ရွာပေါင်း ၁၀၀ ခန့်အား ရွှေ့လျားဆေးအဖွဲ့ ၅၀ ကျော်ဖြင့် အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယနေ့တွင်လည်း ရွှေ့လျားကျန်းမာရေးအဖွဲ့သည် မောင်တောမြို့နယ်အတွင်းရှိ လောင်းဒုံကျေးရွာနှင့် ပန်းတောပြင်ကျေးရွာများသို့ သွားရောက်ဆေးဝါးကုသမှုများ ဆောင်ရွက်ခဲ့ပြီး ကျန်ရှိသည့် ကျေးရွာများတွင်လည်း ကျန်းမာရေးစောင့်ရှောက်မှုများ ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

## နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်းဖွင့်

**နေပြည်တော် အောက်တိုဘာ ၁၆**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၄၄ ကျောင်းမှ တိုင်းရင်းသား ကျောင်းသား ကျောင်းသူများအား လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထူးချွန်ထက်မြက်သူများဖြစ်အောင် လေ့ကျင့်ပြုစု သင်ကြားပေးလျက်ရှိသည့် သင်တန်းကျောင်းများမှ ကျောင်းအုပ်များနှင့် ဒုတိယကျောင်းအုပ်များ၏ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေး မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၁၇) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ကျင်းပခဲ့ရာ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦးက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူ ၄၆ ဦး တက်ရောက်ခဲ့ကြပြီး အဆိုပါ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်မှုသင်တန်းကို အောက်တိုဘာ ၁၆ ရက်မှ ၂၇ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။



**(သတင်းစဉ်)**

# (၉)ကြိမ်မြောက် ရှမ်းပြည်နယ်တောင်ပိုင်း ကယားအမျိုးသား စုပေါင်းအဲဒိုပေါ်မီပွဲ အခမ်းအနားကျင်းပ

**ဖယ်ခုံ အောက်တိုဘာ ၁၆**

ရှမ်းပြည်နယ်တောင်ပိုင်းရှိ ကယားအမျိုးသားများ၏ (၉)ကြိမ်မြောက် ကယားအမျိုးသား စုပေါင်းအဲဒိုပေါ်မီ အခမ်းအနားကို အောက်တိုဘာ ၁၄ ရက် နံနက် ၉ နာရီက ဖယ်ခုံမြို့နယ် ကုရင်ကျေးရွာအုပ်စု ရွှေစမ်းကျေးရွာ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ရှမ်းပြည်နယ် ကယန်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်အေးမောင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်ဇော်တို့က အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်တောင်ပိုင်း ကယားစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးလောရယ်က ကြိုဆိုနှုတ်ခွန်းဆက်စကားကိုလည်းကောင်း၊ ကယားပြည်နယ် ကယားစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ခူးပလုရယ်က အဲဒိုပေါ်မီအကြောင်းကိုလည်းကောင်း၊ ကယားသမ္မာကျမ်းစာဘာသာပြန်ရုံးမှ ဆရာမြာဒူးက ကယားစာပေနှင့် ယဉ်ကျေးမှုအကြောင်းကိုလည်းကောင်း၊ နောင်လိုင်ကျေးရွာ ကက်သလစ်ဘုန်းတော်ကြီးနှင့် ဒီမော့ဆိုမှ ဗုဒ္ဓဘာသာဘုန်းတော်ကြီးတို့က အားပေးစကားများကို လည်းကောင်း၊ ရွှေစမ်းအသင်းတော် ဆရာတော်ယာကုပ်တို့က ကျေးဇူးတင်စကားကိုလည်းကောင်း အသီးသီး ပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ အဲဒိုပေါ်မီပွဲတော်အတွက် ကျင်းပခဲ့သော အားကစားပြိုင်ပွဲများတွင် ဆုရရှိသည့်ကျေးရွာများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး ရွှေစမ်းအသင်းတော်မှ တယောတေးဂီတဖြင့် တီးခတ်ဖျော်ဖြေခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ဗုဒ္ဓဘာသာဘုန်းတော်ကြီး၊ ကက်သလစ်ဘုန်းတော်ကြီး၊ ကယန်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရှမ်းပြည်နယ်တောင်ပိုင်း ကယားစာပေနှင့် ယဉ်ကျေးမှုကော်မတီဝင်များ၊ ကယားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ကျေးရွာများမှ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြောင်း သိရသည်။

**ကိုထွေး (ဖယ်ခုံ)**



# သရက်မြို့ တူရကီစစ်သင်္ချိုင်းစောင့်ရှောက်မှုနှင့် ပြုပြင်ထိန်းသိမ်းရေးဝန်ဆောင်မှုစာချုပ် ချုပ်ဆို




**သရက် အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့မြောက်ဘက် နှစ်မိုင်ခန့်အကွာရှိ တူရကီစစ်သင်္ချိုင်းကို သရက်မြို့နယ်စည်ပင်သာယာရေး ကော်မတီနှင့် မြန်မာနိုင်ငံဆိုင်ရာ တူရကီသံရုံး သံအမတ်ကြီးတို့က တူရကီစစ်သင်္ချိုင်းဝန်ဆောင်မှုနှင့် ပြုပြင်ထိန်းသိမ်းရေးနှင့်ပတ်သက်သော ဝန်ဆောင်မှုပဋိညာဉ်စာချုပ် ချုပ်ဆိုခြင်း လက်မှတ်ရေးထိုးပွဲအခမ်းအနားကို အောက်တိုဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီက သရက်မြို့စည်ပင်သာယာရုံး၌ ကျင်းပသည်။

ပဋိညာဉ်စာချုပ်ချုပ်ဆိုရာတွင် သရက်မြို့နယ်စည်ပင်သာယာရေးကော်မတီကိုယ်စား အတွင်းရေးမှူး ဦးသိန်းနိုင် အမှုဆောင်အရာရှိနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ တူရကီသံရုံးကိုယ်စား H.E.Mr. Kerem Divan Liogln တို့ လက်မှတ်ရေးထိုးကြပြီး အသိသက်သေများအဖြစ် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်စိုးနှင့် တူရကီသံရုံး ဒုတိယအတွင်းဝန် Mr. Ahmet Keten တို့ လက်မှတ်ရေးထိုးကြသည်။

ပဋိညာဉ်စာချုပ်ကို မြန်မာဘာသာ၊ တူရကီဘာသာ၊ အင်္ဂလိပ်ဘာသာ သုံးမျိုးဖြင့် လက်မှတ်ရေးထိုး ချုပ်ဆိုကြသည်။

၂၀၁၆ ခုနှစ် မတ် ၂၉ ရက်က ချုပ်ဆိုခဲ့သော ပဋိညာဉ်စာချုပ်ကို ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၈ ခုနှစ် မတ် ၃၁ ရက်အထိ ပဋိညာဉ်စာချုပ်အပိုဒ်(၁၂)အရ အသစ်ပြန်လည်ချုပ်ဆိုခြင်းဖြစ်သည်။ ဤစာချုပ်သည် လက်မှတ်ရေးထိုးသည့်နေ့မှစ၍ အာဏာသက်ရောက်မှုရှိသည်။ တူရကီစစ်သင်္ချိုင်းကို ၂၀၁၄ ခုနှစ်က တူရကီသံရုံးမှ ဦးစီး၍ အသစ်ပြန်လည်တည်ဆောက်ခဲ့သည်။

တူရကီစစ်သင်္ချိုင်းသည် ပထမကမ္ဘာစစ်အတွင်း အီရတ်၊ ပါလက်စတိုင်း၊ ဆီးရီးယားနှင့် အာရေဗျစစ်မြေပြင်တွင် အော်တိုမင် တပ်မတော်နှင့် ဗြိတိသျှတပ်မတော်တို့၏ တိုက်ပွဲများအတွင်း ဖမ်းဆီးခေါ်ဆောင်ခြင်းခံရပြီး ယင်းနေရာတွင် ကျဆုံးခဲ့သော တူရကီစစ်သားများနှင့် အစိုးရအမှုထမ်းများ ပါဝင်သည်။

တူရကီသံအမတ်ကြီးနှင့် အဖွဲ့သည် တူရကီစစ်သင်္ချိုင်း၊ မြဲတောင် တောရဘုန်းတော်ကြီးကျောင်း၊ သဟာရစာကြည့်တိုက်တို့ကို သွားရောက်ခဲ့ပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေလင်းရုံးခန်းသို့ သွားရောက်တွေ့ဆုံ နှုတ်ဆက်စကားများပြောကြားခဲ့ကြောင်း သိရသည်။

**ပေါက်ကလေး (သရက်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဖူဆယ်ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

**စစ်တွေ အောက်တိုဘာ ၁၆**

၂၀၁၇ ခုနှစ် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီတွင် စစ်တွေမြို့ဝေသာလီအားကစားကွင်း၌ ကျင်းပရာ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျောက်၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ အားကစားသမားများ တက်ရောက်ကြသည်။

ထို့နောက် အမျိုးသား ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယှဉ်ပြိုင်ကြရာ စစ်တွေခရိုင်အသင်းမှ ကျောက်ဖြူခရိုင်အသင်းကို ၁၀ ဂိုး - ၈ ဂိုး ဖြင့်လည်းကောင်း၊ အမျိုးသမီး ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် မြောက်ဦးခရိုင်အသင်းမှ ကျောက်ဖြူခရိုင် အသင်းကို ၁၀ ဂိုး - ၂ ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

ဆက်လက်ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသော အမျိုးသားအသင်းအား တံခွန်စိုက်ဆုဖလားကို ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျောက်က လည်းကောင်း၊ အမျိုးသမီးဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသော အသင်းအား တံခွန်စိုက်ဆုဖလားကို ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီးက လည်းကောင်း၊ ဒုတိယဆုရရှိခဲ့ကြသော အမျိုးသား၊ အမျိုးသမီးအသင်းနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားဆုရ အမျိုးသားနှင့် အမျိုးသမီး အားကစားသမားများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဝင်းမင်းစိုး (ပြန်/ဆက်)**



# မြန်မာ-တရုတ် အားကစားကဏ္ဍပူးပေါင်းဆောင်ရွက်ရေး လက်မှတ်ရေးထိုး၊ အထောက်အကူပြုပစ္စည်းများပေးအပ်

**ရန်ကုန် အောက်တိုဘာ ၁၆**

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ နှစ်နိုင်ငံချစ်ကြည်မှုအရ မြန်မာနိုင်ငံအားကစားအဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် အားကစားကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး MoU လက်မှတ်ရေးထိုးခြင်းနှင့် အားကစားအထောက်အကူပြုပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၄ ရက်က ရန်ကုန်မြို့ကျိုက္ကဆံအားကစားကွင်းရှိ အားကစားနှင့် ကာယပညာဦးစီးဌာနရုံး အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Economic and Commercial Counselor Mr. Xie Guoxiang က အားကစားကဏ္ဍ နည်းပညာပူးပေါင်းဆောင်ရွက်ရေး MoUလက်မှတ်ရေးထိုးခြင်းနှင့် အားကစားအထောက်အကူပြုပစ္စည်းများ လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က ယခုလို အားကစားပစ္စည်းများ လှူဒါန်းပေးသည့်အပြင် အားကစားတိုးတက်ရေးအတွက် နည်းပညာအကူအညီပေးရေး လက်မှတ်ရေးထိုးရခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ယခုလှူဒါန်းပေးသော အားကစားပစ္စည်းများကို အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၁၈ ခုနှစ် Asia Games ပြိုင်ပွဲ၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံ၌ University Games နှင့် ၂၀၁၉ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၌အကြိမ် (၃၀) မြောက် Sea Games ပြိုင်ပွဲများအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်နိုင်ရန် အားကစားလေ့ကျင့်ရေးစခန်းများတွင် အစားထိုး လေ့ကျင့်သုံးစွဲသွားမည်ဖြစ်ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ မြန်မာအားကစားသမားများကို နှစ်ရှည် သုံးနှစ်မှ ငါးနှစ်အတွင်း အားကစားပူးတွဲလေ့ကျင့်ရေး အစီအစဉ်များပါ ရေးဆွဲထားပါကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ရင်းနှီးချစ်ကြည်မှုကို အခြေခံ၍ ရှေ့ဆက်ပြီး မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးကို ပူးပေါင်းဆောင်ရွက်ပေးနိုင်ပါစေကြောင်း ပြောကြားသည်။

ဆက်လက်ပြီး မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံ Economic and Commercial Counselor Mr. Xie Guoxiang က အားကစားကဏ္ဍ နည်းပညာပူးပေါင်းဆောင်ရွက်ရေး အချက် သုံးချက်ပါ MoU လက်မှတ်အပြန်အလှန်ရေးထိုးကြပြီး နှစ်နိုင်ငံ MoU လက်မှတ်ရေးထိုးထားသည့် စာရွက်စာတမ်းများကို အပြန်အလှန်ပေးအပ်ကြသည်။

ယနေ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက မြန်မာနိုင်ငံအိုလံပစ်ကော်မတီသို့ Fencing ၊ ရေကူး၊ မြားပစ်၊ ဝူရှူး၊ ဘော်လီဘော၊ ကျွမ်းဘား၊ ဖူဆယ်၊ တိုက်ကွမ်ဒို၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်၊ အလေးမ၊ ပြေးခုန်ပစ်၊ အားကစားနည်း ၁၂ နည်းအတွက် ၎င်းတို့နှင့် ဆက်စပ်ပစ္စည်းများနှင့် Fitness တစ်စုံ ကာလတန်ဖိုး အမေရိကန်ဒေါ်လာ လေးသိန်းဖိုးကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်း-အေကေလင်း**

# ရန်ကုန်တိုင်းဒေသကြီး ကာယဗလမောင်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ကာယဗလမောင်ပြိုင်ပွဲကို အောက်တိုဘာ ၂၂ ရက် နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ နိုဝင်ဘာ ၁၈ ရက်မှာ ကျင်းပမယ့် (၄၄)ကြိမ်မြောက် တိုင်းဒေသကြီးနဲ့ ပြည်နယ်ပြိုင်ပွဲအတွက် လူရွေးပွဲ လုပ်မှာပါ၊ ကာယဗလမောင်က မျိုးဆက်သစ်တွေမရှိဘူး။ အာရှ၊ ကမ္ဘာ့ပြိုင်ပွဲတွေကျတော့ လက်ရှိလက်ရွေးစင်တွေပဲ ရှိတယ်။ မျိုးဆက်သစ်တွေလွှတ်ဖို့ဆိုတာ မရှိဘူး။ ဒါကြောင့် ပြိုင်ပွဲကရတဲ့ ကစားသမားတွေကို မွေးထုတ်ပြီး အာရှ၊ ကမ္ဘာ့ပြိုင်ပွဲအတွက် ရည်ရွယ်ထားပါတယ်" ဟု မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ် အတွင်းရေးမှူး ဦးကျော်စိန်သန်းက ပြောသည်။

အဆိုပါ ကာယဗလမောင်ပြိုင်ပွဲတွင် ၆၀၊ ၆၅၊ ၇၀၊ ၇၅ ကီလိုနှင့် ၇၇ ကီလို အထက်တန်းအပြင် Man Sport Physique ပြိုင်ပွဲကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်လိုသူများသည် အောက်တိုဘာ ၂၁ ရက်နောက်ဆုံးထား၍ ဖုန်း ၀၉-၄၂၀၁၁၄၀၈၊ ၀၉-၅၀၀၈၀၆၈ တို့သို့ ဆက်သွယ်ပြီး စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**အေကေလင်း**

# နေပြည်တော်၌ လက်နက်၊ ခဲယမ်းများနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၁၆

**နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ အောက်တိုဘာ ၁၅ ရက် ညပိုင်းတွင် ဦးဖြိုးကိုကိုတင့်ဆန်း၊ ဦးဇော်ဝင်းထိုက်နှင့် ဦးရဲမင်းဆွေတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် လက်နက်၊ ခဲယမ်းများကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။**

မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် အောက်တိုဘာ ၁၅ ရက် ည ၇ နာရီ ၁၃ မိနစ်က နေပြည်တော်မှ ရန်ကုန်မြို့သို့ လိုက်ပါမည့် ခရီးသည် ဦးဖြိုးကိုကိုတင့်ဆန်း၊ ဇော်ဝင်းထိုက်နှင့် ရဲမင်းဆွေတို့၏ ခရီးဆောင်အိတ်များကို စစ်ဆေးရာ ဦးဖြိုးကိုကိုတင့်ဆန်း၏ ကျောပိုးအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ ပြား၊ ICE ၁ ဒသမ ၅ ဂရမ်၊ ဩစတြေးလျနိုင်ငံထုတ် ၉ မမ ပစ္စတိုနှစ်လက်နှင့် ယင်းကျည် ၇၂ တောင့်၊ ကျည်အိမ်နှစ်ခု၊ ဆက်သွယ်ရေး စက်သုံးလုံး၊ Phyo Ko Ko Tin San အမည်ပါ လေဆာတုံးတစ်ခု၊ နိုင်ငံကူးလက်မှတ်စာအုပ်တစ်အုပ်၊ အဝေးထိန်းယာဉ် (Drone) တစ်ခု၊ မှန်ဘီလူးတစ်ခု၊ ကင်မရာခြောက်လုံး၊ နာရီတစ်လုံး၊ Wifi လွှင့်စက်တစ်ခု၊ Memory Stick ၁၅ ခု၊ ဖုန်းသုံးလုံးတို့နှင့်အတူ ၎င်းတို့စီးနင်းလာသည့် မော်တော်ယာဉ်တစ်စီးတို့ကို နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိခဲ့၍ အေလာရဲစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

"အမှုဖွင့်ထားပြီးပါပြီ။ မနေ့ညက ဆက်ပြီးတော့ Hotel ACE ထဲကနေ လက်နက်တွေထပ်ပြီးတော့ သိမ်းဆည်းရမိပါတယ်။ အဲ့ဒါတွေကတော့ အားလုံး မစုံသေးဘူး။ ကျွန်တော်တို့ စစ်နေတုန်းပဲ ရှိပါသေးတယ်"ဟု နေပြည်တော်တိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဇော်ခင်အောင်က ပြောကြားသည်။

စစ်ဆေး ဖော်ထုတ်ချက်များအရ ဒက္ခိဏခရိုင် ရဲတပ်ဖွဲ့မှူးကြီး ဒုရဲမှူးကြီးလှရီ ဦးဆောင်သည့်အဖွဲ့သည် ၎င်းတို့ တည်းခိုသည့် Hotel ACE သို့ ဝင်ရောက်ရှာဖွေရာ ဦးဖြိုးကိုကိုတင့်ဆန်း၏ အခန်းအတွင်းရှိ ဗီရိုအတွင်းမှ လက်ဆွဲအိတ်နှစ်လုံး၊ ပစ္စတိုငါးလက်၊ ၉ မမကျည် ၆၃၈ တောင့်၊ အမ် ၁၆ ကျည်တောင့် ၂၀ နှင့် ယင်းကျည်အိမ်နှစ်ခု၊ ၇ ဒသမ ၆၅ မီလီမီတာ (32 Auto) ကျည် ၁၃၆ တောင့်၊ ပွိုင့် ၂၂ ကျည် ၁၀ တောင့်၊ ကျည်အိမ်အလွတ် ခုနစ်ခု၊ အမ် ၁၆ လက်ကိုင်ကွင်းတစ်ခု၊ ပစ္စတိုအိတ် အနက်ရောင်ငါးလုံး၊ ကျည်ကာအင်္ကျီတစ်ထည်၊ စနိုက်ပါမှန်ပြောင်းတစ်လက်တို့အားတွေ့ရှိရပြီး ရဲမင်းဆွေနှင့် ဇော်မင်းထိုက်တို့၏ အခန်းမှ လက်ဆွဲအိတ်သုံးလုံး၊ ပစ္စတိုနှစ်လက်နှင့် ယင်းကျည် ၁၆ တောင့် တို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ဒက္ခိဏမြို့မရဲစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

"လောလောဆယ် စစ်ဆေးနေတုန်းပဲ ရှိပါသေးတယ်။ စစ်ဆေးနေတုန်းမို့ ကျွန်တော်တို့ အသေးစိတ်တော့ ပြောလို့ မရသေးပါဘူး။ နေပြည်တော်ကိုလက်နက်တွေ ဘယ်လို သယ်လာတာလဲဆိုတာကတော့ ကျွန်တော်တို့လည်း ပြောလို့ မရသေးပါဘူး၊ တခြားအဖွဲ့အစည်းတွေနဲ့ ပတ်သက်ဆက်နွှယ်မှုရှိသလား၊ မရှိဘူး လားဆိုတာကိုလည်း မသိသေးပါဘူး၊ စစ်နေတုန်းမို့ပါ။ စစ်ဆေးချက်အသေး စိတ်ပေါ်ပေါက်မှ အကြောင်းစုံကို သိရမှာပါ။ လောလောဆယ်တော့ ကျွန်တော်တို့ စစ်ဆေးနေပါတယ်။ ဥပဒေနဲ့အညီ အရေးယူသွားမှာဖြစ်ပါတယ်"ဟု ရဲမှူးကြီး ဇော်ခင်အောင်က ပြောသည်။

**ကိုမင်း**



လယ်ဝေးမြို့နယ် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သိမ်းဆည်းရမိသော လက်နက်/ခဲယမ်းများ

# စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းတာဟောင်း အရှည်ပေ ၃၀၀ ကျော်ပြိုကျသဖြင့် သဲအိတ်များဖြင့်ကာကွယ်ထား

**တောင်ငူ အောက်တိုဘာ ၁၆**

စစ်တောင်းမြစ်၏ အထက်ပိုင်းဒေသများတွင် မိုးများအဆက်မပြတ်ရွာခြင်းကြောင့် မြစ်ရေအတက်အကျ နှစ်လ ကျော်ကြာဖြစ်ပေါ်ခဲ့ရာ မြစ်ကြောင်းတစ်လျှောက် ကမ်းပါးပြိုကျမှုများ နေရာဒေသအနှံ့အပြား၌ ဖြစ်ပေါ်ခဲ့သည်။

ထိုသို့ ကမ်းပါးပြိုကျမှုများတွင် စက်တင်ဘာလဆန်းပိုင်းမှ စတင်၍ မြစ်ရေတိုက်စားခံနေရသည့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် အနောက်ဆင်ရွာအုပ်စု ရွာတန်းရှည်ကျေးရွာ၌ မြစ်ရေဝင်ရောက်မှုမရှိစေရန် တည်ဆောက်ထားသော ကမ်းတာဟောင်းမှာ အောက်တိုဘာ ၁၄ ရက်အထိ အရှေ့နှင့် အနောက် အရှည်ပေ ၃၀၀ ကျော် ပြိုကျသွားခဲ့သဖြင့် ဒေသတွင်း ခရီးသွားလာမှု အခက်အခဲများ ဖြစ်ပေါ်ခဲ့သည့်အပြင် မြစ်ကမ်းတာဟောင်းနှင့် ပန်းတာကြားရှိ လူနေအိမ် ၄၀ ကျော်ကို မြစ်ရေဝင်ရောက်မှု မရှိစေရန် မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနနှင့် နယ်မြေခံတပ်မှ တပ်မတော်သားများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ စုပေါင်း၍ မြေထိန်းနံရံများ တည်ဆောက်ခြင်း၊ သဲအိတ်များဖို့၍ ဆောင်ရွက်လျက်ရှိသည်။



စစ်တောင်းမြစ်ရေမှာ ဆက်လက်မြင့်တက်နေဆဲ အခြေအနေတွင်ရှိကာ မြစ်ရေဝင်ရောက်မှုမရှိစေရန် အလျင်အမြန် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် မြစ်ကမ်းတာနှင့် ပန်းတာကြားရှိ လူနေအိမ်များအတွက် စိတ်သက်သာရာရခဲ့ကြောင်း ရွာတန်းရှည်ကျေးရွာ ဒေသခံများက ပြောသည်။ **ကိုလွင်(ဆွာ)**

# မိတ္ထီလာ -သာစည် - တောင်ကြီး အဝေးပြေးကားလမ်းမကြီးပေါ်သို့ မင်းလှကန်ရေကျော်မှုကြောင့် ယာဉ်ကြီး ယာဉ်ငယ်များ ဖြတ်သန်းသွားလာမှုယာယီပိတ်ထား

**သာစည် အောက်တိုဘာ ၁၆**

သာစည်မြို့နယ်တွင် ယခုအောက်တိုဘာလဆန်းပိုင်းအတွင်းက မိုးများအဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် ညောင်ရမ်းကန်၊ မင်းလှကန်အပါအဝင် ဆည်တမံများနှင့် ကျေးလက်ဒေသသုံးရေကန်များတွင် ရေများပြည့်လျှံ လျက်ရှိကြောင်း သိရသည်။

ထိုသို့ မိုးများအဆက်မပြတ် ရွာသွန်းနေမှုကြောင့် မင်းလှကန်တွင် ရေဝင်ရောက်မှုများပြားလာသဖြင့် မိတ္ထီလာ-သာစည်-တောင်ကြီး သွားသည့် အဝေးပြေးကားလမ်းမကြီးပေါ်သို့ ရေကျော်သဖြင့် မြို့နယ်ကြက်ခြေနီ၊ မြို့နယ်မီးသတ်ဦးစီးဌာနတို့မှ တပ်ဖွဲ့ဝင်များက အဆိုပါရေကျော်ရာ ကွမ်းခြံရိုးတံတားအနီးနှင့် ရှင်ပင်သစ္စာရ ဘုရားဝင်ပေါက်မုခ်ဦး အရှေ့ဘက်နားမှနေပြီး ယာဉ်ကြီး၊ ယာဉ်ငယ်များဖြတ်သန်းသွားလာနေမှုကို အန္တရာယ်မဖြစ်စေရေးအတွက် ကူညီဆောင်ရွက်ပေးကြသည်။

အဆိုပါကားလမ်းပေါ်သို့ရေကျော်နင်းနေမှုမှာရပ်တန့်ခြင်းမရှိသေးသည့်အတွက် ဖြတ်သန်းမောင်းနှင်ကြသည့် ယာဉ်ကြီး၊ ယာဉ်ငယ်များနှင့် ခရီးသည်များ အန္တရာယ်မဖြစ်ပွားစေရေးအတွက် အောက်တိုဘာ ၁၃ ရက် ညနေ ၅ နာရီခွဲမှစတင်၍ ကားလမ်းမကြီးပေါ်သို့ ဖြတ်သန်းမောင်းနှင်မှုမပြုလုပ်ရန် ခေတ္တယာယီ ကားလမ်းကို သက်ဆိုင်ရာကပိတ်ထားပြီး ခရီးသွားလာမှုအဆင်ပြေစေရေးအတွက် သပြေဝလမ်းခွဲမှ ယာဉ်များကို မောင်းနှင်စေကြောင်း သိရသည်။

**မောင်ကို(သာစည်)**

# လှိုင်သာယာလေဘာရုံးအဝင်လမ်းရှိ လမ်းဘေးဈေးဆိုင်တို့ကြောင့် လေဘာကတ်လျှောက်သောအလုပ်သမားများ သွားလာရေးခက်ခဲ

**ရန်ကုန် အောက်တိုဘာ ၁၆**

လှိုင်သာယာမြို့နယ်တွင် စက်ရုံများ၌ အလုပ်လုပ်ကိုင်ရန် မြို့နယ်အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးသို့ လေဘာကတ်များကို နေ့စဉ်လာရောက်လျှောက်ထားလျက်ရှိရာ လေဘာရုံးလမ်းအဝင်ထိပ် သစ်သားတံတားအနီးရှိ လမ်းဘေးဈေးဆိုင်၏လမ်းပေါ်အဖီဆွဲထားမှုကြောင့် လေဘာရုံးသို့လာရောက်သော အလုပ်သမားတို့၏မျက်နှာ၊ ပခုံးတို့နှင့် ထိခိုက်မိသည့်အတွက် တာဝန်ရှိသူများက ရှင်းလင်းဖယ်ရှား ပေးနိုင်ပါရန် တောင်းဆိုလျက်ရှိကြောင်း အောက်တိုဘာ ၁၆ ရက်နံနက်ပိုင်းက သိရသည်။

"ဒီလေဘာရုံးကိုလာရင် လမ်းထိပ်အဝင် ဒီတံတားကပဲဖြတ်ရတာ။ တံတားထိပ်ကဈေးဆိုင်က လမ်းပေါ် အဖီထိုးထားတဲ့ အမိုးစွန်းက သွားလာတဲ့ အလုပ်သမားတွေနဲ့မလွတ်ဘူး ဖြစ်နေတယ်။ လေဘာရုံးကိုလာရင် ဈေးဆိုင်တွေနဲ့လမ်းကပြည့်နေတယ်။ ရုံးကိုလာတဲ့သူအားလုံးလမ်းပေါ်ရောက်နေတဲ့ အမိုးစွန်းနဲ့ မျက်လုံးထိုးမိမှာ ကြောက်နေရတယ်။ အများပြည်သူ သွားလာရေးအဆင်ပြေအောင်၊ ထိခိုက်ဒဏ်ရာ မရအောင် ဆောင်ရွက်ပေးစေလိုပါတယ်"ဟု အဖီဆွဲထားသော ဝါးလုံးဖြင့်မျက်ခုံးအား ထိခိုက်မိသော လမ်းသွားလာသူတစ်ဦးက အောက်တိုဘာ ၁၃ ရက်တွင် ပြောသည်။

လှိုင်သာယာဌာနဆိုင်ရာ ရုံးလမ်းမတွင်သာ လမ်းဘေးဈေးဆိုင်များ ယခင်က ဖွင့်လှစ်သည့်အတွက် မြို့နယ်တာဝန်ရှိသူများက ဌာနဆိုင်ရာရုံးလမ်းဘေးဝဲယာရှိ ကျူးကျော်ဈေးဆိုင်များကို ရှင်းလင်းဖယ်ရှားခဲ့ရာ ဈေးဆိုင်များရှင်းလင်းသွားရာမှ ဇူလိုင်လကုန်ပိုင်းတွင် ပြန်လည်ရောင်းချခဲ့ခြင်းဖြစ်ပြီး ယခုအခါဌာနဆိုင်ရာလမ်းမကြီးသာမက လမ်းသွယ်များအတွင်း ကျူးကျော်ဈေးဆိုင်များ အသီးသီး ဖွင့်လှစ်ရောင်းချနေကြ၍ ဈေးသည်၊ ဆိုင်ကယ်ကယ်ရီများနှင့် ရပ်နားထားသောယာဉ်များဖြင့် ဌာနဆိုင်ရာရုံးလမ်းမှာလည်း ရုံးဖွင့်ရက်များတွင် သွားလာရေး အခက်ကြုံတွေ့ရလျက်ရှိကြောင်း သိရသည်။(**ယာပုံ**)

"ကျွန်တော်တို့ဌာနရှေ့မှာ ဈေးမရောင်းဖို့ပြောထားတယ်။ ဈေးဆိုင်တွေများလာတော့ ပတ်ဝန်းကျင်သန့်ရှင်းရေးပြဿနာနဲ့ သွားလာရေးခက်ခဲတာပေါ့။ မြို့နယ်ထွေ/အုပ်ကို တင်ပြပါတယ်။ ဒီနေ့ထိ စည်ပင်ကတော့ရှင်းလင်းဆောင်ရွက်တာမတွေ့ရသေးဘူး။ လမ်းမကြီးတန်းတွေပဲ ရှင်းလို့ရတယ် ပြောတယ်။



ဌာနဆိုင်ရာ လမ်းမကြီးပေါ်မှာလည်း လမ်းဘေးဈေးဆိုင်တွေ ပိုတိုးလာတာ တွေ့ရပါတယ်"ဟု မြို့နယ်အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ (၁၆၄)

**ခတ်ပုံ-တင်ကြည်**

# ပြည်မြို့နယ်၌ ကထိန်အလှူမှကျွေးသောအစာ စားပြီး လူ ၆၀ ကျော် အစာအဆိပ်သင့်မှုဖြစ်ပွား

**ပြည် အောက်တိုဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ဝက်ထီးကန်တိုက်နယ်တွင် ကထိန်အလှူမှကျွေးသည့် ဒံပေါက်ထမင်းနှင့် ရေခဲမုန့်များစားသောက်ပြီး လူ ၆၀ ကျော်ခန့် အစာအဆိပ်သင့်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဝက်ထီးကန်တိုက်နယ် နှောကန်အုပ်စု နှောကန်ရပ်ကွက်ရှိ မာတုကာရုံကျောင်းတိုက်၌ အောက်တိုဘာ ၁၄ ရက် နံနက် ၁၀ နာရီခွဲခန့်ကပြုလုပ်သည့် ကထိန်အလှူပွဲ၌ ဒံပေါက်ထမင်းနှင့် အချဉ်သုပ်၊ ရေခဲမုန့်တို့ကို ကျွေးမွေးဧည့်ခံခဲ့သည်။ အလှူသို့လာရောက်ကြသူများအနေဖြင့် နောက်တစ်ရက် နံနက်ပိုင်းတွင် အစာအဆိပ်သင့်မှု ဖြစ်ပွားခဲ့ကြပြီး ဗိုက်အောင့်ခြင်း၊ ဝမ်းသွားခြင်းနှင့် ကိုယ်လက်များ လေးလံခြင်းတို့ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဒေသခံများက ပြောသည်။

"ဘယ်လိုဖြစ်တာလဲဆိုတော့ ကျွန်တော်တို့ လုပ်တဲ့ကိုင်တဲ့လူတွေအားလုံး သိမ်းဆည်းပြီးတော့ နံနက် ၁၁ နာရီလောက်မှာစားတယ်။ အဲဒါနဲ့ ညပိုင်းရောက်တော့ တစ်ယောက်က ဗိုက်အောင့်တယ်ဆိုပြီး ကြားတာပဲ၊ နောက်တော့ အလှူမှာလာစားတဲ့သူတွေ ပျို့တာအန်တာ၊ ဗိုက်နာပြီး ဝမ်းသွားတာတွေ ဖြစ်ကုန်တော့တာပဲ၊ စားတာကတော့ အလှူကကျွေးတဲ့ ဒံပေါက်နဲ့ ကြက်သားပေါ့။ ရေခဲမုန့်ကတော့ မစားတဲ့သူလည်းရှိတယ်၊ စားတဲ့ သူလည်းရှိတယ်။ လက်ရှိဖြစ်နေတာကတော့ အန်တယ်၊ အောက်ပိုင်းတွေ သိပ်ပြီးမဆွဲချင်တော့ဘူး ဖြစ်လာတယ်။ ဝမ်းသွားတာတွေများတယ်" ဟု နှောကန်ရပ်ကွက်မှ ရာအိမ်မှူး ဦးမောင်မောင်က ပြောသည်။

အဆိုပါ အစာအဆိပ်သင့်မှုကြောင့် နှောကန်ရပ်ကွက်အတွင်းမှ လူဦးရေ ၆၀ ကျော်ခန့် ဖြစ်ပွားနေပြီး ယင်းဒေသအနီးတစ်ဝိုက်မှ အလှူသို့လာရောက်စားသုံးသည့် ကွက်သစ်(၂)ရပ်ကွက်မှလူများလည်း ဖြစ်ပွားနေကြောင်း၊ အောက်တိုဘာ ၁၅ ရက် ညနေပိုင်းအထိ နှောကန်ရပ်ကွက်မှ အစာအဆိပ်သင့်လူနာ ၁၄ ဦး ဝက်ထီးကန်တိုက်နယ်ဆေးရုံသို့ တက်ရောက်ကုသမှု ခံယူနေရကြောင်း သိရသည်။

လတ်တလော အခြေအနေကို ပြည်မြို့နယ် ကျန်းမာရေးဦးစီးဌာနက ဒေါက်တာ ကေခိုင်ဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ယာယီဆေးခန်းဖွင့်လှစ်၍ ကုသမှုများပြုလုပ်ပေးလျက်ရှိသည်။

"အခုဖြစ်တာက မနေ့က အလှူကကျွေးတဲ့ ဒံပေါက်တွေစားပြီး ဒီနေ့ကျတော့မှစားမိတဲ့ လူတချို့မှာ ဖြစ်တဲ့လူများတာနဲ့ ဆေးခန်းလာဖွင့်ပေးတာပါ စောင့်ကြည့်ဖို့လိုတဲ့ လူရှိသလို ဆေးရုံပို့ဖို့လိုအပ်တဲ့ လူတွေကို ဆေးရုံပို့ထားပါတယ်။ ပြင်ပလူနာတွေအနေနဲ့ကတော့ ဒီမှာဆေးခန်းဖွင့်ကုသပေးနေပါတယ်။ အလွန်စိုးရိမ်ရတဲ့ လူနာတော့မရှိပါဘူး"ဟု ဒေါက်တာ ကေခိုင်ဝင်းက ပြောကြားသည်။

**ကိုလွင်(ဆွာ)**

# တရားဝင်စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်နှင့်ကန့်သတ်ပစ္စည်းများဖမ်းမိ

**နေပြည်တော် အောက်တိုဘာ ၁၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၁၅ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၃၃၅ စီး၊ သွင်းကုန် ၃၈၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်၅၇ စီး၊ သွင်းကုန် ၁၅၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၅ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇ ဒသမ ၆၄၈ သန်းခန့်၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂ ဒသမ ၃၃၁ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၂ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉ ဒသမ ၉၇၉ သန်းခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြား ဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၁၅ ရက်တွင် မန္တလေးသို့ သွားရောက်မည့် Canter ခြောက်ယာဉ် နှစ်စီးနှင့် Light Truck ယာဉ်တစ်စီးအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၅ မျိုးနှင့် ကန့်သတ်ကုန်ပစ္စည်းဖြစ်သည့် Dali Beer (1x 24) (300) Pkgs စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇ ဒသမ ၆၄၈ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




**တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှင့်ကန့်သတ်ကုန်ပစ္စည်းများကို တွေ့ရစဉ်**

# မူးယစ်ဆေးဝါးများမျိုချသယ်ဆောင်သွားသော တရုတ်နိုင်ငံသားတစ်ဦးအား မြန်မာ-ထိုင်းချစ်ကြည်ရေးတံတား၌ ဖမ်းမိ

**မယ်ဆိုင် အောက်တိုဘာ ၁၆**

တာချီလိတ်မြို့ တာလေ့ရပ်ကွက်မှ ဝယ်ယူသွားသော မူးယစ်ဆေးဝါးများကို ဝမ်းဗိုက်အတွင်း မျိုချသယ်ဆောင်သွားသော တရုတ်နိုင်ငံသား တစ်ဦးကို ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတား(ထိုင်းဘက်)၌ အောက်တိုဘာ ၁၄ ရက်က ဖမ်းဆီးရမိသည်။

ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ ဆိုင်လုံးကျွဲအုပ်စု အမှတ်(၁)ချစ်ကြည်ရေးတံတား(ထိုင်းဘက်) တာဝန်ကျ အမှတ်(၃) လူပ်ရှားယန္တရားတပ်မှ တပ်ဖွဲ့ဝင်များ၊ မယ်ဆိုင်မြို့မှ ရဲတပ်ဖွဲ့ဝင်များ၊ အကောက်ခွန်အဖွဲ့များပါဝင်သော စုပေါင်းအဖွဲ့သည် မြန်မာဘက်မှ ထိုင်းဘက်သို့ ခြေကျင်ဝင်ရောက်လာသူများအား ရှာဖွေစစ်ဆေးမှုများ ပြုလုပ်နေစဉ် တရုတ်နိုင်ငံသား(၂၃ နှစ်) ပတ်စ်ပို့အမှတ် ၃၁၅၆၆၀၉၇၄ ကိုင်ဆောင်သူအား မသင်္ကာသဖြင့် ခန္ဓာကိုယ်အား စစ်ဆေးရှာဖွေခဲ့ရာ မတွေ့ရှိသဖြင့် ၎င်းအား အန်ဆေးတိုက်ကျွေးခဲ့ပြီး အန်ခိုင်းခဲ့ရာမှ ဝမ်းဗိုက်အတွင်း မျိုချသယ်ဆောင်လာသော ပလတ်စတစ်အတောင့်ငယ် ၄၁ တောင့်ဖြင့် ထည့်ထားသည့် အက်ဖီတမင်းမှုန့် ၈ ဒသမ ၁ ဂရမ်၊ ထိုင်းနိုင်ငံသုံး ဘတ်ငွေ ၈၂၀၀ ကို ဖမ်းဆီးရမိသည်။

အဆိုပါ တရုတ်နိုင်ငံသား၏ ထွက်ဆိုချက်အရ အောက်တိုဘာ ၁၂ ရက်တွင် တာချီလိတ်မြို့ တာလေ့ရပ်ကွက် ကမ်းနားလမ်းရှိ ကမ်းနားဟိုတယ်တွင် သွားရောက်တည်းခိုခဲ့ကြောင်း၊ မူးယစ်ဆေးဝါးများကို တာလေ့ဈေးအနီးရှိ အမည်မသိ အမျိုးသားတစ်ဦးထံမှ ဝယ်ယူခဲ့ပြီး ထိုင်းနိုင်ငံသို့ ပြန်လည်ဝင်ရောက်စဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# အချုပ်ခန်းဖောက်၍ ထွက်ပြေးသူခြောက်ဦးအနက် သုံးဦးကို ရက်ပိုင်းအတွင်း ပြန်လည်ဖမ်းဆီးရမိ

**မကွေး အောက်တိုဘာ ၁၆**

မကွေးမြို့မရဲစခန်း အခန်းအမှတ်(၆)၌ ထိန်းသိမ်းထားသော အချုပ်သား ၁၅ ဦးအနက် ပြစ်မှုကြီးများနှင့် အမှုဖွင့်ချုပ်နှောင်ထားသူ အချုပ်သားခြောက်ဦးမှာ အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းက အချုပ်ဖောက်ထွက်ပြေးသွားခဲ့ပြီး ထွက်ပြေးသူများအနက်မှ သုံးဦးကို အောက်တိုဘာ ၁၄ ရက်တွင် ပြန်လည်ဖမ်းဆီးရမိထားကြောင်း မကွေးမြို့မရဲစခန်းမှ သိရသည်။

"အောက်တိုဘာ ၁၁ ရက် ည ၈ နာရီခန့်မှာ သိန်းမင်းထိုက်ကို မိခင်အိမ်ပြန်ရောက်နေစဉ်မှာ ဖမ်းမိခဲ့ပါတယ်။ အောက်တိုဘာ ၁၃ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ ခန့်က မိချောင်းရဲလမ်း မိုင်တိုင်အမှတ် (၆) နားမှာ စိုင်းသီဟကို ဖမ်းမိပါတယ်။ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးငွေတင် ဦးဆောင်တဲ့အဖွဲ့က အောက်တိုဘာ ၁၄ ရက် မွန်းလွဲ ၃ နာရီခွဲမှာ မကွေးမြို့နယ် သစ်ရာကောက်ကျေးရွာအုပ်စု ဖိုဝေးကျေးရွာအနီး တောထဲမှာ ခိုင်စိုးကို ထပ်မံဖမ်း မိခဲ့ပါတယ်"ဟု ဖမ်းဆီးရမိမှုအခြေအနေကို မကွေးမြို့မရဲစခန်း ဒုတိယစခန်းမှူး ရဲအုပ် ထန်းလိန်းကီးက ပြောသည်။

ဖမ်းဆီးရမိသူသုံးဦးမှာ သိန်းမင်းထိုက်၊ စိုင်းသီဟ၊ ခိုင်စိုးတို့ဖြစ်ကြောင်း၊ ကျန်ရှိသည့် ထွက်ပြေးအချုပ်သားများကိုလည်း အမြန်ဆုံးဖမ်းမိစေရန် ရဲတပ်ဖွဲ့က ကြိုးစားဆောင်ရွက်နေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ထွက်ပြေးလွတ်မြောက်နေဆဲသူများမှာ ဘိုဘိုထက်၊ ချစ်ကိုကို၊ အောင်ဇော်လင်းတို့ဖြစ်ကြောင်း မကွေးမြို့မရဲစခန်းမှ သိရသည်။

**ဇေယျာတု(မကွေး)**

# ခန္တီးမြို့၌ ဘိန်းဖြူနှင့် တူမီးသေနတ်နှစ်လက် ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၆**

မူးယစ်တပ်ဖွဲ့စု(၉)ဟုမ္မလင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၄ ရက် ည ၁၀ နာရီက ခန္တီးမြို့ ဇီးဖြူကုန်းရပ်ကွက် ချယ်ရီလမ်း အမှတ်(၉-၄၃၂)နေ ဘာဘူ၏ နေအိမ်ကိုရှာဖွေရာ ဘာဘူ၊ အားမာန်နှင့် ပါဆောင်တို့အားတွေ့ရှိပြီး နေအိမ်မှ ဘိန်းဖြူ ၀ ဒသမ ၃ ဂရမ်နှင့် တူမီးသေနတ် နှစ်လက်တို့ကိုလည်းကောင်း။

အလားတူ ယင်းနေ့ နံနက် ၆ နာရီက မူးယစ်တပ်ဖွဲ့စု (၃၅)မြိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ကျွန်းစုမြို့နယ် ကဘင်းကျေးရွာအုပ်စု၊ ကွက်သစ်ကျေးရွာနေ သိန်းဝင်း၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၅ ပြားနှင့် ဘိန်းစာမှုန့် ၄၃ ဂရမ်တို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ရွာသစ်ကျေးရွာနေ ဆန်းဇော်ထံမှ ဝယ်ယူရရှိခဲ့ကြောင်းသိရှိရသဖြင့် ဆန်းဇော်၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၅၈၂ ပြား သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ အောက်တိုဘာ ၁၅ ရက် ညနေ ၅နာရီက မူးယစ်တပ်ဖွဲ့စု(၁၇)မန္တလေး (မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စဉ့်ကိုင်မြို့နယ် အုန်းပင်ခြံကျေးရွာ၊ ရန်ကုန်-မန္တလေးကားလမ်းမကြီးဘေး Excellence စားသောက်ဆိုင် အခန်းအမှတ်(B4)တွင် ဘိုဘိုထွန်း(ခ) ဘိုထွန်း၊ ဇော်မျိုးလှိုင်၊ ကိုကိုထွန်း (ခ) ထွန်းထွန်း၊ မျိုးထက်၊ ဝင်းဇော်ဦးနှင့် သက်ဦးမောင်တို့အားတွေ့ရပြီး စားပွဲပေါ်ရှိ လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၊ လက်ကိုင်ဖုန်း ခုနစ်လုံးနှင့် မော်တော်ဆိုင်ကယ် နှစ်စီးတို့ကိုလည်းကောင်း၊ ထို့အတူ မူးယစ်တပ်ဖွဲ့စု(၂၂)မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့နယ် ဝိန်းနားကျေးရွာအနီးတွင် အောင်မြတ်အား မော်တော်ဆိုင်ကယ်နှင့်အတူ တွေ့ရှိရှာဖွေရာ ဘိန်းဖြူ ၉ ဒသမ ၅ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၅၂၀ တို့ကိုလည်းကောင်း၊ ထို့အတူ မူးယစ်တပ်ဖွဲ့စု ၃၀ တာချီလိတ်မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဖန်မင် ကျေးရွာအုပ်စု၊ မယ်ယန်းကျေးရွာ အမှတ်(၁၄၅)နေ စိုင်းရွဲန်၏ နေအိမ်ကိုရှာဖွေရာ စိုင်းရွဲန်၊၎င်း၏ဇနီး မနန်းကျောက်နှင့် အားလုံ(ခ)အလီးတို့အား တွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၁၅၀ နှင့် အိုက်စ် ၂၁၅ ဂရမ် သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## ပျောက်ဆုံးကြောင်း

ဦးသက်ပိုင်ထွန်း ၇/ပတတ(နိုင်)၁၁၀၅၈၀ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၄၀၉၁၁၃၇**

## ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်ညီမိုးကျော် C.P.C No -57224 ၏Psc & RB လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၈၇၄၅၅၅၂၃၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7F/4494 Suzuki Swift ZC 725 Hatch Back (4x2) R ယာဉ် လက်ဝယ်ရှိသူ ဒေါ်ကျင်မြိုင် ၁၄/ပသန(နိုင်)၀၃၆၆၁၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9J-1924 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

## ပျောက်ဆုံးကြောင်း

ကျွန်တော်များ 999 Tiger Motor Co., Ltd ၏ ID အမှတ် 707431 (8.5.2016)၏ ကားထုတ်ပြီးID မူရင်း၊ ဓာတ်ပုံနှင့် Custom Statement မူရင်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။
**ဖုန်း-၀၉-၇၃၀၁၆၅၃၀**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သီတာရပ်ကွက်၊ ကသစ်လမ်း၊ အမှတ် ၆(၅) လွှာ/အေဟု ခေါ်တွင်သော တိုက်ခန်းနှင့်ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံသူထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ်ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းလာရောက်ကန့်ကွက်ခြင်းမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးမြင့်အောင်(LL.B)စဉ်-၂၅၁၆၅ ဦးအေးမင်းသူ(LL.B)စဉ်-၂၆၁၉၉**
**အထက်တန်းရှေ့နေများ**
**အမှတ် ၆၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မြဝတီမြို့နယ်တရားရုံးတော်၌**
**၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၃၇**

ဒေါ်ကြည်အေး **တရားလို** နှင့် ဒေါ်နော်လေးကြာ **တရားပြိုင်**

ကရင်ပြည်နယ်၊ မြဝတီမြို့၊ (၄)ရပ်ကွက်၊ မွေးမြူရေးဇုန်လမ်း၊ ကျောက်လုံးကြီး အနောက်နေ ဒေါ်နော်လေးကြာ(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလိုက (၁၃-၁၂-၂၀၁၆)ရက်စွဲပါ ငွေချေးပဋိညာဉ်စာချုပ်ပါအတိုင်း တရားပြိုင်ပိုင်ဆိုင်သော အိမ်ခြံမြေအားတရားလိုလက်ဝယ်သို့ လက်ရောက်ပေးအပ်စေလိုမှု (သို့မဟုတ်)(၁၃-၁၂-၂၀၁၆)ရက်စွဲပါ ငွေချေးပဋိညာဉ်စာချုပ်အရ တရားလိုထံမှ ချေးယူထားသောချေးငွေ( ၉၆၀၀၀၀၀/-)(ကျပ်ကိုးဆယ့်ခြောက်သိန်းတိတိ) အား ပြန်လည်ရလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စားလှယ်ဖြင့် ဖြစ်စေ၊ အခွင့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ်အမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၁၇ ခုနှစ် အောက်တိုဘာ ၃၀ရက် (၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည် ရေးသားပါရှိသူ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက် ခဲ့လျှင် သင်၏ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ် စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် အောက်တိုဘာ ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သန့်ဇင်ဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**မြဝတီမြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

မူဆယ်မြို့၊ အထက(၃)၊ သတ္တမတန်း(A)မှ မောင်ချမ်းငြိမ်းအောင်၏ ဖခင်အမည်မှန်မှာ ဦးသက်နိုင်ထွန်း ဖြစ်ပါကြောင်း။
**ဦးသက်နိုင်ထွန်း ၅/စကန(နိုင်)၁၉၁၄၇၅**

## မြန်မာကျောက်ဖြူအထူးစီးပွားရေးဇုန် ဟိုးလ်ဒင်းကုမ္ပဏီအုပ်စုအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်
**(Myanmar Kyauk Phyu SEZ Holding Consortium Public Co.,Ltd)**
**ဖွဲ့စည်းထားပြီးဖြစ်ကြောင်း ပြည်သူများသို့ တင်ပြခြင်း**

မြန်မာကျောက်ဖြူအထူးစီးပွားရေးဇုန် ဟိုးလ်ဒင်းကုမ္ပဏီအုပ်စုအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်(Myanmar Kyauk Phyu SEZ Holding Consortium Public Co.,Ltd)ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ် ၃၀၃၈/၂၀၁၇-၂၀၁၈(ရက)(၂၅-၉-၂၀၁၇)ဖြင့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။

မြန်မာကျောက်ဖြူအထူးစီးပွားရေးဇုန် ဟိုးလ်ဒင်းကုမ္ပဏီအုပ်စုအများနှင့်သက်ဆိုင်သောကုမ္ပဏီသည် နိုင်ငံတော်နှင့် နိုင်ငံသားအားလုံးအတွက် အကျိုးပြုရန် ရည်ရွယ်ချက်ဖြင့် အထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းတည်ဆောက်ခြင်းနှင့် လုပ်ငန်းလည်ပတ်ခြင်းစီမံကိန်း၊ စက်မှုဇုန်ထူထောင်ခြင်းစီမံကိန်း၊ အိမ်ရာတည်ဆောက်ခြင်းစီမံကိန်းလုပ်ငန်းများကို နိုင်ငံတော်ခွင့်ပြုချက်နှင့်အညီ လုပ်ကိုင်သွားမည်ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံရန် စိတ်ပါဝင်စားသူများအတွက် အသေးစိတ်အကြောင်းအရာများကို ဆက်လက်အသိပေး ကြေညာသွားမည်ဖြစ်ပါသည်။

ကုမ္ပဏီ၏ ရုံးခန်းမှာ အခန်း(၁)၊ သုံးလွှာ၊ Cooperate Business Centre၊ ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းသစ်ထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့တွင် ဖြစ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**မြန်မာကျောက်ဖြူအထူးစီးပွားရေးဇုန် ဟိုးလ်ဒင်းကုမ္ပဏီအုပ်စုအများနှင့် သက်ဆိုင်သော ကုမ္ပဏီ**




# မာရဝီအကြမ်းဖက်နှိမ်နင်းမှုစစ်ဆင်ရေးတွင် အကြမ်းဖက်ခေါင်းဆောင်နှစ်ဦးကို ရှင်းလင်းနိုင်ခဲ့

**မနီလာ အောက်တိုဘာ ၁၆**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မာရဝီမြို့၌ အောက်တိုဘာ ၁၆ ရက်ကပြုလုပ်သော အကြမ်းဖက်နှိမ်နင်းမှုစစ်ဆင်ရေးတွင် အဘူဆေယတ်ဖ်အကြမ်းဖက်အဖွဲ့ ခေါင်းဆောင် အစ္စနီလီအွန်း ဟက်ပီလီအွန်နှင့် အိုင်အက်စ်အကြမ်းဖက်အဖွဲ့ သစ္စာခံ မျူအဖွဲ့ခေါင်းဆောင် အိုမာမျူတို့နှစ်ဦးကို ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များက သုတ်သင်ရှင်းလင်းနိုင်ခဲ့ကြောင်း ဖိလစ်ပိုင် စစ်ဘက်ဆိုင်ရာပြောရေးဆိုခွင့်ရှိသူ ရက်စ်တီတူလို ပက်ဒယ်လာက ပြောကြားခဲ့သည်။

အိုင်အက်စ်အဖွဲ့က အရှေ့တောင်အာရှအတွက် တင်မြှောက်ထားသော စော်ဘွားဘွဲ့ ခံယူထားသည့် အစ္စနီလီအွန်း ဟက်ပီလီအွန်နှင့် စစ်သွေးကြွပုံကိုင် အရှေ့အလယ်ပိုင်း ပညာတတ် ညီအစ်ကိုနှစ်ဦးအနက် တစ်ဦးဖြစ်သူ အိုမာခါယမ်မျူတို့နှစ်ဦးကို မာရဝီစီးနင်းမှုတွင် သုတ်သင်နိုင်ခဲ့ပြီး ၎င်းတို့၏ အလောင်းများကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီး ဒယ်ဖင်လော်ရန် ဇာနာက ပြောသည်။

အကြမ်းဖက်သုတ်သင်ရေးစစ်ဆင်မှုအတွက် အစီအစဉ်ရေးဆွဲပြီးနောက် ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များသည် သတ်မှတ်ထားသောနေရာသို့ ယနေ့နံနက်ပိုင်းတွင် ချီတက်၍ သုတ်သင်ခဲ့ခြင်းဖြစ်ကြောင်း လော်ရန်ဇာနာက သတင်းထောက်များကို ပြောခဲ့သည်။

ယခင် ဖမ်းဆီးခံသူပုန်တစ်ဦးက အကြမ်းဖက်ခေါင်းဆောင်များ မည်သည့်နေရာတွင်ရှိကြောင်း ဖော်ထုတ်ပြောကြားပြီးနောက် အဆိုပါအကြမ်းဖက်နှိမ်နင်းမှုစစ်ဆင်ရေးကို စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဘူဆေယက်စ် စစ်သွေးကြွတပ်ဖွဲ့၏ အဖွဲ့ခွဲခေါင်းဆောင်တစ်ဦးအဖြစ် အကြမ်းဖက်ဖြစ်စဉ်များကို ဖန်တီးခဲ့သော ဟက်ပီလီအွန်ကို ဖမ်းမိလျှင် အမေရိကန်ဒေါ်လာ ငါးသန်းပေးမည်ဟု အမေရိကန်ပြည်ထောင်စုက နှစ်အတော်ကြာက ကမ်းလှမ်းထားခဲ့ကြောင်း သိရသည်။

ဟက်ပီလီအွန်သည် အိုင်အက်စ်သဘောတရားများကို ထောက်ခံသူတစ်ဦးဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံ မင်ဒါနာအိုကျွန်းရှိ မျူအုပ်စုနှင့် အကြမ်းဖက်လုပ်ရပ်များ ပေါင်းစပ်လုပ်ကိုင်ရန် ၎င်း၏တပ်ဖွဲ့မှ တိုက်ခိုက်ရေးသမားများကို ပေါင်းစပ်ပေးခဲ့သူဖြစ်သည်ဟု ကျွမ်းကျင်သူများက သုံးသပ်ခဲ့သည်။

ဟက်ပီလီအွန်နှင့် မျူအကြမ်းဖက်ခေါင်းဆောင်နှစ်ဦးသေဆုံးခြင်းသည် မာရဝီကို ပြန်လည်သိမ်းပိုက်ရာတွင် တိုးတက်မှုဖြစ်စဉ်နေ့သည်ဟု ထင်မြင်ချက်ပေးခံနေရသည့် ဖိလစ်ပိုင်တပ်မတော်အတွက် အကြီးအကျယ်အောင်ပွဲရရှိမှုပင် ဖြစ်သည်။

**(ရိုက်တာ)**

# ဆိုမာလီ အသေခံကားဗုံးခွဲတိုက်ခိုက်မှုတွင် သေဆုံးသူ အရေအတွက် ၃၀၀ အထိမြင့်တက်လာ

**မိုဂါဒစ်ရှူး အောက်တိုဘာ ၁၆**

ဆိုမာလီမြို့တော် မိုဂါဒစ်ရှူး၌ မကြာသေးမီက ဖြစ်ပွားခဲ့သော အသေခံကားဗုံးခွဲတိုက်ခိုက်မှုတွင် သေဆုံးသူအရေအတွက်မှာ ၃၀၀ အထိရှိလာပြီဖြစ်ကြောင်း မြို့တော်အရေးပေါ်လူနာတင်ယာဉ်ဝန်ဆောင်မှုဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက အောက်တိုဘာ ၁၆ ရက်က ပြောခဲ့သည်။

အသေခံဗုံးပေါက်ကွဲမှုတွင် လူ ၃၀၀ သေဆုံးခဲ့သည်ကို အတည်ပြုကြောင်း၊ သေဆုံးသူအရေအတွက်မှာ ထပ်မံမြင့်တက်လာနိုင်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် လူတချို့မှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း အာမင်အရေးပေါ်လူနာတင်ယာဉ်ဝန်ဆောင်မှုဌာနမှ ညွှန်ကြားရေးမှူး အက်ဒီခါဒါ အက်ဘ်ဒီရာမန်က ပြောခဲ့သည်။

ဆေးရုံမှပေးပို့သည့် စာရင်းများအရ သေဆုံးသူအရေအတွက်မှာ ယခုလတ်တလောတွင် ၃၀၀ အထိမြင့်တက်လာပြီး ဆက်လက်မြင့်တက်နိုင်သည့် အလားအလာရှိကြောင်း ဆိုမာလီနိုင်ငံ အထက်လွှတ်တော်ဒုတိယဥက္ကဋ္ဌက မီဒီယာများကို ပြောကြားခဲ့သည်။

ပေါက်ကွဲစေသည့် ပစ္စည်းများတင်ဆောင်လာသည့် ကားတစ်စီးသည် ယမန်နေ့က မြို့တော်မိုဂါဒစ်ရှူး လမ်းဆုံတစ်နေရာတွင် ဖောက်ခွဲခဲ့သဖြင့် အနီးပတ်ဝန်းကျင်ရှိ ဆိုင်များ၊ ဟိုတယ်များနှင့် အစိုးရအဆောက်အအုံများ ပျက်စီးသွားခဲ့ရပြီး ပေါက်ကွဲမှုသည် လွန်စွာပြင်းထန်ကြောင်း သိရသည်။

အဆိုပါအသေခံကားဗုံးခွဲတိုက်ခိုက်မှုကို လက်ရှိအချိန်တွင် မည်သည့်အဖွဲ့က ပြုလုပ်ခဲ့သည်ဆိုသည့်အကြောင်းကို ကြေညာခြင်းမရှိသေးသော်လည်း ဆိုမာလီသတင်းမီဒီယာများ၏ဖော်ပြချက်များအရ ဖောက်ခွဲမှုသည် ဆိုမာလီနိုင်ငံ အစွန်းရောက်အဖွဲ့တစ်ဖွဲ့ဖြစ်သည့် အယ်လ်ရှာဘတ်အုပ်စုမှ ပြုလုပ်ခြင်းဖြစ်နိုင်ကြောင်း ဖော်ပြခဲ့သည်။

တိုက်ခိုက်ရသည့် အဓိကရည်ရွယ်ချက်မှာ အစိုးရနှင့် သတင်းမီဒီယာများထံသို့ သတင်းအချက်အလက်ပေးပို့သူများ နေထိုင်ရာ ဟိုတယ်ကို တိုက်ခိုက်လိုသောကြောင့်ဖြစ်ကြောင်း၊ အယ်လ်ရှာဘတ်အဖွဲ့သည် ဒေသတွင်း ပတ်ဝန်းကျင်များတွင် အကြမ်းဖက်တိုက်ခိုက်မှုများကို အမြောက်အမြားပြုလုပ်ခဲ့ကြောင်း သိရသည်။ **(ရိုက်တာ၊ ဆင်ဟွာ)**

# အမေရိကန်နှင့် တောင်ကိုရီးယား ပူးတွဲစစ်ရေးလေ့ကျင့်မှုက ကိုရီးယားကျွန်းဆွယ်တွင် တင်းမာမှုများကြီးထွားအောင် လုပ်ဆောင်နေကြောင်း မြောက်ကိုရီးယားပြောကြား

**ပြုံယမ်း အောက်တိုဘာ ၁၆**

အမေရိကန်နှင့် တောင်ကိုရီးယားတို့ ရေတပ်စစ်ရေးလေ့ကျင့်မှုများကို ပူးတွဲဆောင်ရွက်မှုသည် ကိုရီးယားကျွန်းဆွယ်ပေါ်၌ တင်းမာမှုများ ပိုမိုကြီးထွားလာအောင် ပြုလုပ်နေခြင်းဖြစ်သည်ဟု မြောက်ကိုရီးယားက ပြောကြားခဲ့ကြောင်း သိရသည်။

အာဏာရကိုရီးယားအလုပ်သမားပါတီမှထုတ်ဝေသည့် ရိုဒေါင်ဆင်မန်သတင်းစာတွင် တနင်္လာနေ့က ရေးသားဖော်ပြထားသည်မှာ အမေရိကန်နျူကလီးယားစွမ်းအားရှိ လေယာဉ်တင်သင်္ဘောဖြစ်သည့် ယူအက်စ်အက်စ်ရော်နယ်ရေဂင်နှင့်အတူ နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ယင်းစစ်ရေးလေ့ကျင့်မှုသည် မြောက်ကိုရီးယားကို စစ်ရေးအရခြိမ်းခြောက်နေခြင်းဖြစ်သည်ဟု မြောက်ကိုရီးယားက ပြောကြားခဲ့သည်။ တောင်ကိုရီးယားက စစ်ရေးကျူးကျော်မှုများကို အရှိန်မြှင့်ဆောင်ရွက်ရန် ပြင်ပအင်အားစုများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်လေလေ ကိုရီးယားကျွန်းဆွယ်မှ စစ်ပွဲများဖြစ်ပွားလာစေမည့်အကြောင်းရင်းကို ဖယ်ထုတ်ပစ်ရန် မြောက်ကိုရီးယား၏ ဆုံးဖြတ်ချက် ပိုမိုခိုင်မာလာလေလေပင်ဖြစ်ကြောင်း ရိုဒေါင်ဆင်မန်သတင်းစာတွင် ရေးသားဖော်ပြခဲ့သည်။

မြောက်ကိုရီးယားဘက်မှ သတိပေးချက်များကို ဂရုမစိုက်ပါက တောင်ကိုရီးယားနိုင်ငံသည် ပျက်စီးဆုံးရှုံးမှုများနှင့်သာ ရင်ဆိုင်ရလိမ့်မည်ဖြစ်သည်ဟု မြောက်ကိုရီးယားက ပြောကြားခဲ့ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# အီရတ်ရှိရေနံကြွယ်ဝသည့် ကာကွတ်မြို့တွင် တိုက်ပွဲများပြင်းထန်လာနေချိန် ရေနံဈေးနှုန်းမြင့်တက်

**လန်ဒန် အောက်တိုဘာ ၁၆**

အီရတ်တပ်ဖွဲ့များသည် ကာကွတ်မြို့တွင်းသို့ဝင်ရောက်လာပြီး ကာ့ဒ်တိုက်ခိုက်ရေးအဖွဲ့များထံမှ နယ်မြေပြန်လည်ရယူလျက်ရှိချိန်တွင် ရေနံဈေးနှုန်းများ တနင်္လာနေ့တွင် မြင့်တက်လာခဲ့ကြောင်း သိရသည်။ ရေနံတင်ပို့မှုအဖွဲ့ အိုပက်၏ ဒုတိယအကြီးဆုံး ထုတ်လုပ်ရေးနယ်မြေမှ ရေနံတင်ပို့မှုအပေါ် စိုးရိမ်ပူပန်မှုများလည်း မြင့်တက်လာခဲ့သည်။

ဘဂ္ဂဒက်နှင့် ကာ့ဒ်ဒေသအစိုးရအဖွဲ့တို့အကြားတွင် ဖြစ်ပွားနေသည့် ပဋိပက္ခများပြင်းထန်လျက်ရှိရာ အီရတ်အင်အားစုများသည် တနင်္ဂနွေနေ့တွင် လူမျိုးစုပေါင်းစုံနေထိုင်သည့် နယ်မြေအတွင်း၌ စစ်ဆင်ရေးဆင်နွှဲခဲ့သည်။ ပြီးခဲ့သည့်စက်တင်ဘာ ၂၅ ရက် ရွေးကောက်ပွဲတွင် ကာ့ဒ်ဒေသအစိုးရအဖွဲ့က မဲပေးမှုပြုလုပ်ခဲ့ချိန်မှစတင်ကာ တင်းမာမှုများ ပိုမိုကြီးထွားလာခဲ့ခြင်းဖြစ်သည်။

အီရတ်မြောက်ပိုင်းတွင် ဖြစ်ပွားနေသည့် တင်းမာမှုပဋိပက္ခများသည် ရေနံဈေးနှုန်းတက်ရခြင်း၏ အဓိကအကြောင်းရင်းဖြစ်သည်ဟု စီးပွားရေးကျွမ်းကျင်သူ ကာစတန်ဖရစ်ချ်က ကမ္ဘာလုံးဆိုင်ရာရေနံဖိုရမ်တွင် ရိုက်တာသို့ ပြောကြားခဲ့သည်။ အဆိုပါဒေသမှ ရေနံတင်ပို့မှုသည် အခက်အခဲဖြစ်လျက်ရှိကြောင်း ၎င်းက ဖြေကြားခဲ့သည်။

နိုင်ငံတကာသုံးရေနံစိမ်း LCOc1 တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၅၇ ဒသမ ၇၅ ရှိလာခဲ့ပြီး ယခင်ဈေးနှုန်းထက် ၅၈ ဆင့် မြင့်တက်လာခဲ့သည်။ အမေရိကန် WIT ရေနံစိမ်းမှာ တစ်စည်လျှင် ဒေါ်လာ ၅၁ ဒသမ ၉၅ ရှိပြီး ဆင့် ၅၀ မြင့်တက်ခဲ့သည်။ ယခုရက်အစောပိုင်းအတွင်းမှာပင် ၅၂ ဒသမ ၂၂ ဒေါ်လာဈေးနှုန်းဖြင့် ရေနံတင်ပို့ရောင်းချမှု ပြုလုပ်ခဲ့ရကြောင်း သိရသည်။

**(ရိုက်တာ)**



# အရေးယူပိတ်ဆို့မှုများ ဆက်လက်လုပ်ဆောင်လာပါက နျူကလီးယားစာချုပ်မှနုတ်ထွက်မည်ဟု အီရန်ထပ်မံခြိမ်းခြောက်လာ

**တီဟီရန် အောက်တိုဘာ ၁၆**

အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာဗက်ရှာရစ်ဖ်သည် အကယ်၍ အမေရိကန်က အီရန်နိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ ဆက်လက်လုပ်ဆောင်လာခဲ့လျှင် အီရန်အနေဖြင့် ကမ္ဘာ့ထိပ်တန်းအင်အားကြီးခြောက်နိုင်ငံနှင့် ချုပ်ဆိုခဲ့သည့် အီရန်နျူကလီးယားစာချုပ်မှ အပြီးနုတ်ထွက်သွားတော့မည်ဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ၂၀၁၅ ခုနှစ်က နိုင်ငံတကာဆိုင်ရာ နျူကလီးယားစာချုပ်ကို အီရန်က လေးစားလိုက်နာခဲ့မှု မရှိသည့်အတွက် အကျုံးမဝင်ကြောင်း ကြေညာမည်ဟု သောကြာနေ့တွင် ပြောဆိုခဲ့ပြီးနောက် အီရန်နိုင်ငံခြားရေးဝန်ကြီးက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထရန့်က ၎င်းအနေဖြင့် ယင်းကိစ္စနှင့်ပတ်သက်၍ မည်ကဲ့သို့ဆက်လုပ်သွားရန်သင့်သည်ကို ကွန်ဂရက်လွှတ်တော်၌ ဆုံးဖြတ်စေမည်ဟု ပြောကြားခဲ့သည်။ စနေနေ့က ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသခဲ့သည့် အင်တာဗျူးတစ်ခုတွင် ဇာရစ်ဖ်က ပြောကြားသည်မှာ ထရန့်အစိုးရအဖွဲ့ကလုပ်ဆောင်နေမှုများသည် နျူကလီးယားစာချုပ်ကို ချိုးဖောက်နေခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

သဘောတူစာချုပ်နှင့်သက်ဆိုင်သည့် အဖွဲ့များ၏ ပူးတွဲကော်မတီသို့ ၎င်းက စာရေးသားပေးပို့မည်ဖြစ်ကြောင်း ရှာရစ်ဖ်က ပြောသည်။ အကယ်၍ နောက်ထပ် အခြားတစ်နိုင်ငံကပါ လွဲမှားစွာဆုံးဖြတ်ခဲ့လျှင် အီရန်သည် နျူကလီးယားစာချုပ်ကိုစွန့်လွှတ်ပြီး ငြိမ်းချမ်းရေးကိုရည်ရွယ်သည့် နျူကလီးယားဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်စီမံဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(အင်န်အိတ်ချ်ကေ)**

နိုင်ငံတကာ သတင်းတိုတွာ

## စပိန်တွင် ၂၄နာရီအတွင်း ရွှေ့ပြောင်းသွားလာသူ ၁၇၀ ကျော်ကို ကယ်ဆယ်

**မက်ဒရစ် အောက်တိုဘာ ၁၆**

မြောက်အမေရိကနှင့် စပိန်တို့အကြား အန္တရာယ်ကြီးမားသည့် ပင်လယ်ပြင်အတွင်း ဖြတ်ကျော်သွားလာရန်ကြိုးပမ်းနေကြသည့် ရွှေ့ပြောင်းသွားလာသူ ၁၇၂ ဦးကို စပိန်ရေကြောင်းကယ်ဆယ်ရေးအင်အားစုများက ကယ်ဆယ်ခဲ့ရကြောင်း စနေနေ့တွင် အတည်ပြုပြောကြားခဲ့သည်။

ရွှေ့ပြောင်းသွားလာသူ ၁၇၂ ဦးတို့ကို ရော်ဘာလှေ ၁၁ စင်းတို့မှ ကယ်ဆယ်ခဲ့ရသည်။ ကယ်ဆယ်ခဲ့ရသူများအနက် ၅၆ ဦးမှာ သတ္တုတွင်းလုပ်သားများဖြစ်ကြသည်ဟု ဆိုသည်။ ရော်ဘာလှေ ၉ စင်းကို စပိန်အရှေ့တောင်ဘက် မာစီယာဒေသကမ်းခြေတွင် ကယ်ဆယ်ခဲ့ပြီး လူ ၁၀၀ ခန့်ကို ကာတာဂျီနာဆိပ်ကမ်းသို့ ခေါ်ဆောင်သွားခဲ့သည်။

ကြက်ခြေနီအဖွဲ့က ရွှေ့ပြောင်းသွားလာသူ ငါးဦးမှာ ဆေးကုသမှုခံယူရန်လိုအပ်နေပြီး နှစ်ဦးကို ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း ပြောကြားခဲ့သည်။ နာရီပိုင်းအတွင်း ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရသည်။ ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း မာစီယာဒေသသို့ ရွှေ့ပြောင်းသွားလာသူ အယောက် ၃၀၀ ကျော်ရောက်ရှိလာခဲ့ကြောင်း ဖော်ပြလျက်ရှိသည်။

အဆိုပါအရေအတွက်သည် မာစီယာဒေသအတွင်း၌ ရောက်ရှိလာသည့် အမြင့်ဆုံးအရေအတွက်ဖြစ်သည်။ စနေနေ့အစောပိုင်းက ရော်ဘာလှေနှစ်စင်းပေါ်မှ ကယ်ဆယ်ခဲ့သည့် ရွှေ့ပြောင်းသွားလာသူ ၇၂ ဦးတို့ကို ဂီဘရက်တာရေလက်ကြားအတွင်းမှ ကယ်ဆယ်ခဲ့ပြီး စပိန်အနောက်တောင်ပိုင်း ကားဒစ်အနီးရှိ ဘာလတီဆိပ်ကမ်းသို့ ပို့ဆောင်ခဲ့သည်။

အထက်ပါအချက်များအရ စပိန်ရေကြောင်းကယ်ဆယ်ရေးအဖွဲ့သည် အောက်တိုဘာလမှ စတင်ကာ နှစ်ပတ်ကြာသည်အထိ ရွှေ့ပြောင်းသွားလာသူပေါင်း ၈၀၀ ကျော်ကို ကယ်ဆယ်ခဲ့ရကြောင်း ဖော်ပြသည်။

(ဆင်ဟွာ)

## အမျိုးသားလေကြောင်း သယ်ယူပို့ဆောင်ရေးစနစ်တစ်ခုကို ဖွင့်လှစ်ရန်ဆလိုဗက်ကီးယားစီစဉ်

**ဘရာတီစလာဗာ အောက်တိုဘာ ၁၆**

ဆလိုဗက်ကီးယားနိုင်ငံတွင် အမျိုးသားလေကြောင်းသယ်ယူပို့ဆောင်ရေးစနစ်တစ်ခုကို တည်ထောင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ လေယာဉ်ပြေးဆွဲမှုကို လေယာဉ်တစ်စင်း သို့မဟုတ် နှစ်စင်းဖြင့် စတင်သွားမည်ဖြစ်ပြီး ဘရာတီစလာဗာ-ပိုပရက်-ကိုဆိုက်စ် လမ်းကြောင်းဖြင့် ပုံမှန်လေကြောင်းပြေးဆွဲမှု ပြုလုပ်သွားမည်ဖြစ်ကြောင်း ဆလိုဗက်ကီးယားဝန်ကြီးချုပ် ရောဘတ်ဖီကိုက စနေနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ဆလိုဗက်ကီးယားပိုင်နက်အတွင်း၌ အရှေ့ပိုင်းနှင့် အနောက်ပိုင်းကို ပုံမှန်ပြေးဆွဲပေးမည့် လေကြောင်းသယ်ယူပို့ဆောင်ရေးစနစ်တစ်ခု အခိုင်အမာရှိရန် လိုအပ်နေကြောင်း၊ ထိုအချက်သည် ယခုအချိန်အတောအတွင်း အရေးကြီးဆုံးအချက်တစ်ချက်ဖြစ်ကြောင်း ဖီကိုက အလေးအနက် ပြောကြားခဲ့သည်။

(ဆင်ဟွာ)

# အားမာန်တစ်ခုဟု ဆိုရမည့် ကမ္ဘာကျော် မဟာတံတိုင်းကြီး (၁)

**တင်လင်းအောင်**



ဂရိတ်ဝေါ (မဟာတံတိုင်းကြီး) ဟု ဆိုလိုက်လျှင် မသိသူ မရှိသလောက်ပင်။ ယင်း၏ နာမည်ဂုဏ်ဒြပ်က ကြီးကျယ်လှသလို တကယ့်လက်တွေ့တွင်လည်း ရင်သပ်ရှုမောဖွယ်ကောင်းပေစွ။ စာရေးသူတို့ မြန်မာလေ့လာရေးအဖွဲ့သည် ကံကောင်းထောက်မစွာဖြင့် ထိုထိုသော ခမ်းနားထည်ဝါမှုများနှင့် ပြည့်စုံသည့် မဟာတံတိုင်းကြီးကို သွားရောက်လည်ပတ်ခွင့်ရခဲ့ပေသည်။ ထိုခရီးစဉ်အား တရုတ်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ထုတ်ဝေသူများအဖွဲ့ (စီအိုင်ပီဂျီ) မှ လုရှင်ကျားဦးဆောင်သောအဖွဲ့က တာဝန်ယူစီစဉ်ပေးခဲ့ခြင်းဖြစ်သည်။

မဟာတံတိုင်းကြီးသည် လိမ်ပတ်ရစ်ခွေထားသော နဂါးတစ်ကောင်ကဲ့သို့ပင် တောအထပ်ထပ်တောင်စဉ်အသွယ်သွယ်ကို ဖြတ်ကျော်ရစ်ခွေထားပေရာ တရုတ်နိုင်ငံမြောက်ပိုင်းအထိ ရှည်လျားထွေပြားလှကြောင်း သိရပေသည်။ ထူးခြားအံ့သြဖွယ်ကောင်းလှစွာဖြင့် ကြားသိရသည်မှာ ထိုမဟာတံတိုင်းကြီးသည် လူသားတို့ပြုလုပ်ထားသည့် အကြီးမားဆုံး ကမ္ဘာ့အံ့ဖွယ်များထဲမှ တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရပေသည်။

မဟာတံတိုင်းကြီး၏ သမိုင်းရာဇဝင်သည် အင်အားတောင့်တင်းသော တရုတ်နိုင်ငံတော်ကြီး မပေါ်ထွန်းခင် လွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင်ကျော်ကတည်းက တည်ရှိခဲ့ကြောင်း လေ့လာမှတ်သားခဲ့ရသည်။ မဟာတံတိုင်းကြီးသည် တစ်ခုတည်းသော တံတိုင်းကြီးမဟုတ်ဘဲ မြောက်မြားစွာသော တံတိုင်းများပါရှိပြီး ခံတပ်ကြီးတစ်ခုလည်းဖြစ်ကြောင်း သိရသည်။ မဟာတံတိုင်းကြီးပေါ်သို့ တက်ရောက်နိုင်သော နေရာလေးခုရှိပေရာ စာရေးသူတို့အဖွဲ့သည် ပေကျင်းမှ သွားလျှင် သိပ်မဝေးလှသော ဂျင်ရှလင်ဘက်မှ တက်ရောက်ခဲ့ကြပေသည်။ အဆိုပါနေရာသည် ခြေလျင်တောင်တက်သမားများအတွက် အသင့်တော်ဆုံးနေရာတစ်ခုဖြစ်သော်လည်း စာရေးသူတို့လို အလေ့အကျင့်မရှိသူတို့အတွက် အတော်ကြိုးစားတက်ရောက်ရသော နေရာတစ်ခုဖြစ်သည်။ မဟာတံတိုင်းကြီးပေါ်သို့ တက်ရောက်နိုင်သော အခြားနေရာများမှာ ဘက်တလင်၊ မူတီယန်ယူနှင့် ဆိုင်မာတယ်တို့ ဖြစ်ကြပေသည်။

မဟာတံတိုင်းကြီးသည် ယဉ်ကျေးမှုအရရော သမိုင်းကြောင်းအရပါ အလွန်အရေးပါသော နေရာဖြစ်သောကြောင့် ယူနက်စကိုက မဟာတံတိုင်းကြီးကို ကမ္ဘာ့အမွေအနှစ်နေရာတစ်ခုအဖြစ် ၁၉၈၇ ခုနှစ်မတိုင်ခင် သတ်မှတ်ခဲ့သည်။ မဟာတံတိုင်းကြီးသည် နိုင်ငံမြောက်ဘက်စွန်းအပိုင်းရှိ နယ်နိမိတ်ကို ကာကွယ်ပေးထားသည်။ ၂၀၁၂ ခုနှစ်က ကောက်ယူခဲ့သော ရှေးဟောင်းယဉ်ကျေးမှုစစ်တမ်းအရ မင်းအဆက်ဆက်ပြုလုပ်ခဲ့သော အဆိုပါတံတိုင်းများသည် ပြည်နယ် ၁၅ ခုကို ဖြတ်ကျော်ပြီး အနောက်မြောက်ပိုင်းတွင် ဆင်ကျန်းအထိ ရှည်လျားသလို အရှေ့ဘက်တွင်လည်း ကိုရီးယားနယ်နိမိတ်အထိ ရောက်ရှိနေကြောင်း သိရသည်။

တည်ဆောက်ခဲ့သမျှသော တံတိုင်းကြီး၏ အပိုင်းများကို လိုက်တိုင်းကြည့်မည်ဆိုလျှင် အသစ်ဖော်ပြသော အစီရင်ခံစာအရ တရုတ်ပြည်၏ မဟာတံတိုင်းကြီးသည် မယုံကြည်စရာကောင်းလောက်အောင် ၁၃၁၇၀ ဒသမ ၇ မိုင် ရှည်လျားကြောင်း သိရသည်။ မဟာတံတိုင်းကြီး၏ အလှပဆုံးနှင့် အထင်ရှားဆုံးအပိုင်းကို မင်မင်းဆက်တွင် တည်ဆောက်ခဲ့သည်။ တံတိုင်းကြီး၏ ဟူရှန်မှ ဂျာယုကွမ်အထိ မိုင်ပေါင်း ၅၅၀၀ ဒသမ ၃ မိုင်ရှည်လျားကြောင်း သိရသည်။ တံတိုင်းကြီး၏ အဓိကလမ်းကြောင်းအရှည်ကိုသာ ဖော်ပြရလျှင် မိုင်ပေါင်း ၂၁၅၀ ရှည်လျားကြောင်း သိရသည်။ အဆိုပါ မိုင်အရေအတွက်အရလည်း ကမ္ဘာ့အရှည်ဆုံး တံတိုင်းကြီးတစ်ခုအဖြစ် ဆက်လက် မှတ်တမ်းတင်နိုင်ဆဲဖြစ်ကြောင်း သိရသည်။

မဟာတံတိုင်းကြီးကို မည်မျှမြင့်သနည်းဟု မေးမည်ဆိုပါက တံတိုင်းကြီး၏အမြင့်သည် တည်ဆောက်ခဲ့သော အနိမ့် အမြင့် အမျိုးမျိုးကွဲလွဲလျက်ရှိရာ ၁၅ ပေမှ ၃၉ ပေအထိမြင့်ကြောင်း၊ ဖြက်အကျယ်ဆုံးအမှတ်တွင် တံတိုင်းကြီးသည် ၃၂ ပေအထိ အထူရှိကြောင်း သိရသည်။

မဟာတံတိုင်းကြီးကို မည်သည့်အချိန်က တည်ဆောက်ခဲ့ကြောင်းမေးလျှင် အတိအကျအဖြေပေးရန် ခက်ခဲပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ခေတ်အဆက်ဆက် မင်းအဆက်ဆက်တို့က လက်ဆင့်ကမ်း တည်ဆောက်ခဲ့သောကြောင့်ဖြစ်သည်။ ပထမဆုံး တံတိုင်းအလျားကို ဘုရင် ချင်ရှီဟွမ်လက်ထက် ဘီစီ ၇၇၀ ထက်စောပြီး တည်ဆောက်ခဲ့ကြောင်း သိရသည်။ ကျန်ရှိနေသော မိုင် ၅၅၀၀ ခန့်ရှိသည့် တံတိုင်းကြီးကို မင်မင်းဆက် (၁၃၆၈ နှင့် ၁၆၄၄) ကြားတွင် တည်ဆောက်ခဲ့ကြောင်း သိရသည်။

မဟာတံတိုင်းကြီးကို ထောင်စုနှစ်ပေါင်းများစွာကတည်းက မင်းအဆက်ဆက် တည်ဆောက်ခဲ့ကြောင်း မှတ်သားရမည် ဖြစ်သည်။

မဟာတံတိုင်းကြီးကို မည်သည့်အတွက်ကြောင့် တည်ဆောက်ခဲ့သနည်း။ ဟိုးယခင်က မဟာတံတိုင်းကြီးကို စစ်ဖြစ်ချိန်အတွင်း တံတိုင်းကြီးတစ်ခုအဖြစ် တားဆီးကာကွယ်မှုပြုလုပ်ရန် ရည်ရွယ်ကာ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါတံတိုင်းကြီးတွင် မျှော်စင်များနှင့် ခေတ္တခဏ နားခိုရာနေရာများ အများအပြားတည်ရှိသည်။ ဘုရင် ချင်ရှီဟွမ်က ရှည်လျားသော တံတိုင်းကြီးဟု အမည်နာမ မှည့်ခေါ်ခဲ့သည်။ ယင်းတံတိုင်းကြီးကို တရုတ်နိုင်ငံရှိ ပြည်နယ်များကို မြောက်ပိုင်းလူမျိုးစုရန်မှ ကာကွယ်ရန် ရည်ရွယ်တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

ဟန်မင်းဆက်လက်ထက် (ဘီစီ ၂၀၆ နှင့် အေဒီ ၂၂၀) တွင် မဟာတံတိုင်းကြီးကို ပိုးလမ်းမကြီးကုန်သွယ်မှုကို ကာကွယ်ရန်အတွက် ထပ်မံတိုးချဲ့တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မင်မင်းဆက်လက်ထက်တွင် အဆိုပါ မဟာတံတိုင်းကြီးကို တိုးချဲ့တည်ဆောက်ရုံသာမက ရှိပြီးသား တံတိုင်းကြီးကို ပိုမိုကောင်းမွန်အောင် ပြန်လည်ပြုပြင်ခဲ့သေးကြောင်း သိရသည်။

မဟာတံတိုင်းကြီးသည် ခံစစ်နေရာများစုဖွဲ့ထားသော ကြီးမားသည့် အစုအဝေးတံတိုင်းကြီးဖြစ်သောကြောင့် မဟာတံတိုင်းကြီး၏ တချို့သောအပိုင်းများသည် မျဉ်းပြိုင်သဏ္ဌာန်တည်ရှိကြပြီး တချို့မှာ အဝိုင်းပုံနံရံများဖြင့် ဖွဲ့စည်းထားရှိကြောင်း သိရသည်။

မင်မင်းဆက်လက်ထက်တွင် မဟာတံတိုင်းကြီးကို ဖြတ်တောက်ထားသော ကျောက်တုံးများဖြင့် မတည်ဆောက်ဘဲ အုတ်များဖြင့် တည်ဆောက်ခဲ့ပြီး ယင်းအုတ်များကို မဟာတံတိုင်းကြီး၏ အောက်ခြေပန္နက်နှင့် တံခါးပေါက်များအဖြစ် အခိုင်အမာတည်ဆောက်ခဲ့ကြောင်း သိရသည်။

သမိုင်းဆိုင်ရာစုစည်းတင်ပြထားသော ဝက်ဘ်ဆိုက်တစ်ခုတွင် ဘုရင်ချင်ရှီဟွမ်သည် ရှည်လျားလှသော တံတိုင်းကြီးကို တည်ဆောက်ရန် စစ်မှုထမ်း၊ အရပ်သူ အရပ်သားနှင့် စစ်သုံ့ပန်း စုစုပေါင်း သုံးသိန်းလောက် အသုံးပြုခဲ့ကြောင်းသိရပြီး တချို့သူများမှာ တံတိုင်းကြီးတည်ဆောက်နေစဉ်တွင် သေဆုံးခဲ့ကြောင်း၊ ၎င်းတို့သည် မြင့်မားမတ်စောက်သော တောင်ပေါ်သို့ ကျောက်တုံးများကို ကျော၌ပိုးကာ တက်ခဲ့ရကြောင်း သိရသည်။

မဟာတံတိုင်းကြီး၏ ယခင်က တည်ဆောက်ခဲ့သော အစိတ်အပိုင်းများကို လက်ချည်းသက်သက်ဖြင့် တည်ဆောက်ခဲ့ကြရသည်။ ထို့အတူ တစ်ခါတစ်ရံတွင်လည်း ဘီးနှစ်လုံးတပ်လက်တွန်းလှည်းများ၊ ကြိုးများ၊ တောင်ပေါ်သို့ ဝန်များကို ကြိုးနှင့် ဆွဲတင်သည့် နည်းလမ်းများ၊ မြင်းများ၊ လှည်းများကိုလည်း အသုံးပြုခဲ့ရကြောင်း သိရသည်။

မဟာတံတိုင်းကြီးကို သွားရောက်လည်ပတ်ရန် အကောင်းဆုံးအချိန်မှာ မေလပထမပတ်နှင့် အောက်တိုဘာလတို့ဖြစ်ကြောင်း သိရသည်။ အဆိုပါရာသီတွင် မဟာတံတိုင်းကြီးသို့ လာရောက်လည်ပတ်သည့် ခရီးသွားများ ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိကြောင်း သိရသည်။ အဆိုပါလများသည် အားလပ်ရက်ကာလများဖြစ်သဖြင့် လူတိုင်း လွတ်လွတ်လပ်လပ် လာရောက်လည်ပတ်ကြကြောင်း သိရသည်။

ဆောင်းရာသီတွင် မဟာတံတိုင်းကြီးသည် ဆီးနှင်းများဖုံးလွှမ်းကာ အလွန်တရာလှပပေသည်။ အဆိုပါရာသီတွင် ခရီးသွားများ နည်းသွားလေ့ရှိသည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါရာသီ၌ မဟာတံတိုင်းကြီးပေါ်သို့ တက်ရာတွင် ချော်မကျအောင် သတိထားနေရသောကြောင့်ဖြစ်သည်။ ဆောင်းဦးရာသီသည် တရုတ်နိုင်ငံ၏ အလှပဆုံးသော ရာသီဖြစ်ပေရာ အဆိုပါအချိန်တွင် မဟာတံတိုင်းကြီးပေါ်သို့ တက်ရောက်ရာ၌ အလွန်တရာ ကြည်နူးစရာကောင်းပေသည်။ ရာသီဥတုမှာလည်း လှပသလို မဟာတံတိုင်းကြီး၏ အလှမှာလည်း ခရီးသွားများအတွက် စိတ်ဝင်စားစရာနေရာတစ်ခု ဖြစ်ပေသည်။

မဟာတံတိုင်းကြီးကို လွတ်လွတ်လပ်လပ်သွားရောက်လည်ပတ်လိုပါက ဇွန်လသည် အကောင်းဆုံးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တရုတ်နိုင်ငံတွင် အဆိုပါလ၌ အားလပ်ရက် သိပ်မရှိသောကြောင့် ခရီးသွားများဖြင့် ပြည့်ကျပ်ခြင်းကိုလည်း ရှောင်ရှားနိုင်မည်ဖြစ်ကာ စိတ်အေးလက်အေး လေ့လာနိုင်မည်ဖြစ်သောကြောင့် ဖြစ်သည်။

မဟာတံတိုင်းကြီးပေါ်သို့ လာရောက်လည်ပတ်သော ခရီးသွားများမှာ နိုင်ငံပေါင်းစုံမှဖြစ်ကာ အသွေးမတူ၊ အရောင်မတူသော်လည်း စိတ်ကူးချင်း တူညီကြပုံရသည်။ ၎င်းတို့သည် မဟာတံတိုင်းကြီးပေါ်သို့ ကြိုးစားပမ်းစား တက်ရောက်လေ့လာကြသည်။ လူတိုင်း မောပန်းမှုများ၊ ပင်ပန်းနွမ်းနယ်မှုများနှင့် ပြည့်နေလင့်ကစား မဟာတံတိုင်းကြီးပေါ်သို့ ကြိုးစားတက်ရောက်ရာတွင်ကား ရည်ရွယ်ချက်ချင်း တူညီကြလေသည်။ မဟာတံတိုင်းကြီး၏အောက်ခြေတွင် နှလုံးရောဂါရှိသူများနှင့် အမောဖောက်၊ ပန်းနာရင်ကျပ်ရှိသူများ မိမိတို့တက်နိုင်သလောက်သာ တက်ကြရန်လိုကြောင်း သတိပေးဆိုင်းဘုတ်များ ရေးထိုးထားသည်ကို တွေ့နိုင်ပေသည်။

မဟာတံတိုင်းကြီးကို အာကာသမှ ကြည့်လျှင် သာမန်မျက်စိဖြင့် မြင်နိုင်မည်မဟုတ်ဟုဆိုသည့် နာမည်ကျော် ကောလာဟလစကားကို နာဆာမှ သတင်းဓာတ်ပုံပေးပို့ဖော်ပြချက်အရ ရေဒါမြင်ကွင်းဖြင့် မြင်တွေ့နိုင်ကြောင်း သိရှိရပေသည်။

နှစ်စဉ်နှစ်တိုင်း ကမ္ဘာ့နာမည်ကျော် ခရီးသွားဆွဲဆောင်မှုနေရာတစ်ခုအဖြစ် မဟာတံတိုင်းကြီးသို့ လူပေါင်း ၁၀ သန်းကျော် လာရောက်လည်ပတ်ကြောင်း လေ့လာသိရှိရသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# နိုင်ငံတကာမျက်မမြင်လမ်းလျှောက်တုတ်နေ့ အခမ်းအနား မြစ်ကြီးနားမြို့၌ကျင်းပ

**မြစ်ကြီးနား အောက်တိုဘာ ၁၆**

နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့ အထိမ်းအမှတ် လမ်းလျှောက်ပွဲကို မြစ်ကြီးနားမြို့၌ အောက်တိုဘာ ၁၅ ရက်က ကျင်းပရာ အေးမြသာယာ မျက်မမြင်ကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ကျောင်းသား ကျောင်းသူများ၊ လင်းလက်ကြယ် မျက်မမြင်အဖွဲ့တို့နှင့်အတူ ပြည်နယ်လူမှုရေးဝန်ကြီးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကင်းထောက်လူငယ်များ၊ ပညာရေးကောလိပ်၊ သူနာပြုသင်တန်းကျောင်းတို့မှ သင်တန်းသား သင်တန်းသူများက တောင်ဝင်သဇင်ဆည့်ရိပ်သာရှေ့ စုရပ်မှစ၍ သခင်နက်ဖေလမ်းမှတစ်ဆင့် ရုံးကြီးလမ်းအတိုင်း မြို့တော်ခန်းမအထိ စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး ရပ်ကွက်နေပြည်သူများက လမ်းဘေးဝဲယာတစ်လျှောက်မှ ကြိုဆိုအားပေးခဲ့ကြသည်။



ထို့နောက် မြို့တော်ခန်းမ၌ နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့ အထိမ်းအမှတ်အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်မိသားစုမှ ငွေကျပ် သုံးသိန်း၊ ပြည်နယ်အစိုးရအဖွဲ့မှ ငွေကျပ် ၁၀ သိန်း၊ ပြည်နယ်လွှတ်တော်မှ ငွေကျပ် တစ်သိန်း၊ ပြည်နယ်တရားလွှတ်တော်ရုံးမှ ကျပ်တစ်သိန်း၊ ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ ရဝမ်တိုင်းရင်းသားရေးရာဝန်ကြီးနှင့် လူမှုရေးဝန်ကြီးတို့က ကျပ် ရှစ်သောင်း၊ အစိုးရအဖွဲ့အတွင်းရေးမှူး ဦးမြင့်လွင်မိသားစုက ကျပ်ငါးသောင်း၊ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ စုပေါင်း၍ ငွေကျပ် ၂၀၄၃၀၀ နှင့် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့က ငွေကျပ် တစ်သိန်းတို့ကို ထောက်ပံ့လှူဒါန်းကြပြီး မျက်မမြင်ကျောင်းအုပ်ကြီး ဦးလမုန်ဂမ်ဖန်က လက်ခံရယူကာ ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် မျက်မမြင်ကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် လင်းလက်ကြယ်မျက်မမြင်အဖွဲ့တို့က ခေတ်ပေါ်တေးသီချင်းများ၊ တေးသရုပ်ဖော်အကများဖြင့် ဖျော်ဖြေတင်ဆက်က ပြကြပြီး တာဝန်ရှိသူများနှင့် အခမ်းအနား တက်ရောက်လာကြသူများက နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့ အထိမ်းအမှတ် ပြသထားသည့် ပြခန်းနှင့် မျက်မမြင်များ ပြုလုပ်ထားသော လက်မှုပညာပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

**(ပြည်နယ် ပြန်/ဆက်)**

# ကြက်သွန်နီမျိုးဥ ဈေးမြင့်တက်လျက်ရှိ

**ရေစကြို အောက်တိုဘာ ၁၆**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် ကျေးရွာများ၌ ကြက်သွန်နီများစိုက်ပျိုးကြလျက်ရှိရာ ယခုနှစ်တွင် ယခင်နှစ်များထက် မျိုးဥဈေးနှုန်း မကြုံစဖူးမြင့်တက်နေပြီး တောင်သူများမှာ ဈေးအမြင့်ဖြင့်ဝယ်ယူ၍ စိုက်ပျိုးနေရကြောင်း ကြက်သွန်စိုက်တောင်သူများထံမှ သိရသည်။

"အခုအချိန်က မြစ်ရေကျချိန်ဆိုတော့ ကြက်သွန်နီစိုက်နေကြပြီ။ တချို့စိုက်ခင်းတွေလည်း စိုက်ပြီးကြလို့ ၁၅ ရက်သားလောက်တော့ ရှိနေပြီ။ ကြက်သွန်နီကို သဲသောင်ခုံပေါ်မှာနဲ့ သဲမြေတွေပေါ်မှာစိုက်မှ ပိုပြီးအောင်မြင်ဖြစ်ထွန်းတာမို့ ခုလို ရေကျပြီး သဲသောင်ခုံပေါ်ချိန်မှာ ပိုပြီးအစိုက်များတယ်။ ဒီနှစ်ကြက်သွန်နီမျိုးဥဈေးက နှစ်တိုင်းထက် ဈေးနှုန်းမြင့်နေတယ်။ မျိုးဥဈေးချိုတဲ့နှစ်တွေဆိုရင် တစ်ပိဿာ ကျပ် ၃၅၀ လောက်ပဲ ပေးဝယ်ပြီး စိုက်ရတာ။ ဒီနှစ်ဆန်ခါချအရွယ် မျိုးဥတစ်ပိဿာကို ကျပ် ၃၅၀၀ ပေးဝယ်ပြီး စိုက်ရတယ်။ ဆန်ခါဆို့အရွယ်မျိုးဥ တစ်ပိဿာကို ကျပ် ၂၀၀၀ ပေးဝယ်ရတယ်။ နှစ်တိုင်းမှာ အခုလောက်ထိ မျိုးဥဈေးနှုန်းမမြင့်ဖူးဘူး။ အရင်နှစ်တွေက မျိုးဥဈေးမမြင့်တဲ့နှစ်တွေမှာတောင် တစ်ပိဿာ ၁၀၀၀၊ ၁၅၀၀ လောက်ပဲ ပေးဝယ်ခဲ့ရဖူးတာပါ။ ဒီနှစ်လောက် မျိုးဥဈေးမြင့်တာမျိုး တစ်ခါမှမကြုံဖူးပါဘူး"ဟု ကိုရင့်ကျေးရွာမှ ကြက်သွန်နီစိုက်တောင်သူ ဦးကြည်စိုးက ပြောသည်။

ယခုနှစ်တွင် ကြက်သွန်နီမျိုးဥဈေးနှုန်းများ မြင့်တက်နေသလို ကြက်သွန်နီစားဥဈေးနှုန်းများမှာလည်း ယခင်နှစ်များကထက် မြင့်တက်လျက်ရှိသဖြင့် ကြက်သွန်နီဥဖော်ချိန်တွင် တက်ဈေးဖြင့်ရောင်းချနိုင်ရန် တောင်သူများအနေဖြင့် မျှော်လင့်နေကြသည်။

"ကြက်သွန်နီစိုက်ခင်းတစ်ဧကကို မျိုးဥ ဆန်ခါဆို့အရွယ်ဆိုရင် ပိဿာချိန် ၄၅၀ လောက် စိုက်ရတယ်။ ကြက်သွန်နီက ရေမြေ ရာသီဥတုနဲ့ မျိုးကောင်းရင် တစ်ပိဿာစိုက်ရင် ၁၀ ပိဿာထွက်တယ်။ အဲဒါကြောင့် ကြက်သွန်နီအထွက်ကောင်းရင် တစ်ဧကကို ပိဿာချိန် ၄၅၀၀ လောက်ထိ ထွက်တယ်။ ကျွန်တော်တို့အခုစိုက်နေတဲ့ ကြက်သွန်နီမျိုးဥတွေက နောက်သုံးလနေရင် စားဥအနေနဲ့ ဖော်ပြီးရောင်းရမှာ။ အဲဒီအချိန်အထိ ကြက်သွန်နီဈေးကောင်းပါ့စေလို့ မျှော်လင့်ပါတယ်"ဟု ကြက်သွန်နီစိုက်တောင်သူ ဦးရဲမြင့်က ပြောသည်။

**အိမ္ဗွန်ဆွေ(ရေစကြို)**

# အင်ဂျင်နီယာပညာရပ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တွေ့ဆုံပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၆**

အင်ဂျင်နီယာပညာရပ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာနိုင်ငံ စက်မှုလက်မှုအထက်တန်းကျောင်းသား ဟောင်းများနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ ဂျီတီအိုင်ကျောင်းသားဟောင်းအသင်းများ၏ မိတ်ဆက် တွေ့ဆုံပွဲကို လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် အဆောက်အအုံ၌ အောက်တိုဘာ ၁၄ ရက်က ကျင်းပခဲ့သည်။



တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ စက်မှုလက်မှုအထက်တန်းကျောင်းသားဟောင်းများအသင်း ဥက္ကဋ္ဌ ဦးစိုးဟန်က အသင်းဖြစ်တည်မှုနှင့် ရှေ့လုပ်ငန်းစဉ်များကို တင်ပြခဲ့ပြီး ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ အသက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာဇော်မင်းက အမှာစကားပြောကြားကာ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဥက္ကဋ္ဌနှင့် ဂျီတီအိုင်ကျောင်းသားဟောင်းများအသင်း ဥက္ကဋ္ဌတို့က အကြံပြုစကားပြောကြားခဲ့ကြသည်။

မြန်မာနိုင်ငံ စက်မှုလက်မှုအထက်တန်းကျောင်းသားဟောင်းများအသင်း ဥက္ကဋ္ဌ ဦးစိုးဟန်က "အကြောင်းအမျိုးမျိုးကြောင့် သူငယ်တန်းကနေပြီးတော့ ဆယ်တန်းအထိကို ကြားမှာ ထွက်သွားတဲ့ကလေးတွေက အပြင်မှာ ဘာလုပ်ရမှန်းမသိဘူး ဖြစ်နေတယ်။ အဲဒါမျိုးတွေကို ကျွန်တော်တို့ရှာဖွေပြီး ဖော်ထုတ်မယ်။ ဖော်ထုတ်ပြီးတော့ အခြေခံသင်တန်းလေးတွေပေးမယ်။ သူတို့တွေ လုပ်စားကိုင်စားနိုင်အောင်၊ ပညာလည်း လေးငါးတန်းအောင်ရင် သင်ယူလို့ရတဲ့ဟာမျိုးလေးတွေပေ့ါ။ အဲလိုလူမျိုးတွေ ဖော်ထုတ်ပြီး သင်တန်းတွေပေးပြီး သူတို့ဘဝရပ်တည်မှုအတွက်ကို ရှေ့အတွက်အဆင်ပြေအောင် ရည်ရွယ်လုပ်သွားမှာပါ"ဟု ပြောကြားသည်။

ထို့အပြင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းအနေဖြင့် အင်ဂျင်နီယာပညာရပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ၏ အရည်အသွေးနှင့် အရည်အချင်းတိုးတက်စေရန်အတွက် မည်သည့်အဖွဲ့အစည်းနှင့်မဆို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း အသင်း၏ အထွေထွေအတွင်းရေးမှူး ဦးတင်လတ်က ပြောသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# ခြောက်လအတွင်း တာချီလိတ်နယ်စပ်မှ ကမ္ဘာလှည့်ခရီးသွား လေးသိန်းကျော်ဝင်ရောက်

**နေပြည်တော် အောက်တိုဘာ ၁၆**

နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွား ဧည့်သည်များသည် မြန်မာနိုင်ငံ၏ ရေမြေတောတောင် သဘာဝအလှများ၊ ခရီးသွားဆွဲဆောင်သည့်နေရာများ၊ တိုင်းရင်းသားတို့၏ မတူကွဲပြားသည့် ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များ၊ လူနေမှုဘဝပုံစံများကို ကြည့်ရှုလေ့လာ သိမြင်ခံစားနိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာဝင်ပေါက်များနှင့် နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ အဆက်မပြတ် ဝင်ထွက်သွားလာလည်ပတ်လျက်ရှိသည်။

၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၁၂ ရက်အထိ တာချီလိတ်နယ်စပ် ဝင်/ထွက်ပေါက်မှတစ်ဆင့် နေ့ချင်းပြန်ခရီးစဉ် လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသား ခရီးသွားဧည့်သည် ၁၇၈ ဦး၊ မိုင်းဖြတ်၊ ကျိုင်းတုံခရီးစဉ်အနေဖြင့် ထိုင်းနိုင်ငံသားနှင့် တတိယနိုင်ငံသားအများစုပါဝင်သော နိုင်ငံခြားသားခရီးသွားဧည့်သည် ၃၈၈ ဦး၊ ဗီဇာဖြင့် လာရောက်လည်ပတ်ကြသည့် ထိုင်းနိုင်ငံသားနှင့် တတိယနိုင်ငံသားအများစုပါဝင်သော နိုင်ငံခြားသားခရီးသွားဧည့်သည် ၂၉၂ ဦးရှိကြောင်း သိရသည်။

နေ့ချင်းပြန်ခရီးစဉ်လာရောက်လည်ပတ်ကြသော ခရီးသွားဧည့်သည်အများစုသည် တာချီလိတ်မြို့ရှိ အထင်ကရနေရာများဖြစ်သော တာလော့ဈေး၊ ဘုရင့်နောင်ရုပ်တု၊ မဟာမြတ်မုနိဘုရားကြီး၊ ရွှေတိဂုံစေတီတော်၊ တိုင်းရင်းသားကျေးရွာ၊ အာခါဈေး၊ တရုတ်ဘုံကျောင်းများသို့ သွားရောက် လည်ပတ်ကြသည်ကို မြင်တွေ့ရသည်။

ညအိပ်ခရီးစဉ် လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသား ခရီးသွားဧည့်သည်များသည် မိုင်းဖြတ်မြို့ရှိ မြတ်စွာဘုရားခြေတော်ရာစေတီ၊ ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိ၊ ဟိုခိုကျောင်း၊ ဝတ်အင်းကျောင်း၊ စွန်တောင်စေတီ၊ ကျော့မ်ဆရီစေတီ၊ ရမ်ကုန်းကျောင်း၊ ပါလျန်ကျောင်း၊ ရပ်တော်မူ၊ သစ်တစ်ပင်တောင်၊ ကမ္ဘာအေးစေတီ စသည့် အထင်ကရ နေရာများသို့ သွားရောက်လည်ပတ်ကြကြောင်း သိရသည်။

တာချီလိတ်နယ်စပ်ဝင်ပေါက်မှတစ်ဆင့် ဝင်ရောက်သည့် နိုင်ငံခြားခရီးသွားဧည့်သည် အရေအတွက်မှာ ယခုနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာ ၁၁ ရက်အထိ ခြောက်လကျော်အတွင်း နေ့ချင်းပြန်ခရီးသည် စုစုပေါင်း ၄၀၃၁၇၄ ဦး၊ မိုင်းဖြတ်-ကျိုင်းတုံ ခရီးစဉ်အနေဖြင့် ခရီးသည် စုစုပေါင်း ၆၆၀၂ ဦးနှင့် ဗီဇာဖြင့် တာချီလိတ်မှတစ်ဆင့် လေယာဉ်ခရီးစဉ်ဖြင့် ပြည်တွင်းသို့ ဝင်ရောက်လည်ပတ်သည့် ခရီးသည် စုစုပေါင်း ၃၇၁၇ ဦးတို့ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရှိရသည်။

**သွန်းဝသန်၊ ဓာတ်ပုံ-MHT**



# ငပလီကမ်းခြေဒေသတွင် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှု (အခြေခံ) သင်တန်းများတိုးမြှင့်ဖွင့်လှစ်ပေးနေ

**နေပြည်တော် အောက်တိုဘာ ၁၆**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနကကြီးကြပ်၍ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန(သံတွဲရုံးခွဲ) နှင့် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ရခိုင်ဇုန်)တို့ ပူးပေါင်း၍ ဖွင့်လှစ်ခဲ့သည့် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှု(အခြေခံ)သင်တန်းများ ဆင်းပွဲကို အောက်တိုဘာ ၁၄ ရက်က ငပလီကမ်းခြေရှိ Amazing Ngapali Resort ဟိုတယ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် ပြည်နယ်ဝန်ကြီးဦးကျော်အေးသိန်းက ငပလီကမ်းခြေဒေသတွင် နေထိုင်ကြသည့် လူငယ်များ၏ အသိပညာ၊ အတတ်ပညာများတိုးတက်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်နှင့် ငပလီကမ်းခြေဒေသသို့ အပန်းဖြေကြသည့် ပြည်တွင်း၊ ပြည်ပ ဧည့်သည်များအား ပြည့်စုံကောင်းမွန်သည့် ဝန်ဆောင်မှုများပေးနိုင်ရန် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်းများ ဖွင့်လှစ်ပေးခြင်းအတွက် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများနှင့် Star Academy သင်တန်းကျောင်းမှ ဆရာများကို ကျေးဇူးတင်ရှိကြောင်း၊ အာရှတွင်သာမက ကမ္ဘာပေါ်တွင် ထင်ရှားကျော်ကြားသည့် ကမ်းခြေတစ်ခုဖြစ်သော ငပလီကမ်းခြေနှင့် မြောက်ဦးရှေးဟောင်း ယဉ်ကျေးမှုဒေသများအပြင် အခြားသော သဘာဝအခြေခံ အရင်းအမြစ်များ၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကြောင့် ရခိုင်ပြည်နယ်သို့လာသည့် ခရီးသွားဧည့်သည်များ နှစ်စဉ်တိုးတက်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ငပလီကမ်းခြေဒေသအပါအဝင် အနီးပတ်ဝန်းကျင်ရှိ လူငယ်များအား စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားပေးနိုင်မည့် Vocational Training School တစ်ခုကို ဖွင့်လှစ်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ငပလီကမ်းခြေဒေသအား ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိမ်းသိမ်းစောင့်ရှောက်ပေးရန် လိုအပ်ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း ငပလီကမ်းခြေ ရေရှည်သာယာလှပရေးနှင့် စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းကော်မတီကို ဖွဲ့စည်းပေးထားပြီး လုပ်ငန်းတာဝန်များကိုပါ သတ်မှတ်ပေးထားပြီးဖြစ်ပါကြောင်း၊ ဌာနဆိုင်ရာများဘက်က ဆောင်ရွက်နေသကဲ့သို့ လုပ်ငန်းရှင်များနှင့် ဒေသခံများကလည်း ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးကြရန် အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလုပ်ငန်းရှင်များအသင်း (ရခိုင်ဇုန်) ဥက္ကဋ္ဌ ဦးသန်းဦးက သင်တန်းများ ဖွင့်လှစ်ပေးခြင်းအတွက် ငပလီကမ်းခြေရှိ ဟိုတယ်များကိုယ်စား ကျေးဇူးတင်စကားပြောကြားပြီး သင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် သင်တန်းသားများအား ဆုများ ပေးအပ်ခဲ့ကြသည်။

သင်တန်းဆင်းပွဲသို့ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာန ရခိုင်ပြည်နယ် တာဝန်ခံ ညွှန်ကြားရေးမှူး ဦးရဲအောင်မိုး၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ရခိုင်ဇုန်) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ငပလီကမ်းခြေရှိ ဟိုတယ်များမှ တာဝန်ရှိသူများ၊ Star Academy သင်တန်းကျောင်းမှ သင်တန်းဆရာများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

**သတင်း-သွန်းဝသန်**

# အမှန်တရားအတွက်ညီညွတ်ကြစို့

## ဒေါက်တာမြင့်သန်း(ညောင်လေးပင်)

လမင်းကြီးကို တိမ်ညိုတိမ်မည်းတွေဖုံးလို့ မကြည်လင်သလို အမှန်တရားကိုလည်း သတင်းမှားတွေက ဖုံးကွယ်ထားလို့ အမှန်တရား ပျောက်ဆုံးနေတတ်ပါတယ်။ အခုခေတ်မှာ သတင်းမှား false news တွေ၊ သတင်းတု fake news တွေ အတော်ခေတ်စားလှပါတယ်။ ဆက်သွယ်ရေး နည်းပညာတွေ အားကောင်းလှလို့ မိမိတို့လိုရာကို ပုံသွင်းနိုင်အောင် သတင်းမှား၊ သတင်းတုတွေကို နည်းမျိုးစုံသုံးကြပါတယ်။ တကယ်ဖြစ်ရပ်မှန်တွေလို့ အများကလက်ခံသွားအောင် ထိထိမိမိ လုပ်နိုင်ကြပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ ဩဂုတ်လ ၂၅ ရက်နေ့က ARSA အစွန်းရောက်ကြမ်းဖက်သမားတွေရဲ့ မတရားကျူးကျော်မှုကို ခံခဲ့ရပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ အချုပ်အခြာအာဏာကို ပြောင်ပြောင်တင်းတင်း အစော်ကားခံလိုက်ရတာဖြစ်ပါတယ်။ ဒေသခံပြည်သူတွေ၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ သေကျေထိခိုက်ရတယ်။ ဖျက်ဆီးခံရတယ်။ မတရားစော်ကားခံရလို့ ဒေသကို လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ကာကွယ်ခဲ့တယ်။ လုပ်သင့်တာကို လုပ်ခဲ့တဲ့ကိစ္စကို အကျယ်ချဲ့ပြီး မြန်မာနိုင်ငံက (genocide) လူမျိုးတုံးသတ်ဖြတ်နေတယ်။ (ethnic cleansing) မျိုးနွယ်စုအလိုက် ရှင်းပစ်ဖို့ကြံနေတယ် စတဲ့ အလွန်ပြင်းထန်တဲ့ စကားလုံးတွေနဲ့ ကျွန်တော်တို့နိုင်ငံကို ထိပါးကြပါတယ်။ ခိုင်မာတဲ့သက်သေ solid evidnce မရှိဘဲ အခုလို စွပ်စွဲတာခံရခြင်းဖြစ် ပါတယ်။

ကမ္ဘာက လေးစားအထင်ကြီးတဲ့ နိုင်ငံတကာအဖွဲ့အစည်းအချို့ တိုးတက်ထွန်းကားလှတဲ့ နိုင်ငံကြီးအချို့ဟာ မယုံနိုင်စရာကောင်းလှအောင် တစ်ဖက်စောင်းနင်း ဝေဖန်တိုက်ခိုက်ကြပါတယ်။ ကမ္ဘာ့ ကြေးမုံပြင်မှာ မြန်မာနိုင်ငံရဲ့ ပုံရိပ် ကျဆင်းသွားအောင် ဖန်တီးခံလိုက်ရတာမို့ အတော်ခံပြင်းဖို့ ကောင်းပါတယ်။ လုပ်ကြံသတင်းတွေဟာ အမှန်တရားနဲ့ အလှမ်းကွာလှပါတယ်။ အာရကန်ရိုဟင်ဂျာလွတ်မြောက်ရေးတပ်ဖွဲ့လို့ အမည်တပ်ထားတဲ့ အကြမ်းဖက်သမားတွေနဲ့ သူတို့နောက်က ကြိုးကိုင်နေသူတွေဟာ မတရားကျူးကျော်တဲ့အပြင် ဒေသခံလူထုကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ကြပါတယ်။ မသင်္ကာသူတွေဆိုရင် အမျိုးတူပေမယ့် သတ်ဖြတ်ပါတယ်။ သူတို့က ကျူးလွန်တဲ့အပြင် သူတို့ကိုသနားလာအောင် မီဒီယာတွေကို လက်နက်အဖြစ် သုံးလာကြပါတယ်။ သူတို့ကို တစ်ဖက်သတ်ထောက်ခံတဲ့ ကမ္ဘာတစ်လွှားက အဖွဲ့အစည်းတွေက အချက်အလက် မှားတွေ၊ ဓာတ်ပုံအမှားတွေနဲ့ အခုလို ဝါဒဖြန့်တိုက်ခိုက်တာဖြစ်ပါတယ်။

ရိုဟင်ဂျာဆိုတဲ့အမည်ဟာ ရိုဟင်ဂျာ မူဆလင်လွတ်လပ်ရေးတပ်ဦး(RMIRF)ဆိုတဲ့ မြေအောက်အဖွဲ့အစည်းနဲ့ ဆက်စပ်နေပါတယ်။ သူတို့ဟာနှစ်ပေါင်းများစွာကတည်းက ရခိုင်ဒေသမှာ နေလာခဲ့တယ်၊ ဗမာတိုင်းရင်းသားမျိုးနွယ်စုဖြစ်တယ်ဆိုတာက အစချီပြီး အထောက်အထား ခိုင်မာမှုမရှိတဲ့ လုပ်ကြံသတင်းတွေနဲ့ မြန်မာနိုင်ငံကို ကျူးကျော်နေတာဖြစ်ပါတယ်။ ဖြစ်စဉ်တွေကိုတော့ သတင်းများမှာဖော်ပြပြီးဖြစ်လို့ ထပ်မံ မဖော်ပြလိုတော့ပါဘူး။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် အောက်တိုဘာ ၁၂ ရက်က ပြည်သူသို့တင်ပြချက်တွင် ရခိုင်ပြည်နယ်ဆိုင်ရာ ဆောင်ရွက်ချက်များကို ပြောကြားစဉ်

ထူးခြားတာက အခုနောက်ပိုင်းမှာ ရခိုင်မြောက်ပိုင်းဒေသကနေ ဒုက္ခသည်တွေ အလုံးအရင်းနဲ့ ဘင်္ဂလားဒေ့ရှ်နယ်ထဲ ဝင်ရောက်နေတယ်ဆိုတာပါပဲ။ သတင်းတစ်ခုမှာ ဒုက္ခသည် ၂၇၀၀၀၀(နှစ်သိန်းခုနှစ်သောင်း)လောက် ဝင်ရောက်သွားတယ်လို့ဆိုပြီး နောက်တစ်နေ့မှာ ဒုက္ခသည်ပေါင်း လေးသိန်းအထိဖြစ်လာတယ်လို့ ဆိုပါတယ်။ ၂၄ နာရီအတွင်း လူပေါင်း တစ်သိန်းသုံးသောင်းကျော်လောက် ကူးပြောင်းသွားတယ်ဆိုတာ မဖြစ်နိုင်တာတစ်ခုဖြစ်ပါတယ်။ လုံးဝယုတ္တိမရှိတဲ့ လုပ်ကြံသတင်းတွေနဲ့ ရည်ရွယ်ချက်ရှိရှိ ထိုးနှက်နေတာဖြစ်ပါတယ်။ မြန်မာနိုင်ငံကိုဂုဏ်သိက္ခာကျအောင်၊ ထွက်ခွာသွားသူတွေကို ပြန်လက်ခံဖို့ ကုလသမဂ္ဂရဲ့ ဖိအားပေးခံရအောင် လုပ်နေတာဖြစ်ပါတယ်။ လက်ရှိအခြေအနေအရ ကျွန်တော်တို့ နိုင်ငံဟာ ဖိအားပေးခံနေရတယ်၊ ဝေဖန်ရှုတ်ချခံနေရတယ်။ မတရား အနိုင်ကျင့်ခံနေရတဲ့ အခြေအနေဖြစ်ပါတယ်။(Fake news are Rampant – GNLM 1.10.17, Fake news GNLM 16.9.17).

"ဒီအချိန်မှာ မြန်မာနိုင်ငံအနေနဲ့ လုပ်စရာတွေကို၊ ကိုယ်လုပ်သင့်တာတွေကို မှန်မှန်ကန်ကန် ရဲရဲတင်းတင်း ထိထိရောက်ရောက် လုပ်ကိုင်နေဖို့ အရေးကြီးပါတယ်။ ကျွန်မတို့ လုပ်မယ်လို့ပြောထားတဲ့ လုပ်ငန်းတွေ၊ လုပ်သင့်တယ်လို့ခံယူထားတဲ့ လုပ်ငန်းတွေကို တိုးတက်အောင်မြင်ဖို့ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဝေဖန်ချက်တွေ၊ စွပ်စွဲချက်တွေကို စကားနဲ့ တုံ့ပြန်ချေပတာထက် လက်တွေ့လုပ်ဆောင်ချက်တွေ၊ တိုးတက်မှုရလဒ်တွေနဲ့ ကမ္ဘာကို ပြသသွားရမှာဖြစ်ပါတယ် စသည်ဖြင့် ၁၂.၁၀.၂၀၁၇ ရက်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပြည်သူသို့ တင်ပြချက်မှာ ပြောသွားတာကိုတွေ့ရပါတယ်။ ကျွန်တော်တို့ နိုင်ငံသားတွေဟာ ညီညီညွတ်ညွတ်နဲ့ လုပ်သင့်တာကို ရဲရဲဝံ့ဝံ့လုပ်ကြဖို့ဖြစ်ပါတယ်။

အဓိကလုပ်ငန်းကြီး သုံးခုရှိနေရာမှာ ပထမအချက်က လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးရေးနဲ့ ဒုက္ခသည်များ ပြန်လည်လက်ခံရေး၊ ဒုတိယအချက်က ပြန်လည်နေရာချထားရေးနဲ့ ပြန်လည်ထူထောင်ရေး၊ တတိယအချက်က ဒေသဖွံ့ဖြိုးရေးနဲ့ ရေရှည်ပဋိပက္ခကင်းဝေးရေးတို့ဖြစ်ပါတယ်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီတွေကို ထိရောက်စွာပေးနိုင်ရေး (လက်ရှိအနေအထားကို ထပ်မြှင့်ပြီးဆောင်ရွက်ရန်)၊ လွတ်လပ်ရေးရပြီးချိန်ကစပြီး ဒုက္ခသည်တွေကို နှစ်ကြိမ်တိုင် အောင်မြင်စွာလက်ခံဆောင်ရွက်နိုင်ပြီး အခု တတိယမြောက်အဖြစ် အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ဘင်္ဂလားဒေ့ရှ်က ပြန်ဝင်လာသူတွေသာမက ဒိုင်းနက်၊မြိုအစရှိတဲ့ ရှားပါးဌာနေတိုင်းရင်းသားတွေ၊ ဟိန္ဒူဘာသာဝင်တွေ၊ ရခိုင်တိုင်းရင်းသားတွေအတွက် မူလအနေအထားကိုပြန်လည်ရောက်ရှိအောင်၊ မူလအနေအထားထက် သာလွန်ကောင်းမွန်တဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ စီမံကိန်းကို အကောင်အထည်ဖော်သွားရေးတို့ကို အလေးထား ဆောင်ရွက်သွားမယ့်အကြောင်းများ သိရပါတယ်။ နောင်အစဉ်အဆက် ပဋိပက္ခတွေ ကင်းဝေးဖို့ ရေရှည်စီမံကိန်းတွေကိုလည်း ချမှတ်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အလွန်အရေးကြီးတဲ့ အချက်တွေဖြစ်သလို ကြီးမားလေးလံလှတဲ့ အလုပ်တွေဖြစ်ပါတယ်။

ရခိုင်ပြည်နယ် ဖွံ့ဖြိုးရေးအတွက် ရခိုင်ပြည်နယ်တွင်း လူသားချင်းစာနာထောက်ထားမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားပေးရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (Union Enterprise for Humanitarian Assistance, Resettlement and Development in Rakhine)လို့ အမည်ပေးထားတဲ့ ယန္တရားတစ်ရပ် ဖော်ဆောင်နေပြီလည်းဖြစ်ပါတယ်။ ပြည်ထောင်စု အစိုးရ၊ ပြည်နယ်/တိုင်းအစိုးရအဖွဲ့များက ဦးဆောင်တာဝန်ယူကြမှာဖြစ်သလို စိတ်ရင်းစေတနာအမှန်နဲ့ ပူးပေါင်းကြဖို့ ပြည်တွင်း၊ ပြည်ပက ကမ်းလှမ်းချက်တွေကိုလည်း အလေးထားနေပါတယ်။ ကဏ္ဍစုံ/အလွှာစုံ ပါဝင်နိုင်မှု၊ လုပ်ငန်းမျိုးစုံဆောင်ရွက်နိုင်မှုတို့ဖြင့် အောင်မြင်စွာဆောင်ရွက်နိုင်ကြစေဖို့ စီစဉ်တာဖြစ်ပါတယ်။ ပြည်သူပြည်သားများ၊ ပုဂ္ဂလိကကဏ္ဍ၊ ပြည်တွင်း NGO, CSO များ၊ မိတ်ဖက်နိုင်ငံများ၊ ကုလသမဂ္ဂအေဂျင်စီများ၊ INGO များ ပူးပေါင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။

ဒီစီမံကိန်းကို အမြန်ဆုံး အကောင်အထည်ဖော်ရမှာဖြစ်ပါတယ်။ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတဲ့ ရခိုင်ပြည်နယ် ဖြစ်လာတာနဲ့အတူ သတင်းမှားတွေကြောင့် ဖြစ်နေရတဲ့ ပုံရိပ်ဆိုးတွေလည်း ကွယ်ပျောက်သွားမှာဖြစ်ပါတယ်။ ဒီစီမံကိန်းကြီး အောင်မြင်စွာ ဆောင်ရွက်နိုင်ဖို့ နိုင်ငံတကာနဲ့ ပြည်ပအဖွဲ့အစည်းတွေနဲ့ လက်တွဲဆောင်ရွက်မှာဖြစ်ပါတယ်။ အဓိကကတော့ ပြည်သူပြည်သားများရဲ့အား ဖြစ်ပါတယ်။ နိုင်ငံကို အမှန်တကယ် အေးချမ်းတိုးတက်စေလိုတာက နိုင်ငံသူနိုင်ငံသားတွေ ကိုယ်တိုင်ပဲဖြစ်ပါတယ်။ ကိုယ့်နိုင်ငံကို မိမိတို့ကိုယ်တိုင်ကသာ တည်ဆောက်နိုင်တာဖြစ်ပါတယ်။ သမိုင်းပေးတာဝန်က နိုင်ငံသားတိုင်းအပေါ် ကျရောက်နေပါတယ်။

အခုလိုအကျဉ်းအကြပ်ထဲရောက်နေချိန်မှာ နိုင်ငံသားတိုင်း အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြရမှာပါ။ မိမိတတ်နိုင်တဲ့ ဘက်ကနေ အစွမ်းကုန်ပါဝင်ဆောင်ရွက်သင့်ပါတယ်။ ရခိုင်ပြည်အရေးဟာ နှင်းခဲတွေဖုံးနေတဲ့ မီးတောင်ကြီးတစ်ခုလိုဖြစ်နေရာက ပြင်းထန်စွာပေါက်ကွဲလာတာဖြစ်ပါတယ်။ ထိလွယ်ရှလွယ်တဲ့ လူမျိုးရေး၊ ဘာသာရေးတွေကို အခွင့်ကောင်းယူပြီး ဒုက္ခပေးတာဖြစ်ပါတယ်။

ကိုယ့်နိုင်ငံကံကြမ္မာဆိုးနေချိန်မှာ၊ ရှေ့တန်းကနေရမယ်၊ နိုင်ငံကောင်းစားလို့ အခွင့်ခံစားနိုင်ချိန်မှာတော့၊ နောက်မှာပဲနေရမယ်။ (ဗိုလ်ချုပ်အောင်ဆန်း)

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဟာ အလွန်စိတ်ဓာတ်မြင့်မြတ်တဲ့ ခေါင်းဆောင်ကောင်းတစ်ဦး ဖြစ်ပါတယ်။ အရာရာမှာ နိုင်ငံအတွက်၊ အများအတွက်အနစ်နာခံလုပ်တတ်တဲ့ စိတ်နှလုံးကို အစဉ်မွေးမြူနိုင်သူဖြစ်ပါတယ်။ ဒီလိုစိတ်နှလုံးမျိုးကို၊ အရွယ်ရောက်သူတွေရော၊ မျိုးဆက်သစ်ကလေးများပါ အတုယူသင့်ပါတယ်။ အခုလိုအချိန်မှာ ကျွန်တော်တို့အားလုံး ညီညွတ်ကြဖို့၊ လက်တွဲကြဖို့ အလွန်အရေးကြီးပါတယ်။ ကျွန်တော်တို့နိုင်ငံ အခုလို နိမ့်ကျနေရခြင်းတွေမှာ မညီညွတ်ခြင်းကြောင့်ဖြစ်ရခြင်းက အဓိကအချက်ဖြစ်ပါတယ်။ ကျွန်တော်တို့ အရွယ်တွေဆိုရင် နိုင်ငံအတွက် ဝန်ထမ်းလုပ်သက်အပြည့် လုပ်ခဲ့သူတွေဖြစ်ကြပါတယ်။ ကျွန်တော်တို့ သက်တမ်းတစ်လျှောက်လုံးမှာ အေးချမ်းသာယာတိုးတက်မှုများနဲ့ ဝေးကွာခဲ့ရတာတွေသာ ကြုံခဲ့ရတာကို စိတ်မကောင်းစွာ တွေ့ခဲ့ရပါတယ်။

"လက်ပံပင်မှာ ဆက်ရက်တွေကျလို့ တကျီကျီနဲ့ ဆူညံနေချိန်မှာ တခြားငှက်တွေက အစာဝလို့ ဌာနကိုတောင် ပျံသွားကြပြီ ဆိုတဲ့စကားလို ကျွန်တော်တို့တွေ အချင်းများနေချိန်ကြချိန်မှာ အနီးက၊ အဝေးက နိုင်ငံတွေက ကျော်တက်သွားခဲ့ကြပြီ။ နားတစ်ထိုင်၊သွားတစ်တိုင်တဲ့။ ကျွန်တော်တို့တွေ မအီမသာနဲ့ တစ်ထိုင်နားနေကြချိန်မှာ သွားတတ်သူတွေက တစ်တိုင်ရောက်ခဲ့ကြပြီ။ ခုလိုအချိန်မှာတော့ အချင်းမများ၊ အငြင်းမပွားဘဲ လက်တွဲကြဖို့ တောင်းပန်လိုပါတယ်။ နိုင်ငံသူနိုင်ငံသားတွေရဲ့ မျက်နှာကိုထောက်ထားပြီး နိုင်ငံအတွက် ထိထိရောက်ရောက်လုပ်နိုင်ကိုင်နိုင်တဲ့ စွမ်းဆောင်နိုင်သူ Stakeholders တွေ၊ ပညာရှင်တွေ၊ ဘက်ပေါင်းစုံက နိုင်ငံသားတွေ၊ ကမ္ဘာအနှံ့က နိုင်ငံသားတွေအားလုံး တစ်စိတ်တစ်ဝမ်းတည်း ပါဝင်ဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါတယ်။ ဒီအမျိုးသားရေးတာဝန်ဟာ အမှန်တရားအတွက် ရဲရဲဝံ့ဝံ့ဆောင်ရွက်ရမယ့် လုပ်ငန်းတာဝန်ဖြစ်ပါတယ်။ အမှန်တရားအတွက် ညီညွတ်ကြပါစို့ခင်ဗျာ။ ။

**မတရားစော်ကားခံရလို့ ဒေသကို လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ကာကွယ်ခဲ့တယ်။ လုပ်သင့်တာကို လုပ်ခဲ့တဲ့ကိစ္စကို အကျယ်ချဲ့ပြီး မြန်မာနိုင်ငံက genocide လူမျိုးတုံးသတ်ဖြတ်နေတယ်၊ ethnic cleansing မျိုးနွယ်စုအလိုက် ရှင်းပစ်ဖို့ကြံနေတယ် စတဲ့ အလွန်ပြင်းထန်တဲ့စကားလုံးတွေနဲ့ ကျွန်တော်တို့ နိုင်ငံကို ထိပါးကြပါတယ်။ ခိုင်မာတဲ့သက်သေ solid evidence မရှိဘဲ အခုလိုစွပ်စွဲတာခံရခြင်း ဖြစ်ပါတယ်။ ကမ္ဘာက လေးစားအထင်ကြီးတဲ့ နိုင်ငံတကာအဖွဲ့အစည်းအချို့ တိုးတက်ထွန်းကားလှတဲ့ နိုင်ငံကြီးအချို့ဟာ မယုံနိုင်စရာကောင်းလှအောင် တစ်ဖက်စောင်းနင်း ဝေဖန်တိုက်ခိုက်ကြပါတယ်။ ကမ္ဘာ့ကြေးမုံပြင်မှာ မြန်မာနိုင်ငံရဲ့ ပုံရိပ်ကျဆင်းသွားအောင် ဖန်တီးခံလိုက်ရတာမို့ အတော်ခံပြင်းဖို့ကောင်းပါတယ်။ လုပ်ကြံသတင်းတွေဟာ အမှန်တရားနဲ့ အလှမ်းကွာလှပါတယ်**

## ရေနံမြေသခင်ဖိုးလှကြီး ဖိတ်ခေါ်ဖလား ဘောလုံးပြိုင်ပွဲကျင်းပ

ချောက် စက်တင်ဘာ ၁၆

မကွေးတိုင်းဒေသကြီး ချောက်မြို့ အမှတ်(၇)ရပ်ကွက်ရှိ မြို့နယ်အားကစားကွင်း၌ (၂၂)ကြိမ်မြောက် ရေနံမြေသခင်ဖိုးလှကြီး ဖိတ်ခေါ်ဖလားဘောလုံးပြိုင်ပွဲကို အောက်တိုဘာ ၁၄ ရက်က စတင်ကျင်းပခဲ့သည်။

ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်ဆွေဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးလွင်၊ မကွေးခရိုင် အားကစားဌာနမှူး ဦးဇော်ကိုကို၊ ချောက်/လမ်းရွာ ရေနံမြေမန်နေဂျာ ဦးကရင်နော်အောင်၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးနေမန်း၊ ဘောလုံးပြိုင်ပွဲဖြစ်မြောက်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးခင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားကာ ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာနမှူးက ဘောလုံးများ ပေးအပ်လှူဒါန်းသည်။

အဆိုပါပြိုင်ပွဲတွင် အသင်း ၁၆ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲကို အောက်တိုဘာ ၁၄ ရက်မှ အောက်တိုဘာ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်တွင် ချောက်မြို့နယ်လူကြီးအသင်းနှင့် ရေနံချောင်းအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြပြီး ချောက်မြို့နယ်လူကြီးအသင်းက ၆-၁ ဂိုး နှင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ကျော်မိုး(ပြန်/ဆက်)

# ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒေသခံများ တွေ့ဆုံဆွေးနွေး

**ဘားအံ အောက်တိုဘာ ၁၆**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဝတ်ကြီးကျေးရွာအုပ်စုအတွင်း တည်ဆောက်မည့် ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ဦးဆောင်သော ပြည်နယ်အစိုးရအဖွဲ့နှင့် ဒေသခံပြည်သူများ အောက်တိုဘာ ၁၄ ရက်က ဝတ်ကြီးကျေးရွာဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ဝတ်ကြီးတိုက်ကျောင်းဆရာတော်က သြဝါဒမြွက်ကြားပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ဝတ်ကြီးကျေးရွာအုပ်စုအတွင်း နှစ် ၃၀ BOT စနစ်ဖြင့် အမေရိကန်ဒေါ်လာ သန်းပေါင်းသုံးထောင်ခန့် ရင်းနှီးမြှုပ်နှံ၍ TOYO Thai Power Myanmar ကုမ္ပဏီလီမိတက်က တည်ဆောက်မည့် လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၁၂၈၀ ထွက်ရှိသည့် ခေတ်မီကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ ဒေသခံပြည်သူများအား ရှင်းလင်းပြောကြားသည်။

ဝန်ကြီးချုပ်က မိမိတို့အစိုးရအနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လျှပ်စစ်မီးရရှိရေးသည် ပထမဦးစားပေးဖြစ်ကြောင်း၊ မီးမရှိလျှင် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျမည်ဖြစ်ကြောင်း၊ ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့်ပတ်သက်၍ အများပြည်သူတို့၏ စိုးရိမ်ပူပန်မှုကို အပြည့်အဝ တာဝန်ယူကြောင်း၊ ဒီမိုကရေစီအစိုးရဖြစ်သည့်အတွက် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောက်မီးသွေးသည် အဆိပ်အတောက်ရှိသည်မှန်သော်လည်း ခေတ်မီ အဆင့်မြင့်နည်းပညာများဖြင့် ဖယ်ရှား၍ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံး နည်းပညာကို ဂျပန်နိုင်ငံမှ စက်သစ်များဖြင့် တည်ဆောက်မည်ဖြစ်သည့်အတွက် အမှုန်အမွှား မီးခိုးပင်မထွက်ကြောင်း၊ အများပြည်သူကျေနပ်သည်အထိ ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါစက်ရုံကြီး ပြီးစီးလည်ပတ်ပါက ဒေသခံပြည်သူများအနေဖြင့် မိမိဒေသ မိမိပြည်နယ်တွင် အလုပ်အကိုင်အခွင့်အလမ်းများရရှိ၍ အိုးမကွာအိမ်မကွာ အလုပ်လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း စသည်ဖြင့် အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲတက်ရောက်သော တံတားဦး၊ ကျောက်တစ်လုံး၊ ဝင်းဒရယ်၊ မိကရင်၊ ကျုံမသွယ်၊ အီဟယ်၊ မိဗိုင်း၊ တကောင်ဘိုး၊ နောင်ကျန်၊ ဘင်ဂျီနှင့် ဝတ်ကြီးကျေးရွာများမှ ဒေသခံပြည်သူများက ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့်စပ်လျဉ်း၍ မရှင်းလင်းသည်များ၊ သိရှိလိုသည်များ၊ စိုးရိမ်ပူပန်မှုများကို တင်ပြဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ပြည်နယ်တာဝန်ခံက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က အဆိုပါစက်ရုံတည်ဆောက်မည့် မြေနေရာ ၈၀၀ ဒသမ ၇၈ ဧကအနက်မှ လယ်မြေပိုင်ရှင်များနှင့် ရော်ဘာခြံပိုင်ရှင်များအား မြေယာလျော်ကြေး၊ သီးနှံလျော်ကြေးကိစ္စရပ်များနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။



ဆွေးနွေးပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝတ်ကြီးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများ စုစုပေါင်း လူဦးရေ ၁၂၀၀ ခန့် တက်ရောက်ဆွေးနွေးခဲ့ကြသည်။

**စောမျိုးမင်းသိန်း(မြန်/ဆက်)**

# ဟိုတယ်ဝန်ဆောင်မှုများကို အွန်လိုင်းမှထိန်းချုပ်နိုင်မည့် စီမံခန့်ခွဲရေးစနစ်စတင်မည်

**ရန်ကုန် အောက်တိုဘာ ၁၆**

ရန်ကုန်မြို့ Sky Star Hotel ၌ ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၄ ရက်က ကျင်းပပြုလုပ်ခဲ့သည့် Hotel Guest List Management System နှင့် စပ်လျဉ်း၍ ရှင်းလင်းသည့်အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ယနေ့ခေတ်ကာလသည် အစိုးရဝန်ကြီးဌာနများအနေဖြင့် Information Technology ကို အသုံးပြု၍ E-Government စနစ်ကို အကောင်အထည်ဖော်နိုင်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ တတ်နိုင်သမျှ Paper Less ဖြစ်အောင် ဆောင်ရွက်နေချိန်တွင် ယခု အသုံးပြုမည့်စနစ်သည် ဝန်ကြီးဌာနအတွက် ပံ့ပိုးမှုတစ်ခုဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဟိုတယ်/တည်းခိုရိပ်သာများ ဖွင့်လှစ်မှုမှာ မြန်မာနိုင်ငံလုံးအတိုင်းအတာအရ အများဆုံးဖြစ်ပြီး ခရီးသွားဧည့်သည်များ၏ အဓိကဝင်ပေါက်လည်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံသို့ ခရီးသွားများလာရောက်မှုမှာလည်း ယခင်နှစ်နှင့် ကာလတူနှိုင်းယှဉ်ပါက တိုးတက်မှုရှိသည်ကိုတွေ့ရကြောင်း၊ ဤစနစ်သည် ခရီးသွားများအတွက် လုံခြုံရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ဟိုတယ်များ၏ ဧည့်သည်ဆိုင်ရာအချက်အလက်များကို



စနစ်တကျ ထိန်းသိမ်းနိုင်မည့်အပြင် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် လိုအပ်သည့် အချက်အလက်များကိုလည်း တိတိကျကျမြန်မြန်ဆန်ဆန် ရရှိနိုင်မည်ဖြစ်သဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် စတင်အကောင်အထည်ဖော်နိုင်အောင် ဆောင်ရွက်ပေးသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုလည်း ကျေးဇူးတင်ရှိကြောင်း၊ စနစ် ထူထောင်ရန်မှာ သက်ဆိုင်သည့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဟိုတယ်များ၏ ပူးပေါင်းကူညီမှုက အရေးကြီးသည့်အတွက် ဝိုင်းဝန်းကူညီပေးကြရန် စသည်ဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပန်းသဉ္ဇာမျိုးက ယခုစနစ်ကို ချပြနိုင်သည့်အတွက် အထူးဝမ်းမြောက်ကြောင်း၊ ဤစနစ်နှင့်ပတ်သက်၍လည်း ဖြည့်စွက်ဆွေးနွေး အကြံပြုနိုင်ကြောင်း၊ ယခုစနစ် အသုံးပြုသဖြင့် ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲများကိုလည်း အတူတကွ ပူးပေါင်းကျော်လွှားသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ နည်းပညာအကြံပေးပုဂ္ဂိုလ် ဦးသာထက်က Hotel Guest List Management System နှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် ရန်ကုန်တိုင်းအတွင်းရှိ ဟိုတယ်လုပ်ငန်းရှင်များက လိုအပ်ချက်၊ အကြံပြုချက်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ Hotel Guest List Management System ကို ရန်ကုန်တိုင်းဒေသကြီးတွင် စတင်အသုံးပြုနိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဆက်လက်၍လည်း အခြား တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် အသုံးပြုနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါစနစ်ကို အသုံးပြုခြင်းအားဖြင့် ခရီးသွားများလုံခြုံရေး၊ ဟိုတယ်များအနေဖြင့် Online စနစ်ကို အသုံးပြုရသဖြင့် မလိုလားအပ်သော အုပ်ချုပ်မှုကိစ္စရပ်များကို လျှော့ချနိုင်သည့်အပြင် ဌာနဆိုင်ရာများအနေဖြင့် ဧည့်သည်တည်းခိုမှုစာရင်းများကို အချိန်နှင့်တစ်ပြေးညီရရှိနိုင်ပြီး Tourism Statistics Data များ ကောက်ယူရာတွင်လည်း မှန်ကန်မြန်ဆန်စွာရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ခင်ရတနာ၊ ဓာတ်ပုံ-မင်းသော်**

# ကျေးရွာများ၌ လူထုဗဟိုပြုစီမံကိန်းဆောင်ရွက်မှုကွင်းဆင်းလေ့လာ



**ကျောက်တန်း အောက်တိုဘာ ၁၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်နေသော ကျောက်တန်းမြို့နယ် လူထုဗဟိုပြုစီမံကိန်းမှ စီမံကိန်းဝင်ကျေးရွာများဖြစ်သည့် ကန်ပြောင်ကျေးရွာနှင့် ပန်းချောင်းကျေးရွာများတွင် လုပ်ငန်းများအကောင်အထည်ဖော်ထားမှုကို Internation Growth Center အဖွဲ့က အောက်တိုဘာ ၁၁ ရက်က လာရောက်ကွင်းဆင်းလေ့လာခဲ့သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး စီမံကိန်းမန်နေဂျာ ဦးလှခိုင်နှင့် ညွှန်ကြားရေးမှူးများ ဦးဆောင်၍ Internation Growth Center မှ Country Director Iam Porter နှင့် အဖွဲ့ဝင်များက ကျေးရွာများသို့ ကွင်းဆင်းလာရောက်ပြီး ကျေးရွာအုပ်စုကော်မတီဝင်များ၊ ကျေးရွာနေပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကြကာ လူထုဗဟိုပြုစီမံကိန်း ပထမနှစ် လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲနှင့် အောင်မြင်မှုများကို ဆွေးနွေးကြသည်။ ထို့နောက် ကျေးရွာတွင်ဆောင်ရွက်ထားသည့် လုပ်ငန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

(၀၁၉)

# ပရဟိတအဖွဲ့များစုပေါင်း၍ ပုဂံညောင်ဦးရှိ ဘုရားစေတီပုထိုးများတွင် သန့်ရှင်းရေးဆောင်ရွက်

**ညောင်ဦး အောက်တိုဘာ ၁၆**

ဆရာတော် ဦးသုမင်္ဂလ(ဒယ်အိုးဆရာတော်) ဦးဆောင်သော ရှင်းသန့်မြင့်စေ ပုဂံမြေ ပရဟိတအဖွဲ့များ စုပေါင်း၍ ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသရှိ ဘုရားစေတီပုထိုးများသို့ ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ သွားလာလည်ပတ်ဖူးမြော်ရာတွင် သွားလာရေးအဆင်ပြေစေရန်နှင့် စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ရန် ရည်ရွယ်၍ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို အောက်တိုဘာ ၁၄ ရက်က ဒုတိယအကြိမ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆရာတော်ဦးဆောင်သော ရှင်းသန့်မြင့်စေ ပုဂံမြေ ပရဟိတအဖွဲ့များ စုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးရာတွင် ရန်ကုန်မြို့သစ္စာမဏ္ဍိုင် ပရဟိတအဖွဲ့ဝင် ၇၀၊ ပခုက္ကူမြို့ဦးစန္ဒော ဘာသာရွှေသိမ်တော်ဓမ္မရိပ်သာ ပရဟိတအဖွဲ့ဝင် ၇၀၊ ပခုက္ကူမြို့ ကမ္မပရဟိတအဖွဲ့ဝင်များနှင့် ပုဂံညောင်ဦးမြို့ပေါ်ရှိ ပရဟိတအဖွဲ့ ဝင်များ စုပေါင်း၍ လူအင်အား ၂၀၀ ခန့် ပါဝင်ကြသည်။



ပရဟိတအဖွဲ့ဝင်များသည် ပုဂံမြို့ဟောင်းသွား လမ်းဘေးရှိ အာနန္ဒာဘုရားမှစတင်ကာ ဘုရားစေတီပုထိုးများသို့ သွားလာရာလမ်းတစ်လျှောက်နှင့် ဘုရားပုရိဝုဏ်များအတွင်း၊ အပြင်နေရာများတွင် ချုံနွယ်ပိတ်ပေါင်းများရှင်းလင်းခြင်း၊ ပေါင်းမြက်များရှင်းလင်းခြင်းနှင့် အမှိုက်သရိုက်ကောက်ယူခြင်းများကို အောက်တိုဘာ ၁၄ ရက် ညနေ ၅ နာရီအထိ ဆောင်ရွက်ခဲ့ကြကာ အမှိုက်များကို အမှိုက်သိမ်းယာဉ်များဖြင့် သယ်ယူစွန့်ပစ်ပေးခဲ့ကြောင်း သိရသည်။

ဆရာတော်၏ဦးဆောင်မှုဖြင့် ပရဟိတအဖွဲ့များ စုပေါင်း၍ ပုဂံဘုရားများတွင် သန့်ရှင်းရေး ဆောင်ရွက်ခြင်းသည် ဒုတိယအကြိမ်ဖြစ်ပြီး စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို အောက်တိုဘာ ၁၄ ရက်မှ ၁၈ ရက်အထိ ကွင်းဆင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ဘောလခဲခရိုင်အတွင်း တောင်သူနည်းပညာပေးဆွေးနွေး

**ဘောလခဲ အောက်တိုဘာ ၁၆**

ကယားပြည်နယ် ဘောလခဲခရိုင်တွင် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူလယ်သမားများအား နည်းပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၁၄ ရက်က ကျင်းပရာ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးခန့်က အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူး ဦးချစ်ဆွေဦးက အဓိကသီးနှံ ၁၀ မျိုး၏ GAP နည်းစနစ်နှင့် ပတ်သက်၍လည်းကောင်း၊ ပြည်နယ်မျိုးစေ့ ပိုးမွှား/ရောဂါ၊ မြေအသုံးချရေးတာဝန်ခံများက သီးနှံတစ်မျိုးချင်းအလိုက် မြေ၊ မျိုး၊ ပိုး ရှုထောင့်မှ မဖြစ်မနေဆောင်ရွက်ရမည့် အချက်အလက်များနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ပြီး တောင်သူလယ်သမားများနှင့် အပြန်အလှန်ဆွေးနွေးခဲ့သည်။ အဆိုပါဆွေးနွေးပွဲတွင် ဘောလခဲခရိုင်အတွင်းရှိ ဘောလခဲ၊ ဖားဆောင်း၊ မယ်စဲ့၊ ရွာသစ်မြို့နယ်များမှ တောင်သူလယ်သမားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မောင်ကျော်ကြီး**



# ရတနာပုံခေတ် ခံတပ်များ

**မောင်သာ(ရှေးဟောင်းသုတေသန)**



မင်းလှခံတပ်၏ အတွင်းပိုင်းမြင်ကွင်း

မြန်မာ့သမိုင်းတွင် ရွှေဘိုမြို့ကို အလောင်းမင်းတရား ဦးအောင်ဇေယျ စတင်ထူထောင်ခဲ့သည့် ခရစ်နှစ် ၁၇၅၂ ခုနှစ်မှ သီပေါမင်းပါတော်မူသည့် ၁၈၈၅ ခုနှစ်အထိ အချိန်ကာလကို ကုန်းဘောင်ခေတ်ဟု သိရှိကြသည်။ ၁၃၃ နှစ်ကြာမြင့်ခဲ့သည့် ကုန်းဘောင်ခေတ်တွင် (ခုနစ်ရက်သာဘုရင်ဖြစ်ခဲ့သူ ဖောင်းကစားမောင်မောင်မပါ) မင်း ၁၀ ပါး စိုးစံခဲ့သည့်အနက် မင်းတုန်းမင်း (ခရစ်နှစ် ၁၈၅၃ -၁၈၇၈) သည် ခရစ်နှစ် ၁၈၅၉ ခုနှစ်တွင် အမရပူရမှ ရတနာပုံခေါ် မန္တလေးမြို့သို့ ပြောင်းရွှေ့နန်းစိုက်ခဲ့သည်။ မင်းတုန်းမင်း ကွယ်လွန်ပြီးနောက် သားတော်သီပေါမင်း(ခရစ်နှစ် ၁၈၇၈-၁၈၈၅)သည် မန္တလေးမြို့၌ပင် ပါတော်မူချိန်အထိ နန်းစိုက်ခဲ့သဖြင့် မင်းတုန်းမင်းနှင့် သီပေါမင်းတို့ အုပ်ချုပ်ခဲ့သည့် ခရစ်နှစ် ၁၈၅၃ ခုနှစ်မှ ၁၈၈၅ ခုနှစ် ကာလကို ရတနာပုံခေတ်ဟု ခေါ်ဆိုခဲ့ကြသည်။

မင်းတုန်းမင်း ဘုရင်ဖြစ်လာချိန်တွင် နယ်ချဲ့ဗြိတိသျှတို့သည် မြန်မာနိုင်ငံအောက်ပိုင်းကို သိမ်းပိုက်ထားပြီးဖြစ်သဖြင့် မင်းတုန်းမင်းသည် မိမိအုပ်စိုးနေသည့် အထက်မြန်မာနိုင်ငံကို အောက်မြန်မာနိုင်ငံကဲ့သို့ ဗြိတိသျှတို့ သိမ်းပိုက်ခဲ့သည့်ဖြစ်ရပ်မျိုးနှင့် မကြုံတွေ့စေရန် စီမံခဲ့သည်။ လူငယ်များကို နိုင်ငံခြားသို့ ပညာသင်စေလွှတ်ခြင်း၊ လက်နက်စက်ရုံများထူထောင်ခြင်း၊ ငွေကြေးစနစ်ပြောင်းလဲခြင်း၊ စက်မှုနိုင်ငံတည်ထောင်ရန် အားထုတ်ခြင်းစသည့် အစီအမံများတွင် ခံတပ်များ ဆောက်လုပ်ခြင်းလည်း ပါဝင်ခဲ့ရာ ဆင်ပေါင်ဝဲတွင် စစ်အောင်ခန်းခံတပ်၊ ပန်တော်ပြင်ကတုတ်၊ ထူးပေါက်ကတုတ်၊ မင်းလှတွင် မင်းလှခံတပ်နှင့် ကွေ့ချောင်း ခံတပ်၊ အင်းဝတွင် ဆင်ကျုံးခံတပ်၊ စစ်ကိုင်းတွင် အစေခံခံတပ်နှင့် သပြေတန်းခံတပ်တို့ကို တည်ဆောက်ခဲ့သည်။

**သပြေတန်းခံတပ်**

ဧရာဝတီမြစ်ကြောင်းအတိုင်း ဆန်တက်လာပါက ရတနာပုံ မန္တလေးသို့မရောက်မီ စစ်ကိုင်းနှင့် အင်းဝအနီး ဧရာဝတီမြစ်ကမ်းပေါ်တွင် သပြေတန်း၊ ဆင်ကျုံးနှင့် အစေခံ ခံတပ်တို့သည် ထောင့်ကျယ်တြိဂံတစ်ခု အနေအထားအတိုင်း တည်ရှိနေကြသည်။

အင်းဝဘက်ကမ်းတွင် ဆင်ကျုံးခံတပ်၊ စစ်ကိုင်းဘက်ကမ်းတွင် အစေခံ ခံတပ်နှင့် မန္တလေးဘက်ကမ်းတွင် သပြေတန်းခံတပ်တို့ ရှိနေကြပြီး ယင်းခံတပ်များကို ကင်းဝန်မင်းကြီး ဗြိတိန်နိုင်ငံသို့ရောက်ရှိခဲ့စဉ် အင်္ဂလိပ်ရေလက်ကြားတွင် မြင်တွေ့ခဲ့သည့် Portsmouth မြို့ ခံတပ်များကို နမူနာယူတည်ဆောက်ခဲ့သည်။

သပြေတန်းခံတပ်ကို အင်းဝတံတား၏အရှေ့ဘက်တွင် မြန်မာသက္ကရာဇ် ၁၂၃၆ ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော် ၁၀ ရက်(၁၈၇၄ ခုနှစ် ဒီဇင်ဘာ ၃ ရက်) ကြာသပတေးနေ့တွင် စတင်တည်ဆောက်ခဲ့ရာ ၁၂၄၀ ပြည့်နှစ် ပြာသိုလဆန်း ၁၀ ရက်(၁၈၇၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်) ဗုဒ္ဓဟူးနေ့တွင် ပြီးစီးခဲ့သည်။ ယင်းခံတပ်ကို ခံတပ်တော်ကြီးဟု အမည်ပေးခဲ့သော်လည်း သပြေတန်းရွာအနီးတွင်တည်ရှိသဖြင့် သပြေတန်းခံတပ်ဟု ပိုမိုထင်ရှားခဲ့သည်။ ရွှေကြက်ယက်တောင်ကုန်းကို အစွဲပြု၍ ရွှေကြက်ယက်ခံတပ်ဟုလည်း ခေါ်ဆိုကြသည်။

သပြေတန်းခံတပ်သည် အရှေ့အနောက် ပေ ၄၀၀ ကျော်နှင့် တောင်မြောက် ပေ ၃၅၀ ကျော် ရှည်လျားသည်။ ခံတပ်ကို အတွင်းဆင်ခြေလျှော အုတ်လမ်းများဖြင့် တည်ဆောက်ထားပြီး စစ်သည်နေထိုင်ရန် အခန်းများကို တစ်ခန်းနှင့် တစ်ခန်း အပေါက်များဖြင့် ဆက်သွယ်ထားသည်။ ခံတပ်အတွင်း၌ အရာရှိအခန်း၊ ယမ်းတိုက်နှင့် ရေတွင်းတစ်ခုလည်းရှိသည်။

တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲတွင် အရှေ့ဝင်းတော်မှူး၊ ရတနာသိယံမြို့ဝန်၊ ရဲဘက်မြင်းဝန်၊ သတိုးမင်းကြီး မဟာမင်းခေါင်ရာဇာတို့ ဦးစီးသည့် မြန်မာစစ်သည် ၂၀၀၀ ကျော်သည် သပြေတန်းခံတပ်တွင် တပ်စွဲလျက် ဧရာဝတီမြစ်ကြောင်းအတိုင်း ဆန်တက်လာမည့် ရန်သူများအား တိုက်ခိုက်ရန် စောင့်ဆိုင်းခဲ့ကြသည်။ သို့သော် အင်္ဂလိပ်တို့နှင့်စစ်ပြေငြိမ်းရန် ကြိုးစားအားထုတ်ခဲ့သော လွှတ်တော်အရာရှိများက မခုခံရဟု အမိန့်ပေးခဲ့သဖြင့် ဗြိတိသျှတပ်များသည် သပြေတန်းခံတပ်ကို သက္ကရာဇ် ၁၂၄၇ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက် (၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၂၇ရက်) သောကြာနေ့တွင် အလွယ်တကူ သိမ်းပိုက်နိုင်ခဲ့သည်။

သပြေတန်းခံတပ်၏ အောက်ဆုံးအုတ်ခုံသည် သုံးပေခန့်မြင့်ပြီး မြောက်ဘက်နှင့် အနောက်ဘက်တွင် လက်နက်သိုလှောင်သည့် အုတ်တိုက်များရှိသည်။ အရှေ့ဘက်နှင့် တောင်ဘက်သည် အောက်ခံအုတ်ဖိနပ် အပါအဝင် သုံးထပ်ရှိ၍ ခံတပ်အပြင်ဘက် အုတ်ဖိနပ်သည် သုံးပေမြင့်သည်။ ခံတပ်ရိုးသည် ၁၀ ပေမြင့်၍ ဆင်ခြေလျှောအနံသည် ပေ ၂၀ ရှိကာ ခံတပ်ရိုး၏အောက် လေးပေတွင် ၂၅ ပေကျယ်သော သူရဲပြေးစင်္ကြံတစ်ခုကို ပတ်လည်ထည့်သွင်းထားသည်။ ဒုတိယခံတပ်ရိုးသည် ပေ ၂၀ မြင့်၍ ဆင်ခြေလျှောသည် ပေ ၂၀ ကျယ်သည်။ ဒုတိယခံတပ်ရိုး၏ အတွင်းဘက်မျက်နှာ ဆင်ခြေလျှောတွင် လေးပေအမြင့် အုတ်ကတုတ်နှင့် ပေ ၂၀ အကျယ် အုတ်စီသူရဲပြေးစင်္ကြံတစ်ခုရှိသည်။ ဒုတိယစင်္ကြံ၏အောက်တွင် လက်နက်တိုက်များထားရှိပြီး အတွင်းဘက်တစ်လျှောက်ကို လေးပေမြင့်သော အုတ်ကတုတ် ကာရံထားကာ ခံတပ်အတွင်းပိုင်းသည် ၁၅၅ ပေခန့် ကျယ်ဝန်းသည်။

ခံတပ်၏ရှေ့ဘက်ဝင်ပေါက်မှ ပေ ၅၀ အကွာတွင် ပေ ၈၀ ရှည်၍ ပေ ၅၀ ကျယ်ကာ ၁၈ ပေမြင့်သော ကန့်လန့်ဖြတ် မြေတံတိုင်းကြီး တစ်ခုရှိပြီး ဝင်ပေါက်အပေါ်တွင် ရဲမက်များ အလွယ်တကူဆက်သွယ်နိုင်ရန် ငါးပေကျယ်သည့် ပေါင်းကူးတံတားတစ်ခုရှိသည်။ သပြေတန်းခံတပ်ကို ဧရာဝတီမြစ်ကမ်းနဖူး၊ ဧရာဝတီမြစ်နှင့် ဒုဋ္ဌဝတီခေါ် မြစ်ငယ်မြစ်နှင့်ဆုံရာ သန်လျက်စွန်းတွင် ဆောက်လုပ်ထားသဖြင့် ရတနာပုံနေပြည်တော်နှင့် အနီးဆုံးခံတပ်ဖြစ်ပေသည်။

**အစေခံ ခံတပ်**

မင်းတုန်းမင်းသည် စစ်ကိုင်းဘက်ကမ်းရှိ အစေခံခံတပ်ကို အီတလီရေတပ်မှ ကွန်မိုဒိုပဲရီနှင့် မိုလီနာတို့ကို ကြီးကြပ်၍ မြန်မာကျွမ်းကျင်သူများကို တည်ဆောက်စေခဲ့သည်။ ယင်းနေရာသည် စစ်ကိုင်းမြို့မှ လှေထိုးသားများနေထိုင်ရာ အစေခံအရပ်ဖြစ်သောကြောင့် အစေခံ ခံတပ်ဟူ၍ အမည်တွင်ခဲ့သည်။

အစေခံ ခံတပ်သည် စက်ဝိုင်းခြမ်းပုံစံဖြစ်ပြီး မျဉ်းဖြောင့်ဘက်ခြမ်းသည် စစ်ကိုင်းမြို့သို့ မျက်နှာမူ၍ စက်ဝိုင်းခုံးအခြမ်းက ဧရာဝတီမြစ်ကို မျက်နှာပြုထားသည်။ ခံတပ်မျက်နှာစာအရှေ့ လမ်းသည် ခံတပ်မှအထက်သို့ ငါးပေမြင့်သဖြင့် ခံတပ်သည် လမ်း၏အောက်၌ရှိနေသည်။

စစ်ကိုင်းမြို့ဘက်သို့ မျက်နှာမူနေသည့် မျဉ်းဖြောင့်ဘက်အခြမ်းတွင် အမြင့် ရှစ်ပေ၊ ထုနှစ်ပေရှိသည့်အုတ်တံတိုင်းတစ်ခုကို ကာရံထားပြီး ဧရာဝတီမြစ်ဘက်ကို လှည့်ထားသည့် စက်ဝိုင်းခုံးပုံစံနေရာ၌ ပေ ၃၀ နီးပါးအထူရှိသည့် မြေနှင့်အုတ် နံရံကြီးရှိသည်။ ထုထည်ကြီးမားသော မြေသားနံရံအပေါ်တွင် ဧရာဝတီမြစ်တစ်လျှောက် ဆန်တက်လာမည့် ရန်သူ့သင်္ဘောများကို အသင့်ချိန်ရွယ်ခဲ့သော အမြောက်လေးခုထားရှိခဲ့သည်။ အစေခံ ခံတပ်၏ မျက်နှာစာဝင်ပေါက် တစ်ဖက်တစ်ချက်တွင် အမြောက်ငယ်တစ်လုံးစီရှိပြီး ခံတပ်အဝင်လမ်း တစ်ဖက်တစ်ချက်၌ အစေခံခံတပ် ကျောက်စာတစ်ချပ်နှင့် ခံတပ်သမိုင်းကြောင်း မှတ်တမ်းကျောက်စာကို စိုက်ထူထားသည်။

အစေခံခံတပ်သည် ဆင်ကျုံးခံတပ်ထက်သေးငယ်ကာ တောင်မြောက် ပေ ၂၄၀ နှင့် အရှေ့အနောက် ပေ ၃၂၀ ရှိကြောင်း ကျောက်စာတွင် ရေးသားထားသည်။ ခံတပ်အတွင်း တောင်ဘက်နှင့် မြောက်ဘက်တွင်ရှိသည့် လေးထောင့်ပုံစံ အုတ်တိုက်နှစ်ခုသည် လက်နက်နှင့်ရိက္ခာများထားသိုရာနေရာ ဖြစ်နိုင်သကဲ့သို့ စစ်သည်တော်များ အကာအကွယ်ယူသောနေရာလည်း ဖြစ်နိုင်ကြောင်း ယူဆကြသည်။ ထိုအုတ်တိုက်များသည် တစ်ခုနှင့်တစ်ခု ဖွဲ့စည်းထားပုံမတူညီကြဘဲ တောင်ဘက်အုတ်တိုက်တွင် ဝဲယာနှစ်ဖက်၌ အခန်းတစ်ခန်းစီပါရှိကာ မြောက်ဘက်အုတ်တိုက်တွင် အလယ်တည့်တည့်၌ ဝင်ပေါက်တစ်ပေါက်ဖောက်ထားသော လေးထောင့်စပ်စပ် အုတ်တိုက်ငယ်တစ်ခုသာ ရှိသည်။

**ဆင်ကျုံး ခံတပ်**

အင်းဝမြို့တွင် တစ်ချိန်က ဆင်ကျုံးများ ရှိခဲ့သည့်နေရာ၌ ခရစ်နှစ် ၁၈၇၄ ခုနှစ်က စတုရန်းပုံ ဆင်ကျုံးခံတပ်ကို တည်ဆောက်ခဲ့သည်။ ဆင်ကျုံးခံတပ်သည် အင်းဝမြို့ဟောင်း၏ အနောက်ဘက် ဆင်ကျုံးရွာအနီး ဧရာဝတီမြစ်ကမ်းပေါ်တွင် တည်ရှိသည်။ အုတ်တံတိုင်းသုံးထပ်ဖြင့် ဖွဲ့စည်းထားသည့် ဆင်ကျုံးခံတပ်၏ အပြင်တံတိုင်းသည် ၃၅၅ ပေပတ်လည်ရှိပြီးအလယ်တံတိုင်းသည် ၂၉၃ ပေပတ်လည်ရှိ၍ အတွင်းတံတိုင်းသည် ပေ ၂၀၀ ပတ်လည်ရှိသည်။ တံတိုင်းနှစ်ခုအကြားတွင် ၃၀ ပေကျယ်သော ရေကျုံးတစ်ခုရှိကာ အရှေ့ဘက်တွင် ကျုံးကူးတံတားတစ်စင်းကို ထည့်သွင်းပြုလုပ်ထားသည်။



ခံတပ်၏ ဝင်ပေါက်အဝတွင် ၈၃ ပေရှည်၍ လေးပေထူသော အုတ်တံတိုင်းကြီးကို အရှေ့မှ အနောက်သို့ ကာရံထားပြီး အတွင်းတံတိုင်း၏ အပြင်ဘက်ကို မြေကြီးများဖြည့်တင်းကာ ကတုတ်အဖြစ် အကာအကွယ်ပြုထားသည်။ ခံတပ်၏မြောက်ပိုင်းတွင် ရှေ့နောက်တန်းနေသည့် အခန်းနှစ်ခန်းရှိပြီး အပေါ်တွင် လှေကားထစ်များပြုလုပ်ထားသည်။ ခံတပ်မြောက်ဘက် အတွင်းပိုင်းတွင် သူရဲပြေးပေါ်၌ ဆုံလည်အမြောက်များ၊ စိန်ပြောင်းများ၊ သေနတ်များ ထားရှိသည့် စက်ဝိုင်းပုံ အုတ်စီအဝိုင်းပေါက်များရှိသည်။ ခံတပ်အတွင်း၌ လက်နက်တိုက်နှင့် ယမ်းတိုက်များတည်ဆောက်ခဲ့သည်။

တြိဂံပုံရှိနေသည့် ခံတပ်သုံးခုအနက် ဆင်ကျုံးခံတပ်သည် ထောင့်ကျယ်တြိဂံ၏ထိပ်တွင်ရှိနေပြီး ဧရာဝတီမြစ်ကြောင်းအတိုင်း ဆန်တက်လာပါက အစေခံ ခံတပ်နှင့် သပြေတန်းခံတပ်သို့မရောက်မီ ဆင်ကျုံးခံတပ်ကို ဦးစွာမြင်ကြရသည်။ ဆင်ကျုံးခံတပ်ကို ယဉ်ကျေးမှုဝန်ကြီးဌာနက ၁၉၅၇ ခုနှစ်တွင် ထိန်းသိမ်းခဲ့ကာ အင်းဝဒေသရှိ ရှေးဟောင်းအဆောက်အအုံတစ်ခုအဖြစ် ပြုပြင်စောင့်ရှောက်ထားသည်။ ဆင်ကျုံးခံတပ်၏ မျက်နှာစာတွင် ခံတပ်သမိုင်းကို ရေးသားထားသည့် ကျောက်စာနှစ်ချပ်ကို စိုက်ထူထားရာ ကျောက်စာချပ်တစ်ခုကို မြန်မာဘာသာဖြင့် ရေးထိုးထားပြီး ကျန်တစ်ခုကို အင်္ဂလိပ်ဘာသာဖြင့် ရေးထိုးထားသည်။ ကျုံးကူး တံတားအနီးတွင် စိုက်ထူထားသည့် မြန်မာ-အင်္ဂလိပ် နှစ်ဘာသာယှဉ်တွဲရေးထားသည့် ကျောက်စာရှည်တွင် မြန်မာသက္ကရာဇ် ၁၂၃၆ ခုနှစ် မင်းတုန်းမင်းကြီးလက်ထက်တွင် ကင်းဝန်မင်းကြီးဦးကောင်း၊ ယောမင်းကြီး ဦးဘိုးလှိုင်တို့၏ စီမံမှုဖြင့် အီတလီလူမျိုး ကွန်မိုဒိုက ဦးဆောင်ကြီးကြပ်၍ ဆောက်လုပ်ခဲ့သည်။ ဧရာဝတီမြစ်ကြောင်းမှ “ဆန်တက်လာမည့်နယ်ချဲ့တို့အား ခုခံတိုက်ခိုက်ရန် ရတနာပုံနေပြည်တော်အနီး အင်းဝတွင် ဆင်ကျုံးခံတပ်၊ စစ်ကိုင်းတွင် အစေခံ ခံတပ်၊ အမရပူရတွင် သပြေတန်းခံတပ်ဟူ၍ သုံးပွင့်ဆိုင်တည်ဆောက်ခဲ့သော ခံစစ်စခန်းဖြစ်သည်”ဟု ရေးထိုးထားသည်။

**မင်းလှခံတပ်**

ဧရာဝတီမြစ်ရိုးတစ်လျှောက် တည်ဆောက်ခဲ့သည့် ခံတပ်များအနက် မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် တည်ရှိသော မင်းလှခံတပ်နှင့် ကွေ့ချောင်းခံတပ်တို့သည်လည်း ထင်ရှားခဲ့သည့် နယ်ချဲ့ခုခံရေးစခန်းများ ဖြစ်ကြပေသည်။ မင်းလှခံတပ်ကို အထက်မင်းလှမြို့အနီး ဧရာဝတီမြစ်ကမ်းထိပ်တွင် တည်ဆောက်ထားသည်။ ယင်းခံတပ်နှစ်ခုသည် ဧရာဝတီမြစ်၏ တစ်ဖက်တစ်ချက်စီတွင် တည်ရှိနေကြပြီး ၁၈၈၅ ခုနှစ်တွင် နယ်ချဲ့အင်္ဂလိပ်များက ရတနာပုံနေပြည်တော်ကိုသိမ်းပိုက်ရန် ချီတက်လာစဉ် မင်းထင်မင်းလှရဲခေါင်သူရိန်နှင့် တပ်သား ၅၀၀ ကျော်တို့သည် မင်းလှခံတပ်မှ တိုက်ခိုက်ခဲ့ကြသည်။

မင်းလှခံတပ်သည် မြေပေါ်ခံတပ်ဖြစ်ပြီး မြစ်တစ်ဖက်ကမ်းရှိ ကွေ့ချောင်းခံတပ်သည် မြေတွင်းခံတပ် ဖြစ်သည်။ ခံတပ်နှစ်ခုလုံးကို မင်းတုန်းမင်း၏ညီတော် အိမ်ရှေ့စံ ကနောင်မင်းသားဦးဆောင်လျက် ပြင်သစ်လူမျိုး အင်ဂျင်နီယာ ကိုမိုဒိုပဲရီနှင့် အီတလီလူမျိုး အင်ဂျင်နီယာ မိုလီနာတို့၏ အကူအညီဖြင့် နိုင်ငံခြားတွင် ပညာသင်ယူခဲ့သည့် မြန်မာအင်ဂျင်နီယာလူငယ်များက မြန်မာသက္ကရာဇ် ၁၂၂၃ ခုနှစ် ( ခရစ်နှစ် ၁၈၆၁ ခုနှစ်)တွင် တည်ဆောက်ခဲ့သည်။ နယ်ချဲ့များ၏ မြန်မာနိုင်ငံအား အချောင်ရယူလိုမှုကို ဖော်ညွှန်းလျက် ခံတပ်များ ဆောက်လုပ်သည့် မြန်မာသက္ကရာဇ် ၁၂၂၃ ခုနှစ်ကို “အချောင်ကြံစည်”ဟု မှတ်သားခဲ့ကြသည်။

မင်းလှခံတပ်သည် အပြင်အလျား ၁၇၃ ပေ ၇ လက်မ၊ အနံ ၁၃၁ ပေ ၄ လက်မရှိပြီး အတွင်းအလျားမှာ ၁၀၈ ပေ ၈ လက်မ၊ အနံ ၈၈ ပေ ၄ လက်မရှိသည်။ မြောက်ဘက်နံရံ အုတ်ရိုးအပြင်တွင် ဒုတိယအုတ်ရိုးတစ်ခု ကာရံထားပြီး အုတ်ရိုးနှစ်ခုကြား မြေကြီးများဖို့ထားသည်။ မင်းလှခံတပ်၏ နံရံအထူသည် ၁၇ ပေ ၃ လက်မရှိပြီး အုတ်ရိုးအမြင့်သည် အတွင်းဘက်၌ ၂၃ ပေ ၅ လက်မနှင့် အပြင်ဘက်၌ ၂၅ ပေ ၉ လက်မရှိသည်။

မင်းလှခံတပ်တွင် တံခါးပေါက် ၁၆ ပေါက်နှင့် လှေကားလေးစင်း တပ်ဆင်ထားသည်။ ခံတပ်အောက်ဘက်တွင် စစ်သည်များနေထိုင်ရန်နှင့် ရိက္ခာများသိုလှောင်နိုင်ရန် အခန်းပေါင်း ၂၀ ခန်းရှိရာ ခံတပ်အရှေ့ဘက်တွင် ခုနစ်ခန်း၊ အနောက်ဘက်တွင် လေးခန်း၊ တောင်ဘက်တွင် ခြောက်ခန်းနှင့် မြောက်ဘက်တွင် လေးခန်းဖြစ်သည်။

မင်းလှခံတပ်ကိုတည်ဆောက်ရန် မင်းလှမြို့၏ တောင်ဘက် အင်းဖျားဒေသနှင့် အနောက်တောင်ဘက်ရှိ လက်လန်ရွာအနီး နေရာများတွင် အုတ်များဖုတ်ခဲ့သည်။ ထိုစဉ်ကအုတ်ဖုတ်ခဲ့သည့်နေရာများသည် ချိုင့်ခွက်ကြီးများဖြစ်ခဲ့ပြီး နောက်ပိုင်းတွင် အင်းကြီးများသဖွယ် ဖြစ်လာခဲ့သည်။ သဲများကို မင်းလှ၏အထက်ပိုင်းရှိ မြင်းကျတောင်ကမ်းပါးမှ သယ်ယူခဲ့ကြသည်။ မင်းလှခံတပ်ကိုဆောက်လုပ်ရာတွင် သုံးစွဲခဲ့သည့် အင်္ဂတေကို ထုံး၊ သဲ၊ ရေ၊ ထန်းလျက်၊ အုံတုံနှင့် ကျွဲကော်တို့ကို မောင်းဆုံတွင် စေးပျစ်လာသည်အထိ ထောင်းပြီး နံရံများဆီသို့ ပစ်ပေါက်ကြည့်ကာ ကွာမကျမှသာ သုံးစွဲခဲ့သည်ဟု မြန်မာ့စွယ်စုံကျမ်းတွင် ရေးသားထားသည်။

ခံတပ်အပေါ်ရှိ စင်္ကြံလမ်းသည် ၂၁ ပေ ၆ လက်မ ကျယ်ဝန်းလျက် ခံတပ်အပေါ်ထောင့်လေးဘက်တွင် စင်္ကြံလမ်းမှ စင်္ကြံအုတ်ရိုးပေါ်သို့တက်ရန် လှေကားများပြုလုပ်ထားသည်။ ယင်းအုတ်ရိုးပေါ်တွင် ကင်းစောင့်နေရာနှင့် အလံတိုင်နေရာများရှိသည်။ ခံတပ်၏အနောက်ဘက်ဝင်ပေါက် ဝဲယာတွင် ခံတပ်ပေါ်သို့ အမြောက်များတင်သည့် ဆင်ခြေလျှောလမ်း ပြုလုပ်ထားကာ ထိုဆင်ခြေလျှောလမ်းကို အသုံးပြု၍ ခံတပ်အတွင်းသို့ အဝေးပစ်အမြောက်များ သယ်ဆောင်တပ်ဆင်ခဲ့သည်။

၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ ရက် (ခရစ်နှစ် ၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်) တွင် ဗိုလ်ချုပ်ပရင်ဒါဂတ် ဦးစီးသော အင်္ဂလိပ်စစ်သင်္ဘောများသည် ဆင်ပေါင်ဝဲအောက် ၁၂ မိုင်ရှိ ဒဂုံမော်ကျောက်တိုင်ကိုကျော်ဖြတ်၍ ဧရာဝတီမြစ်ကြောင်းအတိုင်း ဆန်တက်လာခဲ့သည်။ ထိုစဉ်က ဒဂုံမော်သည် အင်္ဂလိပ်-မြန်မာ နယ်စပ်ဖြစ်သဖြင့် မြန်မာပိုင်နယ်မြေအတွင်းသို့ ကျူးကျော်ဝင်ရောက်လာသည့် အင်္ဂလိပ်စစ်တပ်ကို မြန်မာတို့က ဆီးကြိုတိုက်ခိုက်ခဲ့ရာ ပြင်းထန်သောတိုက်ပွဲများ ဖြစ်ခဲ့သည်။

အင်္ဂလိပ်စစ်သင်္ဘောများသည် ဆင်ပေါင်ဝဲ၊ စစ်အောင်ခန်းခံတပ်တွင် တပ်စွဲထားသည့် မြန်မာ့တပ်မတော်နှင့် ပြင်းထန်စွာတိုက်ပွဲဖြစ်ပွားခဲ့ရာ ဆင်ပေါင်ဝဲခံတပ်ကို ဗုံးများ၊ အမြောက်များနှင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ အင်အားမမျှသဖြင့် မြန်မာတပ်များ ဆုတ်ခွာခဲ့ရပြီးနောက် အင်္ဂလိပ်တို့သည် ဆိပ်ကမ်းတွင်ဆိုက်ကပ်ထားသော မြန်မာမင်းပိုင်တုလွှတ်ယာဉ်ကျော် သင်္ဘောကို သိမ်းပိုက်၍ သရက်မြို့နယ်သို့ ယူဆောင်သွားခဲ့ကြသည်။ အင်္ဂလိပ်များသည် ဆင်ပေါင်ဝဲတပ်ကိုသိမ်းယူပြီးနောက် ထူးပေါက်ကတုတ်၊ မလွန်ပန်းဒေါပြင်တပ်နှင့် မင်းလှခံတပ်တွင် တပ်စွဲထားသည့် မြန်မာတပ်များကို ဆက်လက်တိုက်ခိုက်ခဲ့ပေသည်။

**ကွေ့ချောင်းခံတပ်**

ကွေ့ချောင်းခံတပ်သည် မကွေးမြို့နယ် မြင်ကွန်းတိုက်နယ် ဧရာဝတီမြစ်၏ လက်ဝဲဘက်ကမ်း၌ မင်းလှခံတပ်နှင့် ဓားလွယ်ခုတ်အနေအထားတည်ရှိပြီး ဧရာဝတီမြစ်ကမ်းနဖူးမှ ၃၅ ပေ အကွာ၊ ရေမျက်နှာပြင်မှ ပေ ၄၅၀ ခန့်မြင့်သော တောင်ကုန်းပေါ်တွင် တည်ဆောက်ခဲ့သည်။ ခံတပ်တည်ရာကုန်းကို တပ်ကုန်း၊ ကုလီကုန်းဟု ခေါ်သည်။

စာမျက်နှာ ၂၀ သို့

# စစ်တွေမြို့ လောကာနန္ဒာစေတီတော်၌ ပြည်သူ့အကျိုးပြုလုပ်ငန်းများ စုပေါင်းဆောင်ရွက်

**စစ်တွေ အောက်တိုဘာ ၁၆**

စစ်တွေမြို့ရှိ လောကာနန္ဒာစေတီတော်နှင့် ပတ်ဝန်းကျင် သန့်ရှင်းသာယာရေးအတွက် အမှတ်(၄)လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့မှူးရုံးက ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များနှင့် ရခိုင်ပြည်နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ စိမ်းပြာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ဝင်များ စုပေါင်းပြီး စေတီတော်ပရိဝုဏ်အတွင်း၌ သန့်ရှင်းရေးလုပ်ငန်းများကို အောက်တိုဘာ ၁၄ ရက်က ဆောင်ရွက်ခဲ့ကြသည်။



စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် စိမ်းပြာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့မှ လူငယ်များ စုစုပေါင်းအင်အား ၄၇၀ ကျော်က လောကာနန္ဒာစေတီတော် ရင်ပြင်တွင် ဆေးကြောခြင်း၊ စေတီတော်ပရိဝုဏ်အတွင်းရှိ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ပေါင်းမြက်များ ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

စစ်တွေခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းနောင်က မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ မူဝါဒလမ်းစဉ်နှင့်အညီ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ မတိုင်ခင်ကတည်းကလည်း ပြည်သူ့အကျိုးပြုလုပ်ငန်းများဖြစ်သော စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းနှင့် စုပေါင်းသွေးလှူဒါန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အခါအခွင့်သင့်လျှင် သင့်သလို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်သည့်အခါများတွင်လည်း ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

စစ်တွေမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်စခန်းမှူး ဦးဆန်းဝင်းလှိုင်ကလည်း "ကျွန်တော်တို့ ပြည်နယ် မီးသတ်ဦးစီးမှူး ဦးသော်ဒါ ဦးဆောင်မှုနဲ့ မီးသတ်တပ်ဖွဲ့ဝင် ၃၀ ကျော်တို့က ဘုရားရင်ပြင်သန့်ရှင်းရေးကို တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ပါတယ်။ မီးသတ်ကားတွေနဲ့ ရေပက်ဖျန်းပြီး ရင်ပြင်ပေါ်က အညစ်အကြေးတွေကို ဆေးကြောကြတယ်။ ပွင့်လင်းရာသီလည်း ရောက်လာပြီဆိုတော့ ဘုရားဖူးလာကြတဲ့သူတွေ စိတ်ချမ်းမြေ့စွာ တရားအားထုတ်နိုင်ဖို့ရာ အခုလို ပါဝင်သန့်ရှင်းရေးဆောင်ရွက်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်ပါတယ်"ဟု ပြောသည်။

စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ရာသို့ အမှတ်(၄)လုံခြုံရေး ရဲကွပ်ကဲရေးမှူး ရဲမှူးချုပ်မြဝင်း၊ ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်မြတ်မိုး၊ ပြည်နယ်မီးသတ်ဦးစီးမှူး ဦးသော်ဒါနှင့် တာဝန်ရှိသူများက လာရောက် ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# စဉ်ဆက်မပြတ် ဆေးပညာဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၆**

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်တိုင်းဒေသကြီး)က ကြီးမှူး၍ စဉ်ဆက်မပြတ် ဆေးပညာဟောပြောပွဲကို အောက်တိုဘာ ၁၈ ရက်နှင့် ၂၇ ရက်တွင် တွံတေးမြို့နယ်နှင့် အင်းစိန်မြို့နယ်တို့၌ ကျင်းပမည်ဟု သိရသည်။

အောက်တိုဘာ ၁၈ ရက်တွင် ဟောပြောပွဲကို မွန်းလွဲ ၁၂ နာရီခွဲမှ ညနေ ၃ နာရီခွဲအထိ တွံတေးမြို့နယ် ပြည်သူ့ဆေးရုံကြီး ခန်းမ၌လည်းကောင်း၊ အောက်တိုဘာ ၂၇ ရက်တွင် မွန်းလွဲ ၁၂ နာရီခွဲမှ ညနေ ၃ နာရီခွဲအထိ အင်းစိန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင်လည်းကောင်း ကျင်းပမည်ဖြစ်ပြီး ဟောပြောပွဲသို့ ဆရာဝန်များအားလုံး တက်ရောက်နိုင်ကြောင်း မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်တိုင်းဒေသကြီး)မှ သတင်းထုတ်ပြန်ထားသည်။

**ဗထူး**

## မှုခင်းသတင်းတိုများ

### ဘီးလင်းမြို့နယ်တွင် ယာဉ်တိုက်မှုဖြစ်၍ နှစ်ဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရ

မွန်ပြည်နယ် ဘီးလင်းမြို့နယ် သပြေနီကျေးရွာအနီး ရန်ကုန်-မော်လမြိုင်ကားလမ်းပေါ်၌ အောက်တိုဘာ ၁၄ ရက် နံနက် ၁၀ နာရီခွဲခန့်က ယာဉ်တိုက်မှုဖြစ်၍ လူနှစ်ဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရခဲ့ကြောင်း သိရသည်။ ဘီးလင်းမြို့ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း မင်းထွန်းထွန်းဦး(၄၅နှစ်) မောင်းနှင်ပြီး ခရီးသည်ခုနစ်ဦး လိုက်ပါစီးနင်းလာသည့် ပစ်ကပ်ယာဉ်က ယာဉ်ကြောအတိုင်းမောင်းနှင်လာစဉ် နောက်မှကျော်တက်သည့် ယာဉ်မောင်းအေးသန်း(၄၉နှစ်) မောင်းနှင်လာသော Yutong ခရီးသည်တင်ယာဉ်နှင့် ချိတ်မိရာမှ ပစ်ကပ်ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောပေါ် ရောက်သွားပြီး မျက်နှာချင်းဆိုင်မှ ကိုနေလင်းမောင်းနှင်ပြီး ကိုဇင်ကိုလင်းလိုက်ပါစီးနင်းလာသည့် ဆိုင်ကယ်နှင့် ဦးသန်းဦး မောင်းနှင်ပြီး ဦးနန်းဝင်း လိုက်ပါစီးနင်းလာသည့် ဆိုင်ကယ်တို့ကို ဝင်တိုက်မိခဲ့ခြင်းဖြစ်သည်။ ယာဉ်တိုက်မှုကြောင့် ပစ်ကပ်ယာဉ်မှာ လမ်းဘေးချောက်အတွင်း ထိုးကျတိမ်းမှောက်ကာ ခရီးသည် ဦးသောင်းရွှေသေဆုံးခဲ့ပြီး ဆိုင်ကယ်မောင်းသူတစ်ဦးဖြစ်သည့် ကိုနေလင်းမှာလည်း နေရာတွင်ပင်သေဆုံးကာ လူကိုးဦးမှာ ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်ကို မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း မင်းထွန်းထွန်းဦးနှင့် အေးသန်းတို့အား ဘီးလင်းမြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။

**နေခြည်(ဇင်းကျိုက်)**

### လင်မယားချင်းစကားများရန်ဖြစ်ပြီး ပေါက်ပြားဖြင့်ခုတ်၍ ဇနီးဖြစ်သူသေဆုံး

ပဲခူးမြို့နယ် ကျိုက်ဒေးယုံကျေးရွာအုပ်စု ကျုံပကန်ကျေးရွာ၌ အောက်တိုဘာ ၁၃ ရက် ညနေ ၆ နာရီခွဲခန့်က လင်မယားချင်းစကားများရန်ဖြစ်ရာမှ ခင်ပွန်းဖြစ်သူက ပေါက်ပြားနှင့်ခုတ်သဖြင့် ဇနီးဖြစ်သူသေဆုံးမှု ဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ ယင်းကျေးရွာနေ ဦးသန်းငွေ(၅၁နှစ်)သည် အခင်းဖြစ်ပွားသည့်ညနေပိုင်းက ဇနီးဖြစ်သူ ဒေါ်ဌေးဌေး(၄၁နှစ်)နှင့် တစ်ယောက်တစ်ခွန်း စကားများကြစဉ် ဦးသန်းငွေက ဒေါသထွက်ပြီး သစ်သားရိုးတပ်ပေါက်ပြားဖြင့် ခုတ်ခဲ့သဖြင့် ဇနီးဖြစ်သူဒေါ်ဌေးဌေး၏ ဦးခေါင်းတွင် ဒဏ်ရာရရှိပြီး ပဲခူးဆေးရုံကြီးသို့ အရေးပေါ်ပို့ဆောင်စဉ် ရရှိသည့်ဒဏ်ရာဖြင့် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပဲခူးအမှတ်(၂)နယ်မြေရဲစခန်းမှ တာဝန်ရှိရဲတပ်ဖွဲ့ဝင်များက အခင်းဖြစ်ပွားသည့်ကျေးရွာသို့ ချက်ချင်းသွားရောက်စစ်ဆေးခဲ့ပြီး ပြစ်မှုကျူးလွန်သူ ဦးသန်းငွေ (၅၁ နှစ်)အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

### စီးပွားရေးကျပ်တည်း၍ အမျိုးသမီးတစ်ဦး ပိုးသတ်ဆေးသောက်သေဆုံး

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ရေကြည်ကျေးရွာအုပ်စု သာယာကုန်းကျေးရွာ၌ အောက်တိုဘာ ၁၄ ရက် ည ၁၁ နာရီခန့်က အမျိုးသမီးတစ်ဦး ပိုးသတ်ဆေးသောက်၍သေဆုံးမှု ဖြစ်ပွားခဲ့သည်။ သာရဝေါရဲစခန်းမှ ဒုရဲအုပ် မင်းမင်းဦးနှင့်အဖွဲ့၏ သွားရောက်စစ်ဆေးချက်အရ သေဆုံးသူမှာ မနှင်းသီရိကျော်(၂၁ နှစ်)ဖြစ်ကာ ပြင်ပဒဏ်ရာ တစ်စုံတစ်ရာမတွေ့ရှိဘဲ ပါးစပ်မှ ပိုလိုပိုးသတ်ဆေးနံ့ရရှိကာ သေဆုံးနေသည်ကို တွေ့ရှိရပြီး ၎င်း၏ခင်ပွန်းဖြစ်သူ ကျော်မင်းထက်၏ ပြောကြားချက်အရ စီးပွားရေးအကျပ်အတည်းကြောင့် မိသားစုအဆင်မပြေဖြစ်ကာ နေအိမ်တွင် ပိုလိုပိုးသတ်ဆေး သောက်လိုက်သဖြင့် သာရဝေါတိုက်နယ်ဆေးရုံသို့ ပို့ဆောင်စဉ် လမ်း၌ သေဆုံးသွားခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဒုရဲအုပ် မင်းမင်းဦးက တရားလိုပြုလုပ်၍ သေမှုသေခင်းဖွင့်ထားပြီး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး တောင်သူနည်းပညာပေးသင်တန်းဖွင့်

**ကျောင်းကုန်း အောက်တိုဘာ ၁၆**

မြန်မာ့ဆန်စပါးအရည်အသွေးကောင်းမွန်၍ စပါးရိတ်သိမ်းချိန် လေလွင့်ဆုံးရှုံးမှု လျော့နည်းစေရန် ရည်ရွယ်ပြီး ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနနှင့် ကုလသမဂ္ဂစားနပ်ရိက္ခာအဖွဲ့ FAO တို့ပူးပေါင်းကာ တောင်သူနည်းပညာပေးသင်တန်းကို ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် အောင်မင်္ဂလာရှင်းလင်းဆောင်၌ အောက်တိုဘာ ၁၃ ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါ တောင်သူနည်းပညာပေးသင်တန်းတွင် FAO မှ စိုက်ပျိုးရေးပညာရှင် ဦးခင်မောင်ဝင်းက သိပ္ပံနည်းကျစပါးရိတ်သိမ်းခြင်း၊ ခြွေလှေ့ခြင်း၊ အခြောက်ခံခြင်း၊ သိုလှောင်ကြိတ်ခွဲခြင်း နည်းပညာများကို တောင်သူများ ဆင့်ပွားသုံးစွဲတတ်စေရန် လေ့ကျင့်ပညာပေး ဆွေးနွေးခဲ့သည်။

ကျောင်းကုန်းမြို့နယ်သည် ဆန်စပါးကို အဓိကစိုက်ပျိုးသည့် မြို့နယ်တစ်ခုဖြစ်ပြီး မိုးစပါးနှင့် နွေစပါး စိုက်ပျိုးထုတ်လုပ်မှု ဧကတစ်သိန်းခွဲခန့်ရှိကာ ပဲမျိုးစုံစိုက်ဧက ခုနစ်သောင်းခန့်ရှိကြောင်း သိရသည်။ ယခုကဲ့သို့ တောင်သူအသိပညာပေးဆွေးနွေးပွဲနှင့် သင်တန်းပို့ချမှုများကို ကျောင်းကုန်းမြို့နယ်အတွင်းရှိ ကညင်သုံးဆင့်၊ ပျော်ဘွယ်ကုန်း၊ ဆိပ်ဖူးနီ၊ လှည်းဆိပ်နှင့် ကြိုးကြာကွင်း ကျေးရွာအုပ်စုများ၌ အောက်တိုဘာ ၁၃ ရက်နောက်ပိုင်းမှစ၍ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့၌ ဆေးလိပ်ငွေ့ကင်းစင်ရေး လှုပ်ရှားမှုတစ်ရပ်အဖြစ် လူထုစက်ဘီးစီးပွဲကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် အောက်တိုဘာ ၁၅ ရက်က ကျင်းပပြီး ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရှဲန်တစ်လုံ၊ စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွဲဆိုင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်တို့က ဒေသခံပြည်သူ ၁၅၀ ခန့်နှင့်အတူ စုပေါင်းစက်ဘီးစီးနေစဉ်။** (စက်ဘီးစီးရာတွင် လွတ်လပ်ရေးကျောက်တိုင်မှ စတင်ထွက်ခွာ၍ ကျိုင်းတုံ-တာချီလိတ် လမ်းမအတိုင်း ဂေါက်ကွင်းလမ်းဆုံအထိသွားပြီး ထိုနေရာမှ ပြန်လှည့်ကာ နောင်တုံကန်ကို တစ်ပတ်ပတ်၍ မြို့မအားကစားကွင်း၌ ပန်းဝင်ခဲ့ကြသည်။)

**(မြို့နယ် ပြန်/ဆက်)**



**စာမျက်နှာ ၁၉ မှ**

ထောင့်မှန်စတုဂံပုံ ကွေ့ချောင်းခံတပ်သည် မြောက်မှတောင်သို့ အလျားပေ ၂၄၀၊ အနံ ၁၅၅ ပေရှိသည်။ ခံတပ်ကို နှစ်ပိုင်းခွဲထားကာ မြောက်ဘက်ခြမ်းကို တံတိုင်းအလုံကာရံထားသည်။ ယင်းတံတိုင်းတွင် မီးပေါက် ၈၆ ပေါက်ရှိပြီး ခံတပ်တောင်ဘက်ပိုင်းတွင် အမြောက်တင် အုတ်ရိုးစင်မြင့်၊ အလံတိုင် စိုက်ထူသည့် စင်မြင့်၊ တပ်မှူးအမိန့်ပေးသည့် စင်မြင့်များရှိသည်။ အောက်တည့်တည့်တွင် ခန်းမကြီးတစ်ခုရှိပြီး အထက်နှင့်အောက်ကို အုတ်လှေကားတစ်ခုစီဖြင့် ဆက်သွယ်ထားသည်။

မြေတွင်း၌ လက်နက်တိုက်ခန်းနှစ်ခု ပြုလုပ်ထားရာ တစ်ခုမှာ လိုဏ်အတွင်း အနောက်ဘက်နံရံမှ ဝင်ရသည်။ ကျန်တစ်ခုသည် အရာရှိများရုံးခန်း၏ အနောက်တည့်တည့်တွင် ရှိသည်။ လက်နက်တိုက်ခန်းများအဝ အုတ်ရိုးတွင် တံခါးနှစ်ခုတပ်ဆင်ထားပြီး အတွင်းဘက် ခန်းမတစ်ခု၌ အခန်းကလေးတစ်ခုကိုငုံ၍ ဆောက်လုပ်ထားသည်။ ထိုအခန်းအတွင်းသို့ အပြင်မှ လေဝင်နိုင်ရန် စီမံဆောက်လုပ်ထားသည်။

ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီးတွင် ရန်သူ့လက်သို့ မင်းလှခံတပ်နှင့် ကွေ့ချောင်းခံတပ်များကျခဲ့ရပုံကို "မင်းလှခံမြို့ ကွေ့ချောင်းခံမြို့များကို အင်္ဂလိပ်စစ်သည်တို့က ကြည်းအား၊ ရေအားချီတက် စစ်နှစ်ဖက်ညှပ်၍ ဗုံးအမြောက်၊ သေနတ်၊ လက်နက်တို့နှင့် ပစ်ခတ်တိုက်ခိုက်ကြရာ ပြည်လုံးအံ့လှေသင်းဗိုလ်၊ ရွေးကြီးလှေသင်းဗိုလ်တို့ကလည်း အမြောက်၊ သေနတ်၊ လက်နက်များနှင့် မီးပေါက်မိုးရွာ၏သို့ ခုခံပစ်ခတ်တိုက်ခိုက်သဖြင့် အင်္ဂလိပ် ကြည်းကြောင်းတပ်များ မတက်နိုင်ဘဲ တန့်၍နေပြီးနောက် အထိအခိုက်အရှုအနခံ၍ မြို့ခြေရောက် ချဉ်းကပ်လာသည်တွင် စစ်သည်ဗိုလ်ခြေ အင်အားချင်းမမျှသောကြောင့် မြန်မာရဲမက်တော် လူ ၇၀၀၊ အမြောက်လုံးရေ ၃၅ နှင့်တကွ မင်းလှခံမြို့ကို အင်္ဂလိပ်စစ်ဗိုလ်ကြီးက ရလေသည့်အပြင် ကွေ့ချောင်းခံမြို့ကိုလည်း အင်္ဂလိပ်စစ်သည်တို့က ရလေ၏"ဟု ရေးသားမှတ်တမ်းတင်ခဲ့သည်။ မင်းလှနှင့် ကွေ့ချောင်းခံတပ်များကို ၁၉၅၇ ခုနှစ်မှစ၍ ရှေးဟောင်းသုတေသန ဦးစီးဌာနက ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။

ဒုတိယ-အင်္ဂလိပ်မြန်မာစစ်ပွဲ ပြီးဆုံးပြီးနောက် မြန်မာတို့သည် အထက်မြန်မာနိုင်ငံ လုံခြုံရေးကို အထူးဂရုစိုက်ခဲ့ကြရာ ရန်သူများ ရေကြောင်းမှ အလွယ်တကူ ဝင်ရောက်မလာနိုင်ရန် အချက်အချာကျသောနေရာများတွင် ခံတပ်ကြီးများကို တည်ဆောက်ခဲ့ကြသည်။ ခံတပ်များကို ဧရာဝတီမြစ်ကြောင်းအတိုင်း ရတနာပုံနေပြည်တော်သို့ ဆန်တက်လာမည့် နယ်ချဲ့ရန်ကို တိုက်ခိုက်ရန် ရည်ရွယ်ဆောက်လုပ်ခဲ့သည်။ ရတနာပုံခေတ်တွင် မိမိတို့နိုင်ငံသို့ ကျူးကျော်သူများကို ကာကွယ်မှုပြုခဲ့သည့် အခြေစိုက်ခံတပ်များသည် မြန်မာတို့၏ မျိုးချစ်စိတ်ဓာတ်နှင့် သူ့ကျွန်မခံလိုမှုတို့ကို သက်သေဖော်ညွှန်းလျက်ရှိနေပေသည်။ ။

**ကိုးကား**

**မြန်မာ့စွယ်စုံကျမ်း အတွဲ(၉)**

**ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး (ဦးမောင်မောင်တင်)**

# ဓာတုပစ္စည်းများ ပက်ဖျန်းသည့် သီးနှံများသည် စားသုံးသူများအတွက် အန္တရာယ်ဖြစ်စေနိုင်

**အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) နှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ ပြည်သူများ အန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရန် ဈေးများအတွင်း ရောင်းချနေသော အစားအသောက်၊ ဆေးဝါးနှင့် အသီးအနှံများ စစ်ဆေးခြင်း၊ ပြည်သူများအား အစားအသောက်နှင့်ပတ်သက်၍ ပညာပေးခြင်း၊ လက်ကားဝယ်ယူမှုကို ရှောင်တခင်စစ်ဆေးခြင်းနှင့် ဟင်းသီးဟင်းရွက်များတွင် ပိုးသတ်ဆေးများ အလွန်အမင်းဖျန်းခြင်းကြောင့် အန္တရာယ်ကြီးမားပုံ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ထိုသို့ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ပြည်သူများသိရှိနိုင်ရန် တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။**


ဒေါက်တာ သန်းထွင်


ဒေါက်တာထွန်းလင်းအောင်


ဒေါ်ခင်မြမြလွင်


ဦးမိုးကျော်သိန်း


မခင်နှင်း

**ဒေါက်တာသန်းထွင်**
**ညွှန်ကြားရေးမှူးချုပ်**
**အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန**

ပြည်သူတွေအတွက် အစားအသောက်နဲ့ပတ်သက်ပြီး အန္တရာယ်ကင်းဖို့နဲ့ လုံခြုံစိတ်ချရဖို့အတွက် ဆောင်ရွက်တာဖြစ်ပါတယ်။ မိဘပြည်သူအားလုံးရဲ့ အစားအသောက်လုံခြုံမှုကိစ္စကို စဉ်ဆက်မပြတ်ဆောင်ရွက်ပါလို့ ပြည်ထောင်စုဝန်ကြီးက မကြာခဏ ကျွန်တော်တို့ကို လမ်းညွှန်ပါတယ်။

အခု ကျွန်တော်တို့ဌာနကို လူအင်အားတွေ တိုးချဲ့တယ်။ အတတ်ပညာတွေ တိုးချဲ့တယ်။ နည်းပညာပစ္စည်းတွေကိုပါ တိုးချဲ့ပါတယ်။ ကျွန်တော်တို့ ဓာတ်ခွဲခန်းမှာ ကျွမ်းကျင်သူတွေနဲ့ တိုင်းတာ၊ စစ်ဆေး၊ စမ်းသပ်နိုင်ပါပြီ။ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ပူးပေါင်းပြီး ပညာပေးခြင်းတွေ၊ ထိန်းသိမ်းကြပ်မတ်မှုတွေကို လုပ်နေပါတယ်။

အခုကျွန်တော်တို့က စိုက်ခင်းတွေထိ ရှောင်တခင်စစ်ဆေးမှုတွေ လုပ်နေပါပြီ။ စိုက်ခင်းတွေထဲမှာ ဘာတွေ သုံးထားသလဲ၊ ဓာတုဆေးတွေ ဘယ်လောက်ထိ အကြွင်းအကျန်ဖြစ်နေသလဲ စစ်ဆေးပါတယ်။ နေပြည်တော်မှာတော့အာဟာရသုခဈေးက စိုက်ပျိုးသီးနှံထွက်ကုန်တွေရဲ့ အမာခံဒိုင်ဖြစ်ပါတယ်။

ရောင်းချနေတဲ့ ဟင်းသီးဟင်းရွက်တွေမှာ လူကိုအန္တရာယ် ဖြစ်စေလောက်တဲ့ ပိုးသတ်ဆေးတွေ၊ ဆိုးဆေးတွေ သုံးထားသလားဆိုတာကို စစ်ဆေးပါတယ်။ ရောင်းသူက နည်းနည်း၊ စားသုံးသူက များများ၊ အများပြည်သူရဲ့အကျိုးရှေးရှုရမှာဖြစ်ပါတယ်။ တစ်ကြိမ်တစ်ခါတည်း အရေးယူလို့လည်း မရပါဘူး။ အမြဲတမ်းဆောင်ရွက်မှုနဲ့ စေ့စေ့စပ်စပ် ပြုလုပ်ရပါတယ်။ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် အမြို့မြို့အနယ်နယ်တွေမှာ ဆောင်ရွက်နေပါပြီ။ ကျေးရွာတိုင်းတော့ မရောက်သေးသော်ငြားလည်း တိုင်းဒေသကြီး၊ ပြည်နယ်နဲ့ခရိုင်တွေအထိ စီမံချက်ဆွဲပြီး တစ်လကိုတစ်နေရာ အလှည့်ကျအချိန်ဇယားနဲ့ စနစ်တကျစစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ မိဘပြည်သူတွေအနေနဲ့ ကျွန်တော်တို့ ပေးနေတဲ့ ပညာပေးမှုတွေကို လိုက်နာဆောင်ရွက်စေချင်ပါတယ်။ ထူးခြားချက်တွေရှိရင်လည်း ကျွန်တော်တို့ကို သတင်းပေးစေချင်ပါတယ်။ ကျွန်တော်တို့ FDA ရဲ့ဆောင်ရွက်ချက်တွေကိုလည်း ထောက်ခံအားပေးစေချင်ပါတယ်။

**ဒေါက်တာထွန်းလင်းအောင်**
**ဒုတိယညွှန်ကြားရေးမှူး**
**အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန**

ပြီးခဲ့တဲ့လက တပ်ကုန်းဈေးထဲမှာ အသီးအနှံနဲ့ အသီးအရွက်တွေမှာ ပိုးသတ်ဆေးပါ၊ မပါကို စစ်ဆေးခဲ့ပါတယ်။ ပိုးမကျအောင် ပိုးသတ်ဆေးတွေကို တောင်သူတွေက သုံးကြတဲ့အတွက် ပြည်သူတွေစားသုံးတဲ့အခါမှာ ဆေးဓာတ်ကြွင်းတွေ ကျန်ခဲ့သလားဆိုတာကို ဈေးကွက်ကနေ ထောက်လှမ်းခဲ့ပါတယ်။

ပိုးသတ်ဆေးအကြွင်းအကျန်ကို ဓာတ်ခွဲပြီး အသီးအနှံ ခုနစ်မျိုးစစ်တဲ့အခါ ခုနစ်မျိုးလုံးမှာ တွေ့ရတယ်။ အသီးအနှံတွေမှာ ပိုးသတ်ဆေးက မသုံးမဖြစ်သုံးရတဲ့အတွက် နည်းမှန်လမ်းမှန် သုံးတတ်စေဖို့ ဘယ်လိုအသိပညာတွေပေးရင်ကောင်းမလဲ။ ဈေးထဲမှာပဲ စစ်တယ်၊ သိမ်းဆည်းတယ်ဆိုရင် ဒါဟာ ထိရောက်တဲ့နည်းလမ်းလို့ ကျွန်တော်တို့ မယူဆပါဘူး။

ပင်ရင်းဖြစ်တဲ့ တောင်သူတွေ ဆေးဘယ်လို ဖျန်းနေသလဲ၊ ဆေးဖျန်းပြီး ဘယ်နှရက်နေမှ ဈေးကွက်ပေါ်ရောက်သလဲဆိုတာ သိချင်တဲ့အတွက် သုတေသနလုပ်မှာပါ။ အဲ့ဒါကြောင့် စိုက်ပျိုးရေးဦးစီးဌာနနဲ့ ပူးပေါင်းပြီး အသိပညာပေးပွဲကို ပြုလုပ်ခြင်းဖြစ်ပါတယ်။

**ဒေါ်ခင်မြမြလွင်**
**လက်ထောက်ညွှန်ကြားရေးမှူး**
**စိုက်ပျိုးရေးဦးစီးဌာန**

သီးနှံတွေမှာ ပိုးမွှားပါဝင်မှု ရှိ၊ မရှိ စစ်ဆေးတဲ့ စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းတွေသာမက မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းတွေနဲ့ပူးပေါင်းပြီး အပတ်စဉ်စံပြကွက်တွေမှာ ပိုးမွှားကျရောက်မှုကို ကင်းထောက်စစ်ဆေးပါတယ်။ ရလာတဲ့ အချက်ပေါ်မူတည်ပြီး ဆေးဖျန်းရမယ်၊ ဆေးမဖျန်းရဘူးဆိုတာတွေကို ထုတ်ပြန်ပေးပါတယ်။ တောင်သူတွေကိုလည်း ပညာပေးပါတယ်။ ပုံမှန်အားဖြင့် သီးနှံကာကွယ်ရေးအဖွဲ့တွေက ရွာထဲအရောက်ဘက်စုံရောဂါပိုးမွှားကာကွယ်ရေး နည်းစနစ်တွေကို အသုံးပြုဖို့ အမြဲတမ်းလိုက်လံပညာပေးဆွေးနွေးလျက်ရှိပါတယ်။ သီးနှံစိုက်ဧကတွေ တိုးပွားလာတာနဲ့အမျှ ရာသီအပြောင်းအလဲမှာ ပိုးမွှားရောဂါကျရောက်မှုက အရင်ကထက် ပိုများလာတယ်။ တောင်သူတွေကလည်း လက်ရှိပိုးသတ်ဆေးဖျန်းရင် ပိုးသေတယ်ဆိုတဲ့ အချက်ကြောင့် ပိုးသတ်ဆေးသုံးစွဲမှုက အရင်ကထက် ပိုလာတယ်။

ပိုးသတ်ဆေးက ကောင်းကျိုးရှိသလို၊ ဆိုးကျိုးလည်းရှိပါတယ်။ ကောင်းကျိုးကတော့ ပိုးတွေသေမယ်။ သီးနှံအထွက်တိုးမယ်။ အရည်အသွေးတွေကောင်းမယ်။ ဆိုးကျိုးကတော့ များပါတယ်။ တင်ပို့မှုအပိုင်းမှာလည်း သီးနှံတွေမှာ ဓာတ်ကြွင်းတွေပါမယ်။ လူတွေမှာလည်း အန္တရာယ်ဖြစ်စေမယ်။ ပိုးမွှားတွေက ရိုးရိုးဖျက်ပိုးကနေ အဓိကကျတဲ့ ဖျက်ပိုးတွေ ဖြစ်လာပါတယ်။ ခံနိုင်ရည်တွေလည်း ရှိလာတယ်။ ရှေ့ဆက်ပြီးတော့လည်း ပိုးသတ်ဆေးတွေကို လျှော့ချသုံးစွဲဖို့အပြင် ဘက်စုံပိုးမွှား ကာကွယ်ရေးနည်းစနစ်တွေနဲ့ တဖြည်းဖြည်း ပိုးသတ်ဆေးတွေကို လျှော့ချပြီး ဓာတုကင်းလွတ်တဲ့ သီးနှံတွေ ထုတ်လုပ်ဖို့အထိကို ရည်ရွယ်ပြီး ပညာပေးဆောင်ရွက်လျက်ရှိပါတယ်။

**ဦးမိုးကျော်သိန်း**
**တောင်သူ**
**သဲကောကြီးကျေးရွာ လယ်ဝေးမြို့နယ်**

ကျွန်တော်တို့ ပိုးသတ်ဆေးသုံးတာ အခက်အခဲတော့ မရှိပါဘူး။ အင်းဆက်ပိုးနဲ့ ပတ်သက်တာတွေ၊ မှိုရောဂါနဲ့ ပတ်သက်တာတွေကို နီးစပ်ရာ စိုက်ပျိုးရေးဆေးဆိုင်တွေမှာ တတ်ကျွမ်းသူတွေကို မေးပြီးမှ ကျွန်တော်တို့က ဝယ်ပါတယ်။ ကိုယ်တိုင် မဆုံးဖြတ်ပါဘူး။

ပိုးသတ်ဆေး ဓာတ်ကြွင်းတွေပါရင် စားသုံးသူတွေမှာ အန္တရာယ်ဖြစ်တယ်ဆိုတာ သိထားပါတယ်။ ကျွန်တော်တို့ကတော့ စိုက်ပျိုးရေး ပညာရှင်တွေနဲ့ ညှိနှိုင်းပြီးမှ ဆောင်ရွက်တာဆိုတော့ အတတ်နိုင်ဆုံးတော့ ပိုးသတ်ဆေးတွေကို လိုအပ်သလောက်ပဲ သုံးပါတယ်။

စိုက်ပျိုးရေးဌာနက GAP စိုက်ပျိုးရေးစနစ်တွေကို ကျွန်တော်တို့ကို ပို့ချတာရှိပါတယ်။ ကျွန်တော်တို့ဘက် မှာက တစ်ဦးတည်းသီးသန့် မသုံးဘဲနေရင် မသုံးတဲ့တောင်သူက ဆုံးရှုံးမှုတွေများပါတယ်။ အဲ့ဒါကြောင့် သုံးသင့်သလောက်တော့ သုံးပေးပါတယ်။

အခုလို FDA က အသိပညာပေးပွဲတွေကို လုပ်ပေးတဲ့အတွက် ကျွန်တော်တို့ တောင်သူတွေအနေနဲ့ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်တဲ့အခါမှာ အကျိုးရှိလာပါတယ်။

ပိုးသတ်ဆေးသုံးတဲ့ တောင်သူနဲ့ မသုံးတဲ့ တောင်သူက ဈေးကွက်မှာ များသောအားဖြင့် စားသုံးသူတွေက သီးပင်သီးရွက်တွေကိုကြည့်ပြီး သန်မာထွားကြိုင်းတဲ့ ဟင်းသီးဟင်းရွက်တွေကို ပိုမိုကြိုက်နှစ်သက်ကြတဲ့အတွက် သုံးပေးရပါတယ်။ ပိုးသတ်ဆေးမသုံးရင် ဈေးကွက်ကလည်း ရောင်းပန်းကမလှပါဘူး။ အဲ့ဒါကြောင့် လိုအပ်သလောက်တော့ ပိုးသတ်ဆေးကို သုံးပေးရပါတယ်။

**မခင်နှင်း**
**ဈေးဝယ်သူ၊ နေပြည်တော်**

အခုလို FDA က ဓာတုဆေးတွေနဲ့ ပတ်သက်ပြီး လိုက်လံစစ်ဆေးပေးတဲ့ အတွက် ကောင်းပါတယ်။ စားသုံးသူတွေကလည်း စိတ်ချလက်ချသုံးစွဲလို့ရတာပေါ့။ အသီးအနှံမှာ ဓာတုပစ္စည်းတွေများတယ်ဆိုရင် စားသုံးသူတွေအန္တရာယ်ဖြစ်စေနိုင်ပါတယ်။

ပိုးသတ်ဆေးအသုံးများရင်လည်း ကျန်းမာရေးကို ထိခိုက်စေနိုင်တဲ့အတွက် ဈေးဝယ်ရင် လတ်ဆတ်တဲ့ အသီးအရွက်တွေကို ဝယ်ပါတယ်။ ကျွန်မသိရသလောက်ကတော့ အိမ်မှာထားကြည့်လို့ နွမ်းလွယ်တာ၊ ပုပ်လွယ်တာမျိုးတွေဆိုရင် ဓာတုပိုးသတ်ဆေးများတယ်လို့ သိထားပါတယ်။

**မေး/ရေး-အေးအေးသန့်၊**
**ဓာတ်ပုံ-နှင်းစက်သခင်**

## စဉ့်ကူးမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုးစပါးစိုက်ဧက ၂၃၄ ဧက ရေနစ်မြုပ်ပျက်စီး

**စဉ့်ကူး အောက်တိုဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်၌ အောက်တိုဘာ ၁၃ ရက်က မိုးသည်းထန်းစွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ခတက်ချဉ်ချောင်းမှ တောင်ကျရေများကျဆင်းကာ ရွှေပြည်ကျေးရွာအုပ်စုနှင့် ညောင်ဝန်းကျေးရွာအုပ်စု အတွင်းရှိ ကွင်းကိုးကွင်း၊ ဦးပိုင် ၉၈ အတွင်းရှိ တောင်သူ ၉၃ ဦးတို့၏ မိုးစပါးစိုက်ဧက ၂၃၄ ဧက ရေနစ်မြုပ်ပျက်စီးမှုများရှိကြောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။



အဆိုပါသီးနှံများ ထိခိုက်ပျက်စီးမှုအခြေအနေကို ရေများ ပြန်လည်ကျဆင်းသွားပါက မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များက ကွင်းဆင်းစစ်ဆေးပြီး ပျက်စီးဆုံးရှုံးမှုအခြေအနေများအပေါ် ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းဇော်ဦး(စဉ့်ကူး)**

## လယ်ယာမြေသိမ်းဆည်းခံ တောင်သူများနှင့် တွေ့ဆုံပွဲကျင်းပ

**ပေလီ အောက်တိုဘာ ၁၆** - ပေလီမြို့ဂေါက်ကွင်းပြုလုပ်ရာ၌ လယ်ယာမြေများပါဝင်ခဲ့သည့် လယ်ယာမြေသိမ်းဆည်းခံတောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို အောက်တိုဘာ ၁၄ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားသို့ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဦးစီးမှူး၊ မြို့နယ်မှပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး၊ သံတွဲမြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့အုပ်ချုပ်ရေးမှူးနှင့်ဝန်ထမ်းများ၊ လယ်ယာမြေသိမ်းဆည်းခံရသောတောင်သူများ တက်ရောက်ခဲ့ကြပြီး လယ်ယာမြေသိမ်းဆည်းခံတောင်သူများအား ပြည်နယ်အစိုးရအဖွဲ့က နစ်နာကြေး(သို့)ပံ့ပိုးမှုများ ပေးအပ်နိုင်ရေးအတွက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု ဖိတ်ခေါ်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့အားကစားဆပ်ကော်မတီဥက္ကဋ္ဌဖလား အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု ဖိတ်ခေါ်ပြိုင်ပွဲကို နိုဝင်ဘာ ၅ ရက်တွင် ရန်ကုန်မြို့အမျိုးသားကဇာတ်ရုံ၌ကျင်းပမည်ဖြစ်ကြောင်း အောက်တိုဘာ ၁၂ ရက်က ရန်ကုန်မြို့ ဒေါပုံမြို့နယ် Yangon Waterboom (Lobby Hall Area)၌ ကျင်းပပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲမှသိရသည်။

"ကျွန်မတို့ အမျိုးသမီးအားကစား ဖွံ့ဖြိုးတိုးတက်အောင်မြင်ဖို့ရယ်၊ ကျန်းမာကြံ့ခိုင်ပြီးကျော့ရှင်းလှပသူတွေဖြစ်လာဖို့နဲ့ နိုင်ငံတကာပြိုင်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်နိုင်စေရန် ရည်ရွယ်ပြီး ပြိုင်ပွဲကြီးကို ကျင်းပရခြင်းဖြစ်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့အားကစားဆပ်ကော်မတီဒုတိယဥက္ကဋ္ဌ ဒေါ်တင်တင်လှိုင်က ပြောသည်။

အဆိုပါပြိုင်ပွဲတွင် ၅ပေ ၃ လက်မအောက်နှင့် ၅ပေ ၃လက်မအထက် အတန်းနှစ်တန်း ပါဝင်မည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင်လိုသူများသည် အောက်တိုဘာ ၂၀ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်ဖြစ်ပြီး လက်ရှိချန်ပီယံအမျိုးသမီးကာယကြံ့ခိုင်မှု အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခွင့်ပေးမည်မဟုတ်ကြောင်း သိရသည်။

ဆုကြေးအဖြစ် ပထမဆု ငွေကျပ် ငါးသိန်း၊ ဒုတိယဆုသုံးသိန်း၊ တတိယဆုနှစ်သိန်းနှင့် ပြိုင်ပွဲဝင်သူများကို ငွေကျပ် တစ်သိန်းစီချီးမြှင့်မည်ဖြစ်ကာ နိုဝင်ဘာ ၁၈ ရက်၌ ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြုပါဝင်ယှဉ်ပြိုင်မည့် အမျိုးသမီး Model Physique လက်ရွေးစင်များ ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

# ပြင်ဦးလွင်မီးပုံးပျံပညာရှင်အဖွဲ့များထံသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်အပ်နှံလျက်ရှိ

**ပြင်ဦးလွင် အောက်တိုဘာ ၁၆**

တန်ဆောင်တိုင်ပွဲတော် နီးကပ်လာသည်နှင့်အမျှ ပြင်ဦးလွင်မြို့ မီးပုံးပျံပညာရှင်များထံသို့ အနယ်နယ်အရပ်ရပ်မှ မီးပုံးပျံအများအပြား လာရောက်အပ်နှံလျက်ရှိနေကြောင်း သိရသည်။

"မီးပုံးပျံတွေ လုပ်လာတာ ဆယ်နှစ်ကျော်ပြီဆိုတော့ လုပ်ငန်းအတွေ့အကြုံတွေ အတော်များပြီး ကျွမ်းကျင်ပိုင်နိုင်စွာ လုပ်နိုင်နေကြပါပြီ။ ဒါကြောင့်မို့လည်း အနယ်နယ်အရပ်ရပ်က မီးပုံးပျံအပ်နှံသူတွေ တစ်နှစ်ထက်တစ်နှစ် ပိုများလာတယ်။ တချို့ကလည်း တန်ဆောင်တိုင်ပွဲတော်မှာ လွှတ်တင်ဖို့နဲ့ တချို့ကျတော့ ကထိန်ပွဲမှာ လွှတ်တင်ဖို့ လာအပ်ကြတာတွေများတယ်။ လာရောက်အပ်နှံသူတွေကို အများဆုံးလုပ်ပေးရတာက စိန်နားပန်မီးပုံးပျံနဲ့ ညမီးကျည်မီးပုံးပျံတွေ များတယ်။



ညမီးကျည်မီးပုံးပျံအနေနဲ့ ခေါင်အချင်း ၂၄ ပေ၊ အမြင့် ၂၄ ပေ ကျောက်ဖရုံသီးပုံတစ်လုံးကို ယမ်းပိဿာချိန်ပေါ်မူတည်ပြီး ငွေကျပ် ၁၅ သိန်းကနေ ၁၇ သိန်းအထိ လက်ခံလုပ်ပေးနေတယ်။ ယမ်းပိဿာချိန် ၂၅ ပိဿာဆိုရင် ၁၅ သိန်းလောက်နဲ့ ၃၅၊ ၄၀ ပိဿာလောက်ဆိုရင် ငွေကျပ် ၁၇ သိန်းအထိ ဈေးနှုန်းသတ်မှတ်ထားပါတယ်။ စိန်နားပန်မီးပုံးပျံတွေကတော့ ခေါင်အချင်း ၁၈ ပေနဲ့ အမြင့် ၁၈ ပေ ဝန်းကျင်ကျောက်ဖရုံသီးပုံတစ်လုံးကို ငွေကျပ် ၇ သိန်းလောက် ရှိတယ်။

အခုလာအပ်တဲ့သူတွေ များလွန်းတော့ အချိန်မီအောင် တော်တော်ကြိုးစားလုပ်နေရတယ်။ ရက်သိပ်ကပ်တဲ့ပွဲတွေဆိုရင် လက်ခံလို့တောင် မရတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မီးပုံးပျံလုပ်ပြီးတာနဲ့ "ရှော့အင့်" ဆိုပြီး ထိုးအပ်လိုက်လို့မရဘဲ မီးပုံးပျံလွှတ်တင်တဲ့အထိ အစအဆုံးလိုက်လုပ်ပေးနေရလို့ ပညာရှင်တွေ လက်မလည်ဘူးဖြစ်နေတယ်။ သိပ်ဝေးတဲ့မြို့တွေ၊ ကျေးရွာတွေဆိုရင် လက်ခံလို့မရတော့ပါဘူး" ဟု မီးပုံးပျံပညာရှင်တစ်ဦးက ပြောပြသည်။

ပြင်ဦးလွင်မြို့၌ မီးပုံးပျံပညာရှင်အဖွဲ့ခြောက်ဖွဲ့ရှိပြီး ယခု ရက်ပိုင်းအတွင်း အဆိုပါ ပညာရှင်ခြောက်ဖွဲ့စလုံးသည် ပြင်ဦးလွင် တန်ဆောင်တိုင် မီးပုံးပျံပွဲတော်နှင့် အခြားမြို့ရွာများက လာရောက် အပ်နှံလျက်ရှိသည့် မီးပုံးပျံများကို လက်ခံပြုလုပ်ပေးနေရကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း ဗဟိုဌာနချုပ်နှင့် မွန်ပြည်နယ်ရှိ စစ်မှုထမ်းဟောင်းများ တွေ့ဆုံ

**မော်လမြိုင် အောက်တိုဘာ ၁၆**

မော်လမြိုင်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ရုံးခန်းမ၌ အောက်တိုဘာ ၁၁ ရက်က မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း ဗဟိုဌာနချုပ်မှ ဒုတိယဥက္ကဋ္ဌ(၂) ဗိုလ်မှူးချုပ်ကျော်လွင်ဦး(ငြိမ်း)နှင့် မွန်ပြည်နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့တို့ တွေ့ဆုံခဲ့ကြောင်း သိရသည်။




အခမ်းအနားတွင် ဒုတိယဥက္ကဋ္ဌ(၂) ဗိုလ်မှူးချုပ်ကျော်လွင်ဦး (ငြိမ်း)က အမှာစကားပြောကြားပြီး ပြည်နယ်စစ်မှုထမ်းဟောင်း ဥက္ကဋ္ဌက စစ်မှုထမ်းဟောင်း လုပ်ဆောင်ချက်များနှင့် ဆောင်ရွက်ထားရှိမှုများ တင်ပြခြင်း၊ ပြည်နယ် ၁၀ မြို့နယ်ရှိစစ်မှုထမ်းဟောင်း များမှ စစ်မှုထမ်းဟောင်းများ၏ လိုအပ်ချက်များဆောင်ရွက်ထားရှိမှုများ တင်ပြကြသည်။ ထို့နောက် မွန်ပြည်နယ် ၁၀ မြို့နယ်ရှိ စစ်မှုထမ်းဟောင်းများ၏ သားသမီးများအား ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၁၅၇ သိန်းကျော်ကို မြို့နယ်အလိုက် ဒုတိယဥက္ကဋ္ဌ(၂)က ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(မော်လမြိုင်)**

# မွန်ပြည်နယ်အတွင်း ဒီဂျစ်တယ်မီတာများပြောင်းလဲတပ်ဆင်မှု ၄၀ ရာခိုင်နှုန်းပြီးစီး

**မော်လမြိုင် အောက်တိုဘာ ၁၆**

မွန်ပြည်နယ်အတွင်း ဓာတ်အားဆုံးရှုံးမှုများ လျော့နည်းစေရန်အတွက် ယခင်က တပ်ဆင် အသုံးပြုနေသည့် Analogue မီတာများကို Digital မီတာများ ပြောင်းလဲတပ်ဆင်ပေးလျက်ရှိရာ ၄၀ ရာခိုင်နှုန်း ပြောင်းလဲတပ်ဆင်ပေးပြီးဖြစ်ကြောင်း ပြည်နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ သိရသည်။

"မီတာတွေ ပြောင်းလိုက်တော့ အသုံးယူနစ်တွေ မလွဲတော့ဘူး။ ဓာတ်အား သုံးစွဲမှုကိုတိတိကျကျ ဖော်ထုတ်နိုင်တာဖြစ်လို့ ဓာတ်အားလေလွင့်မှုတွေ မဖြစ်တော့ပါဘူး။ မီတာလိုက်ဖတ်ရတဲ့ ဝန်ထမ်းအင်အား အများကြီးမကုန်တော့ပါဘူး"ဟု ပြည်နယ်မှူး ဦးသက်ပိုင်မျိုးက ပြောသည်။

ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းအနေဖြင့် ဓာတ်အားလေလွင့်မှုများ၊ ဓာတ်အားပျောက်ဆုံးမှုများ ပပျောက်အောင် နည်းလမ်း ၂၄ ချက်ဖြင့် ဆောင်ရွက်လျက်ရှိရာ Analogue မီတာများမှ Digital မီတာများသို့ ပြောင်းလဲတပ်ဆင်ပေးခြင်းလည်း တစ်ချက်အပါအဝင် ဖြစ်သည်။

ပြီးခဲ့သည့် ဩဂုတ်လအတွင်း ဓာတ်အားဆုံးရှုံးမှု ၂၈ ဒသမ ၀၃ ရာခိုင်နှုန်းရှိခဲ့ကြောင်း Digital မီတာများပြောင်းလဲတပ်ဆင်ခြင်းဖြင့် ဓာတ်အားလေလွင့်မှုများ လျော့နည်းသွားမည်ဖြစ်ကြောင်း၊ အသစ်တပ်ဆင်ရန် လျှောက်ထားသူများကို Digital မီတာများသာ တပ်ဆင်ပေးတော့မည်ဖြစ်ကြောင်း သိရသည်။

"သုံးစွဲသူတွေအနေနဲ့ ယူနစ်တွေ ပိုတက်လာတယ်လို့ ထင်ကောင်းထင်နိုင်ပါတယ်။ အမှန်က Analogue မီတာတွေက ကြာလာတာနဲ့အမျှ မီတာအမှန် ဖတ်မပေးနိုင်တော့ သုံးစွဲတဲ့ယူနစ်အမှန်ထက် လျော့နည်းနေတာပါ။ အဲ့ဒီယူနစ်တွေက ဌာနကို ယူနစ်တွေလာတက်စေပါတယ်။ Digital မီတာတွေပြောင်းလိုက်လို့ သုံးစွဲမှုယူနစ်အမှန်ရလာတော့ ဌာနအနေနဲ့ ဓာတ်အားဆုံးရှုံးမှုတွေ လျော့နည်းလာပါတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။ လက်ရှိတွင် ပြည်နယ်တစ်ခုလုံးအတွက် ဓာတ်အားသုံးစွဲမှု အမြင့်ဆုံးပမာဏမှာ ၁၁၀ မဂ္ဂါဝပ်ရှိပြီး တစ်လလျှင် ယူနစ်သန်း ၄၀ ကျော်နှင့် တစ်အိမ်ထောင်လျှင် တစ်လယူနစ် ၂၃၀ သုံးစွဲလျက်ရှိသည်ဟုသိရသည်။

**မြတ်မွန်ထွေး(မြန်မာ့အလင်း)**

# မော်တော်ယာဉ်အချက်ပြမီး အသုံးပြုပုံ သီပေါ၌ လက်ကမ်းစာစောင်ဖြန့်ဝေ

**သီပေါ အောက်တိုဘာ ၁၆**

ယာဉ်ထိခိုက်မှုအန္တရာယ် လျော့နည်းရေးအတွက် မန္တလေး-လားရှိုး-မူဆယ်ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ဖြတ်သန်းမောင်းနှင်နေသည့် မော်တော်ယာဉ်များအား အချက်ပြမီးအသုံးပြုပုံ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို သီပေါမြို့နယ် တိုးဂိတ်နှင့် မြို့တွင်းလူစည်ကားရာ မီးပွိုင့်လမ်းဆုံလမ်းခွများ၌ အမှတ် (၁၂၀) ယာဉ် ထိန်းရဲတပ်ဖွဲ့စုတပ်ဖွဲ့စိတ်(သီပေါ)မှ အောက်တိုဘာ ၁၄ ရက်က ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ဒုတိယ ရဲတပ်ဖွဲ့မှူး ဒုရဲမှူး မြင့်ကျော်ဦးစီး နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့ဝင်များဖြင့် မန္တလေး-လားရှိုး-မူဆယ်ပြည်ထောင်စုလမ်းမကြီး၌ သွားလာနေကြသော ကုန်တင်ယာဉ်၊ ခရီးသည်တင်ယာဉ်၊ အိမ်စီးကားငယ် ယာဉ်မောင်းများအား အချက်ပြမီးအသုံးပြုပုံ အသုံးပြုနည်းပါ လက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



# ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက် ဓာတ်လှေကားရေစက်ချလှူဒါန်းပွဲ ကျင်းပ

**ပြည် အောက်တိုဘာ ၁၆**

ပြည်မြို့ ဇောတိကရုံပါဠိတက္ကသိုလ်ကျောင်းတိုက်၌ အလှူရှင်များ၏ လှူဒါန်းမှုဖြင့် ဓာတ်လှေကားကြီးတည်ဆောက်ခဲ့ရာ ပြီးစီးပြီဖြစ်၍ ရေစက်ချဖွင့်လှစ်လှူဒါန်းပွဲကို အောက်တိုဘာ ၁၂ ရက်က မဟာသုခဇောတိက သုံးထပ်ကျောင်းတော်ကြီးအလယ်ထပ်၌ ကျင်းပခဲ့သည်။ အခမ်းအနားတွင် အလှူရှင်များက နိုင်ငံတော်ဩဝါဒါစရိယ ပြည်မြို့ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက် သက်တော်ရှည်ပဓာနမဟာနာယကဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

# အလယ်တန်းကျောင်းဖွင့်ပွဲနှင့် စာပေဟောပြောပွဲ ကျင်းပ

**စလင်း အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဖောင်းလင်းကျေးရွာ အလယ်တန်းကျောင်းဖွင့်ပွဲအထိမ်းအမှတ် စာပေဟောပြောပွဲကို ဖောင်းလင်းရွာဓမ္မာရုံ၌ အောက်တိုဘာ ၁၁ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် စာရေးဆရာ ဖျင်ဒူဝါ၊ စာရေးဆရာမ ခင်ခင်ထူး၊ စာရေးဆရာနေဝင်းမြင့်တို့က အသိပညာတိုးပွားရေး ခေါင်းစဉ်များဖြင့် ဟောပြောခဲ့ကြသည်။ ယင်းစာပေဟောပြောပွဲသို့ ဖောင်းလင်းအလကမှ ဆရာဆရာမများနှင့် ကျောင်းသူကျောင်းသားများ၊ စာပေဝါသနာရှင်နှင့်ကျေးရွာသူကျေးရွာသားများ တက်ရောက်နားထောင်ခဲ့ကြကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ် သုဝဏ္ဏပန်းခြံ၌ ထားရှိသွားမည်

**ရန်ကုန် အောက်တိုဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်လုံးဆိုင်ရာ ဗိုလ်ချုပ်အောင်ဆန်းအမှတ်တရကြေးရုပ်ထားရှိရန်အတွက် အကြံညှိနှိုင်းဆွေးနွေးခြင်းနှင့် ဖြစ်မြောက်တည်ဆောက်ရေးကော်မတီများ ဖွဲ့စည်းခြင်းအခမ်းအနားကို အောက်တိုဘာ ၁၄ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေလှဝင်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး/လွှတ်တော် ကိုယ်စားလှယ် ဦးနေဘုန်းလတ်၊ ဦးမောင်မောင်ဦးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးဦးဆန်းမြင့်တို့က ဗိုလ်ချုပ်ကြေးရုပ်ဖြစ်မြောက်ရေးတို့ကို ဆွေးနွေးခဲ့ကြရာ တက်ရောက်လာသော ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများက ဆွေးနွေးညှိနှိုင်းတင်ပြကြသည်။

ထို့နောက်မြို့မိမြို့ဖ ကော်မတီဝင်များနှင့် ဆပ်ကော်မတီဝင်များ၏ မဲခွဲဆုံးဖြတ်ချက်အရ မိဘပြည်သူရဟန်းရှင်လူအများ အဝေးမှလှမ်းမြင်နိုင်သော သုဝဏ္ဏပန်းခြံတွင်း၌ ၂၀၁၈ ခုနှစ် အာဇာနည်နေ့အမီ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်အား မြို့နယ်မိဘပြည်သူများ စုပေါင်းထည့်ဝင်လှူဒါန်းငွေများဖြင့် အမှတ်တရ ထားရှိသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ကြည်(သင်္ဃန်းကျွန်း)**

# ပွင့်လင်းရာသီတိုင်းရင်းသားရိုးရာဝတ်စုံများ ရောင်းအားကောင်း



**နမ့်ခမ်း အောက်တိုဘာ ၁၆**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့၌ ရှမ်း၊ကချင်၊တအာင်း(ပလောင်)၊ လီဆူ၊ ခိုလုံလီရှော အပါအဝင်တိုင်းရင်းသားများ နေထိုင်လျက်ရှိရာ ပွင့်လင်းရာသီကာလဝါကျွတ်ချိန်မှစ၍ ပွဲလမ်းသဘင်များ၊ အလှူမင်္ဂလာပွဲများ၊ မြို့ရွာဒေသအလိုက်ဆင်ယင်ကျင်းပသည့်အတွက် ပွဲနေ ပွဲထိုင်လူကြီး၊ လူငယ်၊ အမျိုးသားအမျိုးသမီး ဝတ်ရိုးရာဝတ်စုံများ ဝယ်ယူသူများပြားပြီး ရောင်းအားကောင်းလျက်ရှိသည်။

တအာင်း(ပလောင်)နှင့်ရှမ်းရိုးရာ အမျိုးသမီးရိုးရာဝတ်စုံများကို အခြေခံပြီးဒီဇိုင်းသစ်များတီထွင်ချုပ်လုပ်ကာ စက်ထိုးလက်ထိုးဖြင့် ပန်းအလှဒီဇိုင်းပုံဖော်ချုပ်လုပ်ကြရာ ဝတ်စုံဒီဇိုင်းပုံစံအပေါ်မူတည်ပြီး ဈေးနှုန်းများ သတ်မှတ်ကာ ရောင်းချကြသည်။ အနည်းဆုံးငွေကျပ် တစ်သောင်းခွဲမှ တစ်သိန်းခွဲ၊ ငွေကျပ် နှစ်သိန်းအထက်အထိ ရောင်းကြသည်။ ကချင်၊ ခိုလုံလီရှောအမျိုးသမီးရိုးရာဝတ်စုံတွင် ငွေထည်များပါဝင်သည့်အတွက် ငွေကျပ် သုံးလေးသိန်းအထက်ပေးဝယ်ကြရသည်။ တိုင်းရင်းသားရိုးရာဝတ်စုံများတွင် မိရိုးဖလာဝတ်ဆင်ကြသော ရိုးရာဝတ်စုံနှင့် ရိုးရာကိုအခြေခံပြီး ဖက်ရှင်ဒီဇိုင်းတီထွင် ချုပ်လုပ်ထားသောဝတ်စုံများဖြစ်၍ ချုပ်လုပ်သူများ အလုပ်အကိုင်တွင်ကျယ်သကဲ့သို့ ဈေးကွက်အတွင်း ပွင့်လင်းရာသီကာလတွင် ရောင်းအားကောင်းလျက်ရှိကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

# ပျော့ရွာမြစ်ရေတင်မှ ပိုမိုထိရောက်စွာရေပေးနိုင်ရေးအတွက် အဆင့်မြှင့်တင်ဆောင်ရွက်နေ

**ဟန်သိန်းမောင်**



ပျော့ရွာမြစ်ရေတင်လုပ်ငန်း ပင်မရေတင်စက်ရုံအား တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးနေစဉ်

မြန်မာနိုင်ငံအလယ်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်သည် အပူပိုင်းမိုးနည်းဒေသတွင် ပါဝင်ပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် ယခင်က သဘာဝမိုးရေအနည်းအကျဉ်းအပေါ်သာ အားပြုပြီး တစ်နှစ်တွင် တစ်သီးသာ စိုက်ပျိုးနိုင်ခဲ့ပါသည်။

သဘာဝမိုးရေကိုသာ အဓိကအားထား စိုက်ပျိုးကြရသည့်အတွက် မိုးလေဝသကောင်းမွန်သည့် နှစ်များတွင် သီးနှံစိုက်ပျိုးမှု အထိုက်အလျောက် အောင်မြင်ခဲ့သော်လည်း ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် မိုးလေဝသမကောင်းသော နှစ်များတွင် တောင်သူများအနေဖြင့် စိုက်ပျိုးရေး ကုန်ကျစရိတ်များကိုပင် မကာမိဘဲ အရင်းရှုံးသည့် အဖြစ်မျိုးလည်း ကြုံတွေ့ခဲ့ရပါသည်။

မြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက်မှ အစိုးရများသည် နိုင်ငံတော်၏ ဖွံ့ဖြိုးရေးတွင် အဓိကကျသည့်လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် စိုက်ပျိုးရေရရှိရေးအတွက် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လက်ရှိမြစ်ရေတင်စီမံကိန်းပေါင်း ၃၃ ခုမှ ဧကပေါင်း ၅၉၆၇၄ ကို စိုက်ပျိုးရေ ပေးဝေလျက်ရှိပါသည်။ ထို့အပြင် နိုင်ငံတော်၏ ရန်ပုံငွေသာမက ပြည်ပအထောက်အပံ့များကိုပါ ရယူလျက် မြစ်ရေတင်စီမံကိန်းများ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေအဖွဲ့ LIFT Fund နှင့် ပြင်သစ်ဖွံ့ဖြိုးရေးအေဂျင်စီ AFD တို့၏ မစ်ရှင်အဖွဲ့များသည် ၂၀၁၂ ခုနှစ်မှစ၍ ကွင်းဆင်းဆောင်ရွက်မှုများကို ဆောင်ရွက်ခဲ့ပြီး အလားအလာကောင်းသော မြစ်ရေတင်များကို Pilot Project အဖြစ် ဆောင်ရွက်ရန် မြင်းမူမြို့နယ်ရှိ ပျော့ရွာမြစ်ရေတင် စီမံကိန်းအား သတ်မှတ်ရွေးချယ်ခဲ့ပါသည်။

ပျော့ရွာ မြစ်ရေတင်စီမံကိန်းအား ၂၀၀၄-၂၀၀၅ ခုနှစ်တွင် စိုက်ပျိုးမြေ ဧကပေါင်း ၅၀၀၀ ကို စိုက်ပျိုးရေပေးဝေရန် ရည်ရွယ်၍ တည်ဆောက်ခဲ့ပါသည်။ သို့သော်လည်း ရေပေးမြောင်းများသည် မြေသားမြောင်းများဖြစ်ခြင်းကြောင့် ရေအလေအလွင့်ဆုံးရှုံးမှုများ ပြားခြင်း၊ နှစ်ကာလကြာမြင့်လာသည်နှင့် အမျှ မြေသားမြောင်းများ ကျိုးပြတ်ခြင်း၊ နိမ့်ကျခြင်း၊ လျှပ်စစ်ရေတင်စက်များ စွမ်းရည်ကျဆင်းလာသဖြင့် စိုက်ပျိုးရေလုံလောက်စွာ မောင်းနှင်မပေးနိုင်ခြင်းများကြောင့် ထိရောက်စွာ ရေပေးနိုင်ရန်အတွက် အဟန့်အတားများ ဖြစ်ပေါ်လာပါသည်။

မြစ်ရေတင်စီမံကိန်းတွင် ရေပေးမြောင်း ဒီဇိုင်းပုံစံများ ပြန်လည်ပြုပြင် ဆောင်ရွက်ခြင်း၊ ရေလိုအပ်ချက်နည်းပြီး တောင်သူများဝင်ငွေတိုးစေမည့် သီးနှံများ စိုက်ပျိုးခြင်း၊ ရေသောက်ဧရိယာများအတွင်းရှိ မြေယာပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ခြင်း၊ ကုန်ကျစရိတ်များစွာဖြင့် ဆောင်ရွက်ရယူခဲ့ရသည့် မြစ်ရေကို အလေအလွင့်အနည်းဆုံးဖြင့် ပိုမိုအကျိုးရှိအောင် စီမံအသုံးပြုတတ်စေရန် လိုအပ်နေခြင်းနှင့် ပိုမိုကောင်းမွန်သော ရေပေးဝေနည်းစနစ်များကို ပြောင်းလဲအသုံးပြုတတ်စေရန် ရည်ရွယ်ပြီး ရေသုံးစွဲသူများအဖွဲ့ဖွဲ့စည်းကာ ရေစီမံခန့်ခွဲမှုသင်တန်းများ၊ လုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်လာ၍ LIFT Fund အထောက်အပံ့ အမေရိကန်ဒေါ်လာ ငါးသန်းဖြင့် အကုန်အကျခံ၍ ပျော့ရွာမြစ်ရေတင် အဆင့်မြှင့်တင်ခြင်းစီမံကိန်းကို ဆောင်ရွက်နိုင်ရန်အတွက် Letter of Agreement (LoA) ကို LIFT Fund အဖွဲ့နှင့် ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့တွင် လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

မြစ်ရေတင်စီမံကိန်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား လုပ်ငန်းစဉ်လေးခုဖြင့် ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းစဉ် (၁)တွင် မြစ်ရေတင်ခြင်း၊ ရေပေးဝေခြင်းနှင့် ရေသောက်စနစ်ကို ပြန်လည်မွမ်းမံခြင်းနှင့် အဆင့်မြှင့်တင်ခြင်း၊ လုပ်ငန်းစဉ် (၂)တွင် စီမံခန့်ခွဲမှု၊ လုပ်ငန်းဆောင်ရွက်မှု၊ ပြုပြင်ထိန်းသိမ်းမှုတို့ကို တိုးတက်အောင်ပြုလုပ်ခြင်းနှင့် ရေသုံးစွဲသူများ အသင်းတစ်ရပ်ကို တည်ထောင်ခြင်း၊ လုပ်ငန်းစဉ် (၃)တွင် ရေသွင်းစိုက်လယ်ယာမြေစနစ်များတွင် သီးနှံမျိုးကွဲများ စိုက်ပျိုးခြင်းနှင့် အသင့်လျော်ဆုံး စီမံခန့်ခွဲမှုနည်းလမ်းများကို စတင်ကျင့်သုံးခြင်းနှင့် လုပ်ငန်းစဉ် (၄)တွင် စောင့်ကြည့်ခြင်းနှင့်အကဲဖြတ်ခြင်း၊ ဤ ရှေ့ပြေးစီမံချက်မှ လေ့လာသင်ယူထားသည်တို့ကို ပြန်လည်အသုံးချခြင်းစသည်တို့ ပါဝင်ပါသည်။

စီမံကိန်း၏လုပ်ငန်းစဉ် (၁) ဖြစ်သည့် မြစ်ရေတင်လုပ်ငန်းတူးမြောင်းစနစ်များ အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းများကို UNOPS အဖွဲ့မှ တာဝန်ယူဆောင်ရွက်လျက်ရှိပြီးUNOPS အတိုင်ပင်ခံပညာရှင် Mr. Jindra Bahadu KARKI ၏ ကြီးကြပ်မှုဖြင့် နိုင်ငံတကာပညာရှင်များနှင့် အတူ ပြည်တွင်းအင်ဂျင်နီယာကုမ္ပဏီ ဖြစ်သော Mya Yar Pin Co., Ltd မှ မြေပြင် တိုင်းတာခြင်းလုပ်ငန်းများ၊ Soil Suvrey လုပ်ငန်းများ၊ သီးနှံရေလိုအပ်ချက် Crop Water Requirement အပေါ်မူတည်၍ ရေသွင်းစနစ်နှင့် တူးမြောင်းစနစ်များ ဒီဇိုင်းရေးဆွဲခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ Golden Cougar Co., Ltd မှလည်း မြေသားမြောင်းများအား စနစ်တကျပြုပြင် မွမ်းမံခြင်း၊ လိုအပ်သည့် နေရာများတွင် တူးမြောင်းအဆောက်အအုံများ ဖြည့်စွက်တည်ဆောက်ခြင်းများကို ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါသည်။

စီမံကိန်းတွင် ရေသုံးစွဲသူများအသင်း တည်ထောင်ခြင်း၊ စီမံကိန်းအား စောင့်ကြည့်ခြင်း၊ လည်ပတ်စေခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် သီးနှံမျိုးကွဲများ စမ်းသပ်စိုက်ပျိုးခြင်းတို့အား နိုင်ငံတကာ ရေအရင်းအမြစ်စီမံခန့်ခွဲရေးအဖွဲ့ (IWMI) ၏ ဌာနေကိုယ်စားလှယ် Dr. Robin Johnston ၏ ညှိနှိုင်းပေါင်းစပ်မှုအောက်တွင် နိုင်ငံတကာ ပညာရှင်အသီးသီးမှ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပါသည်။

စီမံကိန်း၏ သီးနှံမျိုးကွဲများ စမ်းသပ်စိုက်ပျိုးခြင်းနှင့် ရေသွင်းစိုက်ပျိုးရေးစနစ်တွင် အကောင်းဆုံးစီမံခန့်ခွဲမှု လက်တွေ့လုပ်ဆောင်ခြင်းများအား မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် IWMI, NEPS, ICRISAT, WHH တို့မှ ပူးပေါင်း၍ ရေစီမံခန့်ခွဲမှု ပိုမိုကောင်းမွန်တိုးတက်စေရေး၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှု အထွက်နှုန်းတိုးစေရေးနှင့် မျိုးကောင်းမျိုးသန့်နှင့် ဈေးကွက်တန်ဖိုးမြင့် သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။

စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ကောင်းမွန်ရေးနှင့် စပ်လျဉ်း၍ ICRISAT နှင့် WHH တို့သည် တောင်သူလယ်သမားများနှင့် ပူးပေါင်းကာ စီမံကိန်းကျေးရွာ ငါးရွာတွင် စမ်းသပ်စိုက်ကွင်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စမ်းသပ်စိုက်ပျိုးသီးနှံများအဖြစ် စပါး၊ ငရုတ်၊ ကြက်ဟင်းခါး၊ နန္နင်းနှင့် သဘော်တို့ ပါဝင်ပါသည်။ လာမည့် ဆောင်းရာသီအတွက်လည်း ဆောင်းသီးနှံများကို စမ်းသပ်စိုက်ကွင်းများ အကောင်အထည်ဖော်ရန် လျာထားပါသည်။ ဤစမ်းသပ်စိုက်ကွင်းများနှင့်ပတ်သက်၍ အခြားသော တောင်သူလယ်သမားများကလည်း စိတ်ဝင်တစားရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ၁၉-၇-၂၀၁၇ ရက်နေ့နှင့် ၂၀-၇-၂၀၁၇ ရက်နေ့ တို့တွင် IWMI, NEPS, ICRISAT, WHH တို့မှ တာဝန်ရှိပုဂ္ဂိုလ်များသည် အထက်ဖော်ပြပါ စမ်းသပ်စိုက်ကွင်းများသို့ သွားရောက်လည်ပတ်ကာ သီးနှံများ ဖွံ့ဖြိုးတိုးတက်မှု၊ အားသာချက်၊ အားနည်းချက်များကို လေ့လာမှတ်တမ်းတင်၍ ဆွေးနွေးတိုင်ပင်ညှိနှိုင်းကြပါသည်။

မြင်းမူမြို့နယ်တွင် ရုံးစိုက်ထားသော WHH အဖွဲ့သည် စီမံကိန်းကျေးရွာများရှိ တောင်သူလယ်သမားများအား စိုက်ပျိုးရေးစီမံခန့်ခွဲမှုနှင့် ပတ်သက်သောသင်တန်းများ ပို့ချလျက်ရှိရာ လယ်သမားများနှင့် ကောင်းမွန်သောဆက်ဆံရေး ချိတ်ဆက်ထားနိုင်မှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့အပြင် WHH အဖွဲ့သည် စီမံကိန်းကျေးရွာများမှ တောင်သူလယ်သမား ၃၀ အား ချောင်းဦးမြို့နယ်အတွင်းရှိ မြစ်ရေတင်စီမံကိန်းဒေသများရှိ စိုက်ကွင်းများသို့ လေ့လာရေးခရီးပို့ဆောင်ကာ အတွေ့အကြုံများ ဖလှယ်စေခဲ့ပါသည်။

IWMI အဖွဲ့မှ တာဝန်ရှိသူများကလည်း ၂၀-၇-၂၀၁၇ ရက်နေ့တွင် စီမံကိန်းကျေးရွာ ငါးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံကာ စီမံကိန်းရေဖြန့်ဝေရေးနှင့်ပတ်သက်၍ စိန်ခေါ်မှုများကို ဆွေးနွေးခဲ့ကြပါသည်။ ရေပေးမြောင်းအတွင်းရှိ အတားအဆီးပေါင်းပင်များ၊ မြေအနိမ့်အမြင့် မတူညီမှုများ၊ လျှပ်စစ်မီးပြတ်တောက်မှု များသည် ကျေးရွာများအတွင်း မတူညီသော ရေရရှိမှုများကိုဖြစ်ပေါ်စေသော အကြောင်းရင်းများ ဖြစ်ပါသည်။ ယင်းကဲ့သို့ ရရှိလာသော သတင်း အချက်အလက်များကို အနာဂတ်ဆွေးနွေးမှုများမှ သတင်းအချက်အလက်များနှင့်ပေါင်းစပ်ကာ စီမံကိန်း စီမံခန့်ခွဲမှု ပိုမိုကောင်းမွန်လာရေးအတွက် လိုအပ်သောဖွဲ့စည်းအုပ်ချုပ်သော အဖွဲ့အစည်းများ၏ တိုးတက်ရေးအတွက် အကြံဉာဏ်များ ရေးဆွဲသွားမည်ဖြစ်ပါသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) စစ်ကိုင်းခရိုင်ရုံးဝင်းအတွင်း အခြေစိုက်သော NEPS အဖွဲ့သည် စီမံကိန်းဧရိယာအတွင်းရှိ လယ်ကြားမြောင်းအလိုက် ရေရရှိသော စိုက်ပျိုးမြေကွက်များကို သိရှိနိုင်ရန် ရေပေးမြောင်းများ၊ မြောင်းလက်တံများ တစ်လျှောက်ရှိ စိုက်ပျိုးမြေကွက်များကို စစ်တမ်းကောက်ယူလျက်ရှိရာ မကြာခင်အချိန်တွင် စီမံကိန်းဧရိယာတစ်ခုလုံး ပြီးစီးတော့မည် ဖြစ်ပါသည်။

လက်ရှိတွင် စီမံကိန်းဧရိယာအတွင်းရှိ ကျေးရွာများမှ တောင်သူများအား ရေခွဲဝေသုံးစွဲမှု ဆုံးဖြတ်ချက်များ ပြုလုပ်ပုံနှင့်စိုက်ပျိုးရေအား ညီညွတ်မျှတစွာခံစားနိုင်မှုတို့ကို နားလည်စေရန် ဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိပါသည်။ လာမည့်လများတွင် စမ်းသပ်စိုက်ကွင်းများ ဆက်လက်အကောင်အထည်ဖော် စိုက်ပျိုးခြင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်သော သင်တန်းများ ပို့ချခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်အတူ ဆက်စပ်ဌာနများမှ ဝန်ထမ်းများအား ပညာပေးခြင်းများ၊ လုပ်ငန်းအတွေ့အကြုံနှင့် စာတမ်းပြုစုခြင်းများ ဆောင်ရွက်နိုင်ရန် စီစဉ်ပေးလျက်ရှိရာ IWMI နှင့် WHH အဖွဲ့တို့မှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ကျမ်းပြုတက္ကသိုလ် ကျောင်းသား ကျောင်းသူအချို့အား လည်းကောင်း၊ ရန်ကုန်နည်းပညာတက္ကသိုလ်မှ မဟာသင်တန်းအတွက် ကျောင်းသားတစ်ဦးအားလည်းကောင်း သုတေသနလုပ်ငန်းများဆောင်ရွက်နိုင်ရန် စီစဉ်ပေးလျက်ရှိပါသည်။ လက်ရှိတွင် YTU မှ မဟာဘွဲ့ကျောင်းသားတစ်ဦးသည် Improving on-farm water management of chick pea cultivation in different soils ခေါင်းစဉ်ဖြင့် စီမံကိန်းဧရိယာအတွင်း သုတေသနပြုလုပ်ရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

စီမံကိန်းပြီးစီးပါက စနစ်တကျဖွဲ့စည်းထားသော ရေသုံးစွဲသူအသင်းတစ်ခုနှင့်အတူ တောင်သူများကိုယ်တိုင် စီမံခန့်ခွဲနိုင်သော စံနမူနာပြ မြစ်ရေတင်စီမံကိန်းတစ်ခု မကြာမီကာလအတွင်း ပေါ်ပေါက်လာတော့မည် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

## ဆိုလာမီးလင်းရေးဖွင့်ပွဲ သံတွဲမြို့နယ်၌ ကျင်းပ

**သံတွဲ အောက်တိုဘာ ၁၆**

သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ခဲ့သည့် NPE စီမံကိန်းဆိုလာမီးလင်းရေးဖွင့်ပွဲကို အောက်တိုဘာ ၁၃ ရက် နံနက်က သံတွဲမြို့နယ် ဘုရားမော်ကျေးရွာ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းကြည်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်၊ ခရိုင်ကျေးလက်ဦးစီးမှူး ဦးလှကြည်နှင့် မြို့နယ်ကျေးလက်ဦးစီးမှူး ဦးတင်မောင်ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ သံတွဲမြို့နယ်အတွင်း NPE စီမံကိန်းဆိုလာမီးတပ်ဆင်ပြီးစီးခဲ့သည့် ကျေးရွာ ၂၂ ရွာ အနက် ယခုဖွင့်လှစ်သည့် ဘုရားမော်ကျေးရွာတွင် အိမ်ခြေ ၁၄၅ အိမ်ရှိကြောင်း သိရသည်။

**သန့်ဇင်(ခရိုင် ပြန်/ဆက်)**



## အလေးချိန်မှန်ကန်မှု ရှိ၊ မရှိ ထီးလင်း၌ စစ်ဆေး

**ထီးလင်း အောက်တိုဘာ ၁၆**

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် စည်ပင်သာယာရေးကော်မတီဝင်များ၊ စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများသည် အောက်တိုဘာ ၁၄ ရက်က ထီးလင်းမြို့မဈေး ကုန်စုံဆိုင်၊ ကုန်ခြောက်ဆိုင်၊ ကုန်စိမ်းဆိုင်၊ အသားဆိုင်များ၌ ဒစ်ဂျစ်တယ် ချိန်ခွင်သုံးစွဲမှု၊ အလေးချိန်မှန်ကန်မှု ရှိ၊ မရှိတို့ကို စစ်ဆေး၍ လိုအပ်ချက်များကို အသိပညာပေးဆွေးနွေးခဲ့ကြကြောင်း သိရသည်။ (ဝဲပုံ)

**(မြို့နယ် ပြန်/ဆက်)**

# ၂၀၁၇ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ပဉ္စမပွဲစဉ် မြိတ်မြို့၌ ကျင်းပမည်

**မြိတ် အောက်တိုဘာ ၁၆**

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူး၍ KBZ Bank က အဓိကကူညီပံ့ပိုးသည့် ၂၀၁၇ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပဉ္စမပွဲစဉ်အဖြစ် မြိတ်မြို့မြိတ်ဂေါက်ကွင်းတွင် နိုဝင်ဘာ ၂ ရက်မှ ၅ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။ ပြိုင်ပွဲတွင် Professional အဆင့်၊ ဝါသနာရှင်အဆင့်များတွင် အမျိုးသား (H'cap 0-12)၊ အမျိုးသမီး (H'cap 0-18) အဆင့်များ ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ဦးရေ ကန့်သတ်ထားသည်။ အဆိုပါပြိုင်ပွဲကို စိန့်အင်ဒရူး ဂေါက်စည်းမျဉ်းများနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကစားသမားများသည် အောက်တိုဘာ ၃၀ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ ပြိုင်ပွဲဝင်ကြေးနှင့်အတူ အမည်စာရင်းကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်သို့ စာရင်းပေးသွင်းနိုင်သည်။ စာရင်းပေးသွင်းထားသော ကစားသမားများသည် Official Practice Round အဖြစ် အောက်တိုဘာ ၃၁ ရက်နှင့် နိုဝင်ဘာ ၁ ရက်နေ့များတွင် ကွင်းပတ်လေ့ကျင့်နိုင်သည်။

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ ပြိုင်ပွဲဝင်အားကစားသမားများ၏ အမည်စာရင်းပေးသွင်းမှုအပေါ် မူတည်ပြီး ရန်ကုန်-မြိတ်ခရီးစဉ်(အသွား/အပြန်) Player Bus များ စီစဉ်ပေးမည်ဖြစ်ကာ အောက်တိုဘာ ၂၉ ရက်တွင် မြန်မာဂေါက်ကလပ်(၉)မိုင်မှ စတင်ထွက်ခွာမည် ဖြစ်သည်။ ကားခအနေဖြင့် ပြိုင်ပွဲဝင်အားကစားသမားများအတွက် အခမဲ့ဖြစ်ပြီး ယင်းအတွက် အမည်စာရင်းကို အောက်တိုဘာ ၂၃ ရက် နောက်ဆုံးထားပေးသွင်းရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ကြေး အချိန်မီပေးသွင်းနိုင်ခြင်းမရှိသူများကို အတွဲဇယားတွင် ထည့်သွင်းရေးဆွဲမည်မဟုတ်ကြောင်း၊ အမည်စာရင်းပေးသွားထားပြီး အကြောင်းအမျိုးမျိုးကြောင့် ပြိုင်ပွဲမဝင်ဖြစ်ပါက ပြိုင်ပွဲကျင်းပရေးကော်မတီထံ အချိန်မီ အကြောင်းကြားရန် တာဝန်ရှိကြောင်းနှင့် ထိုသို့ အကြောင်းမကြားသူများသည် နောင်ပွဲစဉ်များတွင် ပြိုင်ပွဲခွင့်ပြုမည်မဟုတ်ကြောင်း အသိပေးထားသည်။ **(မြန်မာ့အလင်း)**



# ပြွန်တန်ဆာမြို့ သီတဂူစက္ခုဒါနဆေးရုံ၌ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်

**ညောင်လေးပင် အောက်တိုဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ရှိ သီတဂူစက္ခုဒါန ဆေးရုံတော်ကြီး၌ သီတဂူဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ ဦးဆောင်မှုဖြင့် ဒုတိယအကြိမ်မြောက် မျက်စိစမ်းသပ်ခွဲစိတ်ခြင်းကို အောက်တိုဘာ ၉ ရက်မှ ၁၄ ရက်နေ့အထိ ခြောက်ရက်တိုင်တိုင် အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။

မျက်စိအခမဲ့ကုသပေးရာတွင် ပြွန်တန်ဆာမြို့ဇမ္ဗူအေးတောရ အင်းဝိုင်းကျောင်းတိုက်ဆရာတော်က ကြီးကြပ်မှုဖြင့် သီတဂူသာသနာပြုအဖွဲ့သီတဂူဆေးရုံတော်များ၏ အမှုဆောင်ဥက္ကဋ္ဌမျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာမြအောင် ဦးဆောင်၍ မျက်စိအထူးကုဆရာဝန်ကြီးများက မျက်စိဝေဒနာရှင် ၁၀၉၀ ကို မျက်မှန်အခမဲ့ပြုလုပ်ပေးပြီး မျက်စိဝေဒနာရှင် ၃၁၆ ဦးကို အခမဲ့ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံနှင့် ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသောင်းဒန်ဦးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ သီတဂူစက္ခုဒါနဆေးရုံစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့်အဖွဲ့ဝင်များ၊ ပြွန်တန်ဆာမြို့ ရွှေဆာမြေလူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးသက်နိုင်နှင့်အဖွဲ့ဝင်များက ပူးပေါင်းကူညီ ဆောင်ရွက်ခဲ့ကြပြီး မျက်စိခွဲစိတ်ကုသရန် လာရောက်ကြသော ညောင်လေးပင်၊ ကျောက်တံခါး၊ ရွှေကျင်နှင့် ဒိုက်ဦးမြို့နယ်များမှ မျက်စိဝေဒနာရှင်များနှင့် လူနာစောင့်များအား နေ့စဉ် မနက်၊ နေ့လည်၊ ညစာများနှင့် ဆေးဝါး မျက်မှန်များကို ရန်ကုန်မြို့ မြတ်မေတ္တာမွန်ကုမ္ပဏီမှ ဒေါက်တာဝင်းမြင့်နှင့် ဇနီး သီဟသုမေ့သိဂီ ဒေါ်ခိုင်ခိုင်ဦးမိသားစုက တာဝန်ယူလှူဒါန်းခဲ့ကြောင်း သိရသည်။

**ခင်အောင်လှိုင်(ညောင်လေးပင်)**

# ကြာအင်းဆိပ်ကြီးဒေသအတွင်း ရော်ဘာအစေးပြားများ အရည်အသွေးမြင့်ဈေးကွက်ရရှိရေး ပညာပေးသရုပ်ပြ

**ကြာအင်းဆိပ်ကြီး အောက်တိုဘာ ၁၆**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးဒေသအတွင်း ရော်ဘာပင်များသက်တမ်းစေ့ အစေးခြစ်နိုင်စေရန် နည်းစနစ်တကျအစေးခြစ်ခြင်းနှင့် ဈေးကွက်ဝင်အစေးပြားများ အရည်အသွေးမြင့်ထုတ်လုပ်နိုင်ရေးအတွက် ရော်ဘာအစေးလှီးခြင်းနှင့် အရည်အသွေးမြင့်ရော်ဘာပြားထုတ်လုပ်ခြင်းကွင်းသရုပ်ပြခြင်းကို အောက်တိုဘာ ၁၅ ရက်က တံခွန်တိုင်ကျေးရွာအုပ်စု နန်းသိုင်းထွန်ကျေးရွာ ခြံရှင် ဦးအောင်ကြည်၏ ရော်ဘာခြံ၌ ပြုလုပ်သည်။

ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ရော်ဘာစိုက်ဧက ၁၀၉၀၀၀ ရှိပြီး အစေးလှီးဧက ၇၀၀၀၀ ကျော်ရှိရာ သင့်တင့်သော ရော်ဘာဈေးပြန်ရရှိလာချိန် ဈေးကွက်ဝင်အရည်အသွေးရှိသော ရော်ဘာဈေးရရှိမှသာလျှင် ရော်ဘာခြံရှင်များ အကျိုးရှိစေမည်ဖြစ်ရာ ပညာပေးသရုပ်ပြခြင်းများကို စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဆောင်ရွက်ပေးနေလျက်ရှိကြောင်း သိရသည်။



ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဝင်းလှိုင်ဦး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဇော်၊ ကော့ကရိတ်ခရိုင် စိုက်ပျိုးရေးဦးစီးမှူး နော်သူးဘေထီးတို့က တံခွန်တိုင်ကျေးရွာအုပ်စုအတွင်းရှိ ရော်ဘာစိုက်တောင်သူများ၊ အစေးခြစ်လုပ်သားများနှင့် စိတ်ပါဝင်စားသူ ၄၇ ဦးအား ရော်ဘာ စတင်စိုက်ပျိုးချိန်မြေပြုခြင်း၊ မျိုးရွေးချယ် စိုက်ပျိုးခြင်းကို လည်းကောင်း၊ ရော်ဘာပင်များအား နည်းစနစ်တကျအစေးခြစ်ခြင်းနှင့် အရည်အသွေးမြင့်ရော်ဘာပြားများ ထုတ်လုပ်နိုင်ရေးကိုလည်းကောင်း၊ ရော်ဘာဈေးကွက်၊ ဈေးနှုန်းစသည်တို့ကို အသိပညာပေးရှင်းလင်းပြီး လက်တွေ့ရော်ဘာအစေး လှီးနည်းစနစ်များအား လက်တွေ့ပြသ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **နေမျိုးလွင်(ဘားအံ)**

## ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏ ဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ/၅ (ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ် (၆၃)၊ မြေကွက်တည်နေရာအမှတ် (၆၃)၊ ပိတောက်လမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဦးရဲမြင့်မောင် ၁၂/အစန(နိုင်)၀၁၇၈၃၇ ကိုယ်တိုင်မှ ပေါင်းကူညာဏ ဂရန်ရရှိရေး အထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကိုတင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏ ဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ/၅ (ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ် (၅၄၀)၊ မြေကွက်တည်နေရာအမှတ် (၅၄၀)၊ မဉ္ဇူ(၂)လမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဦးမြင့်စိုး ၁၂/မဂတ(နိုင်)၀၇၇၄၀၅ ကိုယ်တိုင်မှ ပေါင်းကူညာဏ ဂရန်ရရှိရေး အထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန် မရှိကြောင်း ထောက်ခံစာတို့ကိုတင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(၁၁-၄၀)၊ ဦးပိုင်အမှတ်(၅၅)၊ ၅၁×၅၂လမ်းကြား၊ အေးမေတ္တာ×အေးသုခလမ်းကြားရှိ ဦးတင်ဖေအမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးနိုင်နိုင် ၉/ခအဇ(နိုင်) ၀၂၄၀၄၉ မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/ကံဘဲ့၊ မြေကွက်အမှတ် ၄၈/တ-၂၊ ဧရိယာ ၀ ဒသမ ၁၈၅၊ အကျယ်အဝန်းရှိ ဒေါ်နွဲ့နွဲ့ကြူ ၁၂/ကမရ(နိုင်)၀၂၇၈၆၁၊ ဒေါ်မျိုးသူဇာလွင် ၁၂/ကမရ(နိုင်)၀၄၄၆၇၀ နှစ်ဦး အမည်ပေါက် လ/န ၃(ခ)မြေပိုင်မြေကွက်နှင့် မြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ မိုးကောင်းလမ်းသွယ်၊ အမှတ် ၈/၁၀ ဟု ခေါ်တွင်သော မြေနှင့်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးတင်မောင်ဝင်း B.A(Law)LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၁၆)**

**ဒေါ်ဥမ္မာလွင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၂၉၄၅)**

**အမှတ် ၁၀/၁၂၊ အခန်း(၅-ဘီ)၊ ပထမထပ်၊ ၃၅ လမ်း(အောက်)**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံးကို ခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀**
**ဧရာဝတီတိုင်းဒေသကြီး**
**ပုသိမ်ခရိုင်တရားမရုံးတော်၌**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ် -၁၁၈**

| | | |
|---|---|---|
| နော်ဝါးဘလုမူး | နှင့် | စောအယ်မွီး |
| **(တရားလို)** | | **(တရားပြိုင်)** |

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ မရမ်းကွင်းကျေးရွာအုပ်စု၊ စပါးထားကျေးရွာနေ (ယခုနေရပ်လိပ်စာမသိ) စောအယ်မွီး သိစေရမည်။

သင့်အပေါ်၌ တရားလို နော်ဝါးဘလုမူးက လင်မယားကွာရှင်းပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၉ ရက်(၁၃၇၉ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်) နံနက် ၁၀ နာရီတွင် အထက်ကအမည် ရေးသားပါရှိသူ တရားစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရ မည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ် ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လှိုင်လှိုင်ဝေ)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ပုသိမ်ခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်စုလှိုင်သည် K.S.H Japanese Training Center., Khin Su Hlaing Service Co., Ltd. အမည်ဖြင့် အေဂျင်စီလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ကြည်ပြာလွင်သည် ဒေါ်ခင်စုလှိုင် ကုမ္ပဏီကတ်ကို အသုံးပြုပြီး လုပ်ကိုင်နေကြောင်းကြားသိရပါ၍ ၎င်းနှင့်သက်ဆိုင်သော မည်သည့်အကြောင်းအရာကိစ္စမှန်သမျှသည် ဒေါ်ခင်စုလှိုင်ကုမ္ပဏီနှင့် လုံးဝပတ်သက်မှု မရှိကြောင်း၊ မည်သည့်အကြောင်းအရာကိစ္စများကိုလည်း တာဝန်ယူမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မမသောင်း(LL.B, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၆၇၈)**
**ဖုန်း-၀၉-၄၂၀၁၈၇၂၆၈**
**မ-၁၇၂၊ ရှမ်းကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ ရေလဲကျေးရွာအထက၊ န၀မတန်းမှ မောင်ဝေယံဖြိုး၏ ဖခင်အမည်မှန်မှာ ဦးစိန်ကုလား ဖြစ်ပါသည်။ **ဦးစိန်ကုလား**

## ဦးဝင်းကျော်ဆန်းနှင့် ဇနီး ဒေါ်စန်းစန်းဝင်းတို့ သိရှိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်အားအမှုလွှဲအပ်ထားသူ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၊ အနော်ရထာရပ်ကွက်၊ ဈေးပါတ် (ဘုတာ) လမ်း၊ အမှတ်-၂၉၉ နေ ဦးကျန်းကော့ (ခ) ဦးအေးလွင် (၁၂/တကန (နိုင်) ၀၄၄၃၇၉)၊ ဒေါ်ကျင်မြင့် (၁၂/တကန (ပြု) ၀၀၀၀၂၂) နှင့် ဦးကျော်လွင် (ခ) ဦးကျန်းရှင်း (၁၂/တကန (နိုင်) ၀၄၄၃၈၀) ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးဝင်းကျော်ဆန်းနှင့် ဇနီး ဒေါ်စန်းစန်းဝင်းတို့မိသားစုသိရှိစေရန် အောက်ပါ အတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အနော်ရထာရပ်ကွက်၊ ပြည်လမ်း၊ အမှတ်-၃၀၁ (ချစ်တီးတိုက်) ဟုခေါ်တွင်သော မြေကွက်နှင့် အဆောက်အဦးနှင့် အနော်ရထာရပ်ကွက်၊ ဈေးပါတ် (ဘုတာ)လမ်း၊ အမှတ်-၂၉၉ ဟုခေါ်တွင်သော မြေကွက်နှင့် အဆောက်အဦးမှာ ကျွန်ုပ်အမှုသည် ဦးကျန်းကော့ (ခ) ဦးအေးလွင် ပိုင်ဆိုင်ပြီး အမှတ်-၂၉၉ အဆောက်အဦး၏အနောက်ဘက်ပိုင်း (၃၃' × ၂၀')ရှိ အစိတ်အပိုင်းနှင့် အမှတ်-၃၀၁ (ချစ်တီးတိုက်) မြေကွက်နှင့် နေအိမ်တွင် ဦးဝင်းကျော်ဆန်းမိသားစုအား ကျွန်ုပ်အမှုသည်များမှ မေတ္တာဖြင့် အခမဲ့ နေထိုင်ခွင့်နှင့် ဆိုင်ဖွင့်လှစ်ခွင့်များ ပေးထားခဲ့ကြောင်း သိရပါသည်။

ယခုအခါ ဦးဝင်းကျော်ဆန်းမိသားစုမှ ကျွန်ုပ်အမှုသည်များအား နည်းအမျိုးမျိုးဖြင့် စိတ်မချမ်းမသာဖြစ်အောင် ပြုမူဆောင်ရွက်ခဲ့သဖြင့် ကျွန်ုပ်အမှုသည်များမှ ဦးဝင်းကျော်ဆန်းမိသားစုအား အထက်ပါမြေကွက်နှင့် အဆောက်အဦးတွင် အခမဲ့ဆက်လက်နေထိုင် လုပ်ကိုင်ခွင့်မပြုလိုတော့သဖြင့် ခွင့်ပြုချက်အား ရုပ်သိမ်းသည့် အကြောင်းကြားစာများ ပေးပို့ခဲ့သော်လည်း ဦးဝင်းကျော်ဆန်းနှင့် ဇနီးတို့မှ လက်ခံရယူခြင်းမရှိဘဲ ငြင်းဆိုခဲ့ကြောင်း သိရပါသည်။

သို့ဖြစ်၍ ကျွန်ုပ်အမှုသည်ပိုင် မြေကွက်နှင့် အဆောက်အဦးများတွင် ဦးဝင်းကျော်ဆန်းမိသားစုအား မေတ္တာဖြင့် နေထိုင်ခွင့်ပေးထားခြင်းအား ဤကြေညာစာဖြင့် ရုပ်သိမ်းပါကြောင်းနှင့် ဤကြေညာစာပါသည့်နေ့ရက်မှစ၍ (၁၅) ရက်ပြည့်မြောက်သည့်နေ့ကို နောက်ဆုံးထား၍ ကျွန်ုပ်အမှုသည်များ ခွင့်ပြုချက်ဖြင့်ထားသည့် မြေကွက်၊ နေအိမ်၊ အဆောက်အဦးအတွင်းမှ ပြောင်းရွှေ့ဖယ်ရှားပေးပါရန် အသိပေးကြေညာအပ်ပါသည်။

သတ်မှတ်ရက်အတွင်း ပြောင်းရွှေ့ဖယ်ရှားခြင်းမရှိပါက ကျွန်ုပ်အမှုသည်များမှ ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်အေးစုစုလှိုင် (LL.B)**
တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၃၄၇၂

**ဒေါ်ညိုညိုစန်း (LL.B)**
တရားလွှတ်တော်ရှေ့နေ၊ စဉ်-၇၁၉၇

**အမှတ်-၁၃၉၊ ခ/၅ လမ်း၊ မြို့သစ် (က+ခ) ရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**







**မြေကွက်များ ဈေးကောင်းပေးဝယ်လိုသည်။**

ဒဂုံမြို့သစ်၊ (အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း)တို့တွင် မြေကွက်များ ဝယ်လိုသည်။

အိမ်အရောက်ငွေချေနိုင်၊ ပွဲခပေးရန်မလို

Ph: 01-2339310, 01-2339355, 01-578044




### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5J/5824 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5F/9207 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဲ/၉၅၉၆ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**




### အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ ရွှေလုံဗိုလ်လမ်း၊ မြေကွက်အမှတ်(၂၈၀/ခ) အမည်ပေါက် ဒေါ်ဘောဘီ အကျယ် (အလျား ပေ ၂၀×အနံ ပေ၆၀)ရှိ ပါမစ်မြေအမျိုးအစားမြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ဦးမောင်မောင်ဦး ၁၂/ပဘတ(နိုင်)၀၀၈၈၂၃ ဆိုသူက အရပ်ကတိအရောင်းအဝယ်စာချုပ် အဆက်ဆက်ဖြင့် ၎င်းဝယ်ယူပိုင်ဆိုင်ပါကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုပြောဆိုလာပါသောကြောင့် ၎င်းဦးမောင်မောင်ဦးထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းအောင်ကျော် ၉/မရမ(နိုင်)၀၇၄၇၉၃က ဝယ်ယူရန် သဘောတူပြီး မြေကွက်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တရားဝင် ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်၍ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ကျွန်ုပ်မိတ်ဆွေမှ အရောင်းအဝယ်အား ဆက်လက်၍ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထွန်းအောင်ကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမြင့်သန်း LL.B** (စဉ်-၁၀၇၇/၈၅) တရားလွှတ်တော်ရှေ့နေ
**ဒေါ်ဂရေစီအေးမြင့် LL.B** (စဉ်-၃၉၉၄၉/၁၂) အထက်တန်းရှေ့နေ
**ဒေါ်စိုးစိုးသက် LL.B** (စဉ်-၄၃၄၅၅/၁၄) အထက်တန်းရှေ့နေ

**အမှတ်(၉၁၈/က)၊ အင်းဝ ၈လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6H/5121 Daihatsu Mira H/B (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးအေးနိုင် ၁၂/စခန(နိုင်)၀၁၉၂၄၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

### ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအောင်သူ ၁၀/မလမ(နိုင်)၀၉၆၆၆၉၏ Passport No (မမှတ်မိ)သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၆၇၈၈၂၉၉**

### အများသိစေရန်ကြေညာချက်

မော်လမြိုင်မြို့၊ ရွှေမြိုင်သီရိရပ်ကွက်၊ ပဲခူးချောင်ရပ်၊ ပဲခူးချောင်လမ်း၊ အိမ်အမှတ် ၂၈/အေ နေ မတင်တင်ရီ ၁၀/မလမ(နိုင်)၀၀၂၆၄၈ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေအပ်ပါသည်။

မော်လမြိုင်မြို့၊ ရွှေမြိုင်သီရိရပ်ကွက်၊ အုပ်စုအမှတ် ၁၃၊ အကွက်အမှတ် ၉/ခ၊ ဦးပိုင်အမှတ် ၂၅၁/ခ၊ ဧရိယာ ၀ ဒသမ ၀၅၂ ဧကရှိ နှစ် ၃၀ အငှားဂရန်အမှတ် (ငါး) ၉၄/၈၀-၈၁ မြေကွက်နှင့်ကပ်လျက် ဦးပိုင်အမှတ် ၂၅၂၊ ဧရိယာ ၀ ဒသမ ၀၅၅၈ဧက၊ ဂရန်အမှတ် (ငါး) ၉၄/၈၀-၈၁ မြေကွက်တို့နှင့် ၎င်းမြေကွက်တို့ပေါ်ရှိ အမှတ် ၂၈/အေ၊ ပဲခူးချောင်လမ်း၊ ပဲခူးချောင်ရပ်၊ မော်လမြိုင်မြို့ဟုခေါ်တွင်သောနေအိမ်အဆောက်အအုံနှင့် အကျိုးခံစားခွင့်အားလုံးတို့နှင့်ပတ်သက်၍ ၁၉-၂-၂၀၁၃ ရက်စွဲဖြင့် မိသားစုစီမံမှုအမွေကြိုတင်လွှဲပြောင်းပေးခြင်း ကတိစာချုပ်အရ ဖခင်ဦးရွှေတင်၊ မိခင်ဒေါ်ကျင်မြိုင်နှင့် သမီးသုံးဦးဖြစ်သော ကျွန်မ မတင်တင်ရီ၊ အစ်မ မသန်းသန်းဝင်း၊ ညီမ မရီရီမြိုင်တို့(၅)ဦးက ညှိနှိုင်းတိုင်ပင်ပြီး အိမ်နှင့်မြေကို ကျွန်မတို့ ညီအစ်မသုံးဦးကို လွှဲပြောင်းပေးခဲ့ကြပါသည်။ ကျန်မောင်နှမသုံးဦးမှလည်း သဘောတူညီကြောင်းလက်မှတ်ရေးထိုးပေးခဲ့ကြပါသည်။ သို့ဖြစ်၍ အထက်ဖော်ပြပါအိမ်နှင့်မြေတို့ကို ကျွန်မတို့ ညီအစ်မသုံးဦးမှ တရားဝင်ပိုင်ဆိုင်ပါသည်။ ကျွန်မတို့မသိရှိဘဲ အထက်ဖော်ပြပါ အိမ်နှင့် မြေတို့ကို လွှဲပြောင်းရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်းတို့မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက လုပ်ဆောင်သူများ၏ တာဝန်သာဖြစ်ပါကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးခင်မောင်မြင့် LL.B, H.G.P** တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၂၄)
**ဦးပြည့်ဖြိုးဟိန်း LL.B** အထက်တန်းရှေ့နေ(စဉ်-၄၅၀၁၂)

**အမှတ် ၁၆၊ ကျိုက္ကမီလမ်း၊ ကွင်းရပ်၊ မော်လမြိုင်မြို့၊**
**ဖုန်း-၀၉-၈၇၀၀၇၄၉၊ ၀၉-၉၇၅၂၆၁၈၆၅**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)၊ (RA-VI)၊ ကွက်ပြင်(၆)၊ ဦးပိုင်အမှတ် (၆-က/၁၃၂)၊ ဧရိယာ ၀ဒသမ၁၆၀ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ပြင်ဦးလွင် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြို့မြေနေရာချထားရေးကော်မတီ) ၏ မြေချထားပေးသည့် အမိန့်အမှတ်စဉ် ၀၂၇/၂၀၁၀နှင့် ၁၈-၈-၂၀၁၀ရက်စွဲပါ စာအမှတ် (၅/၄၃-၁၀၇/ဦး၆)အရ ဦးဘုန်းဆွေ(ဘ)ဦးသာဆင့် ၇/အတန(နိုင်) ၀၀၄၈၂၂အမည်ဖြင့် ချထားပေးသည့် မြေကွက်ဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက်အား ဦးဘုန်းဆွေအမည်ဖြင့် ဂရန်သစ်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်းအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ကျွန်ုပ်၏မိတ်ဆွေအမည်ဖြင့် ဂရန်သစ် လျှောက်ထားသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်မျိုးစု LL.B(စဉ်-၉၃၇၀) တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၁၉၉/၂၇၊ ၃၃×၃၄လမ်းကြား၊ ၇၃×၇၄လမ်းကြား၊ ရွှေဥဒေါင်းလမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး**
**ဖုန်း-၀၂-၂၁၈၁၉၊ ၀၉-၄၃၀၁၁၀၈၁**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9I/2393 KIA BONGO III COACH Mini Bus ,(4x2) L ယာဉ်လက်ဝယ်ရှိသူ Standard Int'l Trading Co., Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (လလ-၃၀)၊ ဦးပိုင်အမှတ် (၃၁)၊ ၅၆×၅၇လမ်းကြား၊ မဂ္ဂရာ×ကနောင်လမ်းကြားရှိ ဦးတင်မြင့်အမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးခင်မောင်ဆန်း ၅/ရဘန(နိုင်)၀၁၅၅၂၅မှ မြေချထားမိန့်၊ မြေဖိုး၊ လမ်းဖိုးပေးသွင်းခြင်းငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဗိုလ်ချုပ်အောင်ခင် (ငြိမ်း)
ဒုတိယဝန်ကြီး(ငြိမ်း)၊ ကာကွယ်ရေးဝန်ကြီးဌာန
အသက်(၉၂)နှစ်

ဦးမျိုးမြင့်အောင်(အထွေထွေမန်နေဂျာ၊ ငြိမ်း)-မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်)-ဒုတိယဗိုလ်မှူးကြီးဒေါ်မြင့်မြင့်ခိုင်တို့၏ချစ်လှစွာသောဖခင်ကြီး ဗိုလ်ချုပ်အောင်ခင်(ငြိမ်း)သည် ၁၂-၁၀-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၄း၁၈နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဗိုလ်ချုပ်အောင်ခင်(ငြိမ်း) သူရဲကောင်းမှတ်တမ်းဝင်
စစ်ထောက်ချုပ်(ငြိမ်း)
ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး(ငြိမ်း)
အသက်(၉၂)နှစ်

ဦးမျိုးမြင့်အောင် (အထွေထွေမန်နေဂျာ-ငြိမ်း၊ MICB-MCB)-ဒုတိယဗိုလ်မှူးကြီး ဒေါ်မြင့်မြင့်ခိုင်တို့၏ မွေးသဖခင် ဗိုလ်ချုပ်အောင်ခင်(ငြိမ်း)သည် ၁၂-၁၀-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးတင့်လွင်၊ ဦးသန်းဝင်းရွှေ၊ စောကပေါ်ထူး
(မြန်မာနိုင်ငံသားများဘဏ်မှမိတ်ဆွေများ)

ဝမ်းနည်းကြေကွဲခြင်း
## ဦးရဲထွဋ်
အသက်(၅၈)နှစ်

နေပြည်တော်နေ ဦးမင်းထွဋ်(ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန)-ပါမောက္ခ ဒေါက်တာချိုချိုညွန့် (ခာတ်ခွဲခန်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)တို့၏အစ်ကို ဦးရဲထွဋ်သည် ၁၄-၁၀-၂၀၁၇ရက်နေ့ ညနေ ၆နာရီတွင် ဗဟိုရိစည်ဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာ့ရင်းနှီးမှုမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဟာဂျီမ ဘေဂွမ်ဘီ(ခ)ဒေါ်စိန်အေး
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၈၇လမ်း၊ အမှတ် ၁၄နေ ဟာဂျီ ဦးဟမီဒူလာ၏ ချစ်လှစွာသောဇနီး၊ ဦးတင်မြင့် (Mother Land Group Construction)၊ ဦးတင်အေး(Mother's Son Construction)၊ ဒေါ်ရီရီငွေ၊ ဦးကျော်မြင့်၊ ဒေါ်ရီရီထွေး၊ ဒေါ်အေးအေးရီတို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၈ယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၁၆-၁၀-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ဝိတိုရိယဆေးရုံ၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ညနေ ၅နာရီတွင် အဆွရ်နမားဇ်အပြီးတွင် ရေဝေးစွန္နီကဗာရ်စတာန်ဥယျာဉ်၌ ဒါဖနပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးစိုးကြည် (ပဲနွယ်ကုန်း)
အသက်(၅၄)နှစ်

ပဲနွယ်ကုန်းမြို့နေ (ဦးသောင်းရွှေ-ဒေါ်တင်ရီ)တို့၏သား၊ ရန်ကုန်မြို့နေ ဒေါ်အေးအေးချို၏ခင်ပွန်းသည် ၁၆-၁၀-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါ၍ ၁၈-၁၀-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးအောင်ကျော်ဆန်း အသက်(၅၃)နှစ်
B.Sc (Physics)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ၂၃လမ်း၊ အမှတ် ၈၃၃နေ (ဦးဘုန်းမြင့်)-ဒေါ်မြသီတို့၏သား၊ ဦးဝင်းဖေ-(ဒေါ်စန်းစန်းရီ)တို့၏သားသမက်၊ ဒေါ်အေးအေးခိုင်ဖေ(ဒု-ဦးစီးမှူး၊ မန္တလေးမြောက်ပိုင်းခရိုင်ရုံး၊ ကညန)၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်ကြီးအောင်သီဟ(ခ)အုပ်သုအောင် [တ·ဆ·ရ(၂/၁၀၀)] (ဘားအံ)၏ဖခင်၊ ဒေါက်တာမာလာမြင့် (ပါမောက္ခ၊ ရူပဗေဒဌာန၊ ထားဝယ်တက္ကသိုလ်)၊ ဦးထင်လင်းအောင်(ဦးစီးမှူး၊ လဝက၊ ကျောက်တန်း) ဒေါ်သီတာမြင့်တို့၏မောင်၊ မောင်ဘုန်းထင်ကျော်၏ဦးလေးသည် ၁၆-၁၀-၂၀၁၇ရက်(တနင်္လာနေ့)ညနေ ၃နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၈-၁၀-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (တောင်ဥက္ကလာပနေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးစိုးညွန့် အသက်(၅၂)နှစ်
(B.A Myanmar) Lin Win Co.,Ltd

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၃/ခရပ်ကွက်၊ ရှုခင်သာလမ်း၊ အမှတ် ၁၉နေ (ဦးပု)-ဒေါ်ခင်လှတို့၏သား၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်ရိပ်သာ၊ တိုက် ၁၁၊ အခန်း ၃နေ ဦးပွ-(ဒေါ်စန်းမြင့်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ စာဂ ၂၂လမ်း၊ တိုက် ၆၃၇၊ အခန်း ၄/B နေ ဒေါ်သက်သက်မွန်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်မင်းထွန်းအောင်(ပ/နှစ်၊ အင်္ဂလိပ်စာ၊ ဒဂုံတက္ကသိုလ်)၊ မောင်လင်းဘုန်းမြတ်(တက္ကသိုလ်ဝင်တန်း၊ OIAC)၊ မလင်းပြည့်ပြည့်ဖြိုး(တက္ကသိုလ်ဝင်တန်း၊ OIAC)တို့၏ ချစ်လှစွာသောဖခင်၊ ဦးအောင်မြတ်(IBTC)-ဒေါ်သန်းသန်းအေး၊ ဒေါ်ညွန့်ညွန့်ဝေ(မြန်မာ့မီးရထား၊ ငြိမ်း)၊ ဒေါ်မြင့်မြင့်ခိုင်(မြန်မာ့သစ်လုပ်ငန်း)၊ ဦးသိန်းဝင်း(IBTC)-ဒေါ်သူဇာထွန်း၊ ဦးအောင်မြင့်(မြန်မာ့မီးရထား)-ဒေါ်အေးသောင်း၊ ဦးစိုးမြင့်(Bernhard Schulte Shipping)-ဒေါ်သီတာအေးတို့၏ညီ/မောင်၊ ဒေါ်သီတာ(မြန်မာ့သစ်လုပ်ငန်း၊ ဦးထွန်းမင်း(Lin Win Co.,Ltd)၊ ဦးညီညီထွေး(KCK Shipping Co.)-ဒေါ်ဝေမွန်နိုင်တို့၏အစ်ကိုသည်၁၅-၁၀-၂၀၁၇ရက်(တနင်္ဂနွေနေ့)ည ၇း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၀-၂၀၁၇ရက်(အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး
## ဦးဝင်း(ခ)လီဇီဝင်း(မန္တလေးမြို့) အသက်(၉၄)နှစ်

(ဦးစုကီး-ဒေါ်အရှင်း)တို့၏သား၊ (ဦးဝေ-ဒေါ်ချိုရှိန်)တို့၏သားသမက်၊ မန္တလေးမြို့၊ အောင်နန်းအရှေ့ရပ်ကွက်၊ ၃၂လမ်းနှင့် ၃၃လမ်းကြား၊ လမ်း(၈၀)၊ အမှတ် ၅၄၄နေ ဒေါ်ကျင်လှိုင်(ခ)ဂူရီလန်၏ချစ်လှစွာသောခင်ပွန်း၊ ဦးအာသာဝေ၊ ဒေါ်ပွား(ခ)ဒေါ်သီသီအောင်(LA-USA)၏အစ်ကို၊ ဦးကျော်သာ-ဒေါ်ဖြူဖြူလွင်(ရွှေဒင်္ဂါး ဆန်ခေါက်ဆွဲလုပ်ငန်း)၊ ဦးကျော်မြင့် [မြန်မာအင်တာဝေါ(လ်)ကုမ္ပဏီလီမိတက်]-(ဒေါ်ခင်မမိုး)၊ ဦးကျော်သိန်း-ဒေါ်သန်းသန်းဝင်း(ရွှေသိမ်း-ဆန်ခေါက်ဆွဲလုပ်ငန်း)၊ ဒေါက်တာကျော်သိန်း-ဒေါ်မေဇင်မြတ်(ရွှေဇင်ကျော်-စိန်ရွှေရတနာဆိုင်)၊ ဦးထွန်းအောင်-ဒေါ်သီတာလှိုင် (အမယာ-ပဲငါးပိ/ပဲငံပြာရည်/ပဲကြာညို့လုပ်ငန်း)၊ ဦးအုန်းကျော်-ဒေါ်လင်းလင်းသီ[THITSAR SANN (S) PTE.,LTD, SINGAPORE]တို့၏ချစ်လှစွာသောဖခင်၊ မြေး ၁၂ယောက်တို့၏အဘိုးသည် ၁၅-၁၀-၂၀၁၇ရက် ည ၁၁း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၇ရက် နံနက် ၉နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၇နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၁၀-၂၀၁၇ရက်(ကြာသပတေးနေ့)တွင် အမှတ် ၄၁၊ ခေမာလမ်း၊ သီရိခေမာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး
## ဦးဝင်း(ခ)လီဇီဝင်း အသက်(၉၄)နှစ်
(Director, Myanmar Interworld Co.,Ltd)

ဦးကျော်မြင့်(Managing Director, Myanmar Interworld Co.,Ltd) နှင့် ဦးအုန်းကျော်(Director, Myanmar Interworld Co.,Ltd)တို့၏ ချစ်လှစွာသောဖခင်၊ မန္တလေးမြို့၊ အမှတ် ၅၄၄၊ လမ်း(၈၀)၊ ၃၂လမ်းနှင့် ၃၃လမ်းကြား၊ အောင်နန်းအရှေ့ရပ်ကွက်နေ ဒေါ်ကျင်လှိုင်(ခ)ဂူရီလန်၏ ချစ်လှစွာသောခင်ပွန်း ဦးဝင်း(ခ)လီဇီဝင်း (Director, Myanmar Interworld Co., Ltd)သည် ၁၅-၁၀-၂၀၁၇ရက်(တနင်္ဂနွေနေ့)ည ၁၁း၅၅နာရီတွင် အမှတ် ၄၁၊ ခေမာလမ်း၊ သီရိခေမာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဝန်ထမ်းမိသားစု
Myanmar Interworld Co.,Ltd

## ဒေါ်စန်းရင်
အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝါးခယ်မလမ်း၊ အမှတ် (၄၁/၄၃)၊ တတိယထပ်နေ (ဦးကြာညွန့်-ဒေါ်နှင်းလှ)တို့၏သမီး၊ (ဦးကောင်းစိန်)အငြိမ်းစားကျောင်းအုပ်ဆရာကြီး (ဗဟန်း)၏ဇနီး၊ ဒေါက်တာရဲတင့်လွင်(ဒုချုပ်၊ ဆေးသုတေသနဌာန၊ ငြိမ်း)-ဒေါ်ရီရီ၊ (ဦးလှထွန်း)-ဒေါ်လွင်လွင်မိုး(ဝင်းအထူးကုဆေးခန်း)တို့၏မိခင်၊ ဒေါက်တာဘုန်းစည်သူလွင်(S S C ဆေးရုံ)-ဒေါ်နန်းခင်စုနှင်း(MAI)၊ ဒေါက်တာစိုးဇေယျာလွင်(ABC) Co.,Ltd၊ နေဇာဟိန်းလွင်(Zar & Zar)၊ သဲစုမိုးလွင်(Corena)၊ဇင်မင်းသူ(Boss)တို့၏အဘွားသည် ၁၆-၁၀-၂၀၁၇ရက် မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၀-၂၀၁၇ရက် နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၁၀-၂၀၁၇ရက် နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
## ဗိုလ်မှူးစောထွန်းတင် (ငြိမ်း)
ကြည်း-၇၃၄၇၊ Y.O.C (19)
တပ်မတော်မော်ကွန်းတိုက်မှူးရုံး(ကကမော်)
မြို့နယ်ကောင်စီဥက္ကဋ္ဌ (အုတ်တွင်းမြို့နယ်)
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်နေ(ဦးဘဂျမ်း-ဒေါ်သန်းစိန်)တို့၏သား၊ ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ ကမ်းငူကလေးကျေးရွာနေ(သိက္ခာတော်ရဆရာစောလူးသာ-ဒေါ်မလေး)တို့၏သားသမက်၊ သိက္ခာတော်ရဆရာ စောရွှေလင်း-နော်သက်သက်ဟန်၊ စောကျော်တင်(မျိုးဆေးသုတ်လုပ်ငန်းကုမ္ပဏီ)-မကြူကြူလှိုင်၊ တပ်ကြပ်ကြီးစောနေထွန်း (တပ်မတော် လျှပ်စစ်နှင့်အင်ဂျင်နီယာတပ်)တို့၏ဖခင်၊ နော်မာရီယာမူကပေါ်၊ စောဘားနဘ(စ်)သတိုထူး၊ မယွန်းရွှေရည်၊ မအင်ကြင်းဦးတို့၏အဘိုး၊ နော်အမီးလယာ(ခ)ဒေါ်အေးမီ၏ ခင်ပွန်းသည် ၁၆-၁၀-၂၀၁၇ရက် နံနက် ၈နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၈-၁၀-၂၀၁၇ရက် နံနက် ၁၀နာရီတွင် အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ဦးစံလုံလမ်းရှိ နံ့သာကုန်းကရင်နှစ်ခြင်းအသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
## ဦးလှမြင့်(ခ)ဦးချစ်လှ အသက်(၈၆)နှစ်
တပ်မတော်(ငြိမ်း)၊ ဓနုဖြူ

ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်နေ (ဦးဆား-ဒေါ်ငွေဆိုင်)တို့၏သား၊ ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်နေ (ဦးမြင့်စိုး)-ဒေါ်နီနီ၊ ရွှေပြည်သာမြို့နယ်နေ ဦးအောင်ဝင်း-ဒေါ်နုနုတင်၊ ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊ သမိုင်းနေ ဦးမောင်မောင်မြင့်(ဒုတိယအထွေထွေမန်နေဂျာ၊ IKBZ-INSURANCE)-ဒေါ်ခင်မာချို၊ ရွှေပြည်သာမြို့နယ်နေ ဦးခင်မောင်မြင့်-ဒေါ်စန္ဒာ၊ ဦးစိုးပိုင်-ဒေါ်မိုးမိုးတို့၏ဖခင်၊ မြေး ၁၅ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘိုး၊ (ဒေါ်သိန်းနွဲ့)၏ခင်ပွန်းသည် ၁၅-၁၀-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၀-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ကျူချောင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၁၀-၂၀၁၇ရက် (စနေနေ့)တွင် ရွှေပြည်သာမြို့နယ်၊ ၈၂/၃၃/၁၀ရပ်ကွက်၊ အမှတ် ၁၀၄၃၊ ပုလဲလမ်းမကြီး နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးကြည်သန်း (ရန်ကင်းပညာရေးကောလိပ်)
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ သော်တာလမ်း၊ အမှတ် ၅(က)နေ (ဦးထွန်းလှိုင်-ဒေါ်ညိမ်းမြ)တို့၏သား၊ ဒေါ်စန်းရီ၏ခင်ပွန်း၊ ဒေါက်တာယုယုတင်(ဒု-ဆေးရုံအုပ်၊ ရန်ကုန်အလုပ်သမားဆေးရုံကြီး)၊ ဒေါက်တာယဉ်မောင်မောင်(တွဲဖက်ပါမောက္ခ၊ရူပဗေဒဌာန၊မန္တလေးတက္ကသိုလ်)-ဒေါက်တာသန်းသန်းဝင်း(တွဲဖက်ပါမောက္ခ၊ ရူပဗေဒဌာန၊ မန္တလေးအဝေးသင်တက္ကသိုလ်)တို့၏ဖခင်၊ မဆုယဉ်နှင်း၏ဘိုးဘိုးကြီး၊ (ဦးလှအောင်၊ ဒေါ်ရင်မေ)တို့၏မောင်၊ ဦးခင်ကြည်၊ ဒေါ်သန်းသန်းအေးတို့၏အစ်ကို၊ မောင်ဖြိုးမင်းသန့်၏ဘကြီးသည် ၁၆-၁၀-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ဝ၀း၄၇နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁၈-၁၀-၂၀၁၇ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၁၀-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
## ဖိုးအင်စိန် (မြိတ်မြို့)
အသက်(၉၈)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နေ (ဦးဟုတ်ရှင် - ဒေါ်စောရွှေ)တို့၏သား၊ ဦးဘွန်ကျန်-ဒေါ်သင်းမြိုင်တို့၏သားသမက်၊ (ဒေါ်သန်းနှစ်)၏ ခင်ပွန်း၊ ဒေါက်တာဒေါ်မြတ်မြတ်ခိုင်၊ဒေါက်တာဒေါ်လှဲ့လှဲ့ခိုင်၊ ဒေါ်သီသီခိုင်(ခ)ဒေါ်မိတုတ်၊ဦးပြည့်စုံ(ခ)ဦးမျိုးနိုင်တို့၏ဖခင်၊ မစန်းသီတာ၏အဘိုးသည် ၁၃-၁၀-၂၀၁၇ရက် (သောကြာနေ့) ည ၁၁း၃၀ နာရီတွင် အမှတ် ၂၃၈၊ နှောက်လယ်ရပ်၊ ၅လမ်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁၀-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ကလွင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်ခိုင်လှဖြူ အသက်(၈၂)နှစ်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လေးတောင်၊ အရှေ့မော်ကျေးရွာနေ (ဦးနို့တောင်းအောင် - ဒေါ်အေးခိုင်)တို့၏သမီး၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ဦးဖိုးထွန်းလမ်း၊ အမှတ် ၃၉နေ ဦးမောင်ကြာအေး၏ ချစ်လှစွာသောဇနီး၊ ဦးသန်းရွှေအောင်-ဒေါ်ကျန်ရွှေတို့၏မိခင်၊ကိုအောင်အောင်-မဖြူဖြူစန်း၊ မအေးအေးမာ၊ ကိုချစ်ဦးမောင်-မနှင်းနုလွင်၊ မမိုးပွင့်ဖြူ မနှင်းရတနာတို့၏အဘွားသည် ၁၆-၁၀-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈-၁၀-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၂-၁၀-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးသာဇံမောင် (စစ်တွေ)
သန်လျင်မြို့
အသက်(၇၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ အမှုထမ်းရပ်ကွက်၊ ရွှေဝါလမ်းသွယ်(၁)နေ ဒေါ်တင်ဝင်း(အထက-၁၊ သန်လျင်၊ ငြိမ်း)၏ခင်ပွန်း၊ စစ်တွေမြို့နေ(ဦးမောင်သာဖြူ-ဒေါ်စံဝင်း)တို့၏သား၊ (ဦးဘမြိုင်-ဒေါ်သန်းရင်)တို့၏ သားသမက်၊ ဒေါ်ဖွားမေ၏မောင်၊ ဗိုလ်မှူးရွှေကျော်၏ညီ၊ ဒေါက်တာရွှေလှမောင်၏အစ်ကို၊ ကိုနန္ဒအောင်ဘို-မနီနီဇံ၊ ကိုနီထွန်းဇံ-မမြတ်မြတ်ခိုင်တို့၏ဖခင်၊ မောင်ဝေဘုန်းခန့်၏အဘိုးသည် ၁၅-၁၀-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် သန်လျင်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁နာရီတွင် သန်လျင် အမိုးနီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်ခင်နွဲ့(မနွဲ့) (ဗဟန်း)
အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ဗဟန်း ၂လမ်း၊ အမှတ် ၁၃နေ ဦးအောင်ဝင်း၏ဇနီး၊ ဦးရဲဝင်းလွင်-ဒေါ်စန်းစန်းဝင်း၊ (မောင်ညွန့်ဝင်း)၊ မစန္ဒာဝင်းတို့၏မိခင်၊ မရွှေရတီလွင်၏အဘွားသည် ၁၆-၁၀-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇-၁၀-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၂-၁၀-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ကိုရာဟန် အသက်(၃၇)နှစ်
GM (International Forwarding Co.,Ltd.)

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးအိမ်ရာ၊ တိုက် ၇၊ အခန်း ၁၂နေ (ဦးဟန်တင်)-ဒေါ်ထုလွမ်တို့၏သား၊မနှင်းနုဟန်(အမက-၂၉)၏အစ်ကိုသည် ၁၆-၁၀-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၁း၄၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁၀-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၁၀-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တဓမ္မဉာဏ
မန္တလေးမြို့၊ ကင်းဝန်မင်းကြီးကျောင်းတိုက်
တိုက်အုပ်မဟာနာယက၊ ဓမ္မောဒယကျောင်း
ဘုန်းတော်ကြီးကျောင်း ဦးစီးပဓာနနာယက
မန္တလေးတောင်တော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ
သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၆)ဝါ

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ ကင်းဝန်မင်းကြီးကျောင်းတိုက်၊ တိုက်အုပ် မဟာနာယက ဓမ္မောဒယကျောင်း၊ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဓမ္မဉာဏ မဟာထေရ်မြတ်ကြီးသည် (၁၃၇၉ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၀ရက်) ၁၅-၁၀-၂၀၁၇ရက် ညနေ ၄း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ခုနှစ် သီတင်းကျွတ်လကွယ်) ၁၉-၁၀-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်၍ အန္တိမအဂ္ဂိစျာပန သာဓုကီဠနသဘင် ဆင်ယင်ကျင်းပသွားမည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ တပည့်သံဃာတော်များနှင့်ဒါယကာ၊ ဒါယိကာမများ

ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်သိန်း
အသက်(၈၉)နှစ်

ဒေါက်တာမြင့်စိုး-ဒေါ်မိုးမိုးညွန့်တို့၏မိခင် ဒေါက်တာမေစိုးထက်၏ အဘွားဖြစ်သူ ဒေါ်ခင်သိန်းသည် ၁၉-၈-၂၀၁၇ ရက်တွင် ပြည်မြို့နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံဆရာဝန်အသင်း(လားရှိုး)

## ဦးစံအောင်(ခ) Mr Samar Ray အသက်(၈၃)နှစ်
R.T.C (ငြိမ်း)

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်နေ(ဦးဘာဘူလေး-ဒေါ်ခင်ခင်)တို့၏သား၊ ကန်တော်ကလေး၊ ၉၃လမ်း၊အမှတ် ၁၀၇နေ ဒေါ်ရီတာဒတ်(စ်)(အထက-၃၊ တောင်ညွန့်)၏ချစ်လှစွာသောခင်ပွန်း၊ ဦးမောင်မောင်မြင့်(ဆေးသုတေသနဦးစီးဌာန)၊ ဦးစံကျော်မော်(ခ)Morris Ray၊ ဦးပါပိုဂနီဆန်(Partner Legal and tax)-khin Su Htay and associates)-ဒေါ်သန္တာအောင်(သူနာပြု၊ ဦးစီးအရာရှိ၊တိုင်းကုသရေးဦးစီးဌာန)၊ ဒေါ်နီနီအောင်(st. Andrew hospital ခေတ္တ-Singapore )၊ ဦးသိန်းဇော်ထွန်း(M.D CB bank )-ဒေါ်မိုးမိုးအောင်၊ ဒေါ်သိမ့်သိမ့်အောင်(ခ)Tina Ray (Teacher -M.L.A International School)တို့၏ချစ်လှစွာသောဖခင်သည် ၁၆-၁၀-၂၀၁၇ရက် နံနက် ၆း၁၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ရေဝေးဟိန္ဒူသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းအကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးတိုက်ကြီးအောင်(ငြိမ်း) အသက်(၇၉)နှစ်
ကြည်း-10248 (OTS-30)

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ တင်းတိန်ရုံကျေးရွာနေ ဦးကံပွင့်-ဒေါ်ဖန်းတို့၏သား၊ ရွှေဘိုမြို့နေ ဦးတိုက်ကြီးမောင် - (ဒေါ်စိန်ရွှေ)တို့၏ညီ၊ တင်းတိန်ရုံကျေးရွာနေ (ဦးဉာဏ်ငွေး)-ဒေါ်တင်စိန်၊ မန္တလေးမြို့နေ ဦးတင့်ဆွေ-ဒေါ်ဝင်းတို့၏အစ်ကို၊ စစ်ကိုင်းမြို့၊ ပိုးတန်းရပ်နေ ဦးထွန်းထွန်းဦး-ဒေါ်သီတာ၊ ဦးရဲကျော်စွာ-ဒေါ်ထက်ထက်ဝေ၊ ဒေါ်မြလေးဖြူတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုး၊ ဒေါ်သန်းရီ၏ခင်ပွန်းသည် ၁၅-၁၀-၂၀၁၇ရက် ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၀-၂၀၁၇ရက် ညနေ ၃နာရီတွင် စစ်ကိုင်းမြို့ ယုန်ဖြူသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအသိပေးအကြောင်းကြားအပ်ပါသည်။ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
## ဦးအေးမောင်
အသက်(၇၅)နှစ်

ဒေါက်တာရန်နိုင်အောင်(လက်ထောက်ဆရာဝန်-ကလေး)(လားရှိုးပြည်သူ့ဆေးရုံ)၏ဖခင် ဦးအေးမောင်သည် ၇-၁၀-၂၀၁၇ ရက်တွင် လားရှိုးမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံဆရာဝန်အသင်း(လားရှိုး)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးငွေအောင် (ဆိပ်ကြီးခနောင်တို)
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျိုက်တော်ရပ်ကွက်၊ ကျိုက်တော်အိမ်ရာ၊ ကျိုက်တော်လမ်း၊ တိုက် ၁၊ အခန်း ၁၀၁နေ (ဦးကစ်-ဒေါ်ဖွားရှင်)တို့၏သား၊ (ဦးထွန်းမြင့်-ဒေါ်သန်းလှ)တို့၏သားသမက်၊ ကိုကျော်သူရအောင်-မနန်းကျော့ခိုင်(KM Aliminium)၊ ကိုမြင့်ကျော်လတ်-မအေးသီတာအောင်(Modern Aluminium)၊ မစမ်းသီတာအောင် (Free Lance Architect)တို့၏ဖခင်၊ မမေမီမီကို၊ မခိုင်ဆွေဇင်သော်၊ မအိအိကျော်လတ်၊ မောင်မြင့်မြတ်ကျော်လတ်တို့၏အဘိုး၊ ဒေါ်သန်းသန်းတင်၏ချစ်လှစွာသောခင်ပွန်းသည် ၁၅-၁၀-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၀-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၁၀-၂၀၁၇ရက် (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးငွေအောင် (ဆိပ်ကြီးခနောင်တို)
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျိုက်တော်ရပ်ကွက်၊ ကျိုက်တော်အိမ်ရာ၊ ကျိုက်တော်လမ်း၊ တိုက် ၁၊ အခန်း ၁၀၁နေ (ဦးကစ်-ဒေါ်ဖွားရှင်)တို့၏သား၊ (ဦးထွန်းမြင့်-ဒေါ်သန်းလှ)တို့၏သားသမက်၊ (ဦးတင်မြင့်-ဒေါ်တင်တင်ရီ)၊ ဦးမြင့်ဦး-ဒေါ်ခင်သိန်းရီ၊ (ဦးကျော်စိန်လွင်-ဒေါ်နန်းကြည်)၊ ဦးအောင်ညွန့် (သတ္တုတွင်း၊ ငြိမ်း)-ဒေါ်ရီရီစမ်း၊ (ဦးထွန်းကျော်)-ဒေါ်ခင်အေးမိ၊ (ဦးတင်ဝင်း)-ဒေါ်ရီရီရွှေ၊(ဦးစန်းယု)-ဒေါ်အေးအေးခိုင်၊ဦးတင်လှိုင်-ဒေါ်တင်တင်ဝေ၊ ဦးကျော်စွာ၊ ဦးဇော်ဝင်း-ဒေါ်ဝင်းမြင့်ကြည်(နေပြည်တော်)၊ (ဦးငွေးဦး-ဒေါ်စန်းငွေး)၊ ဦးမြင့်ဇော်-ဒေါ်စန်းစန်းရွှေ၊ ဦးဝင်းသန်းထွန်းတို့၏အစ်ကို/ညီ/မောင်၊ ဒေါ်သန်းသန်းတင်၏ချစ်လှစွာသောခင်ပွန်းသည် ၁၅-၁၀-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁၀-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၁၀-၂၀၁၇ရက် (စနေနေ့) တွင် အထက်ပါနေ အိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# နိုင်ငံ၏ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေးနှင့် စားနပ်ရိက္ခာဖူလုံမှုရှိစေရေးအတွက် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးကြရမည်




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ၂၀၁၇ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၁၆**

၂၀၁၇ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သံတမန်များ၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့မှ ကိုယ်စားလှယ်များ၊ INGOနှင့် NGO အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေး၊ ငတ်မွတ်ခေါင်းပါးမှုတိုက်ဖျက်ရေးတို့တွင် လူတိုင်း ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ယခုကဲ့သို့သော အခမ်းအနားများကို နှစ်စဉ်ကျင်းပရခြင်းဖြစ်ပါကြောင်း။

လူကိုးဦးတွင် တစ်ဦးသည် ပြည်တွင်းနှင့် ဒေသတွင်း မငြိမ်သက်မှုပြဿနာများ၊ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရမှုနှင့် ဆင်းရဲနွမ်းပါးမှုတို့ကြောင့် စားနပ်ရိက္ခာအကျပ်အတည်းကို ရင်ဆိုင်နေကြရကြောင်း၊ ထိုသို့ ရင်ဆိုင်ကြုံတွေ့နေရသူအများစုသည် ကျေးလက်ဒေသများ၊ နယ်စွန်နယ်ဖျားဒေသ နေထိုင်ကြသူများနှင့် ရွှေ့ပြောင်းနေထိုင်ကြရသူများ ဖြစ်ပါကြောင်း၊ ငယ်ရွယ်သူအလုပ်သမားများ

*စာမျက်နှာ ၄ ကော်လံ ၁* ❄

## မောင်တောဒေသခံများအား ရွေ့လျားဆေးကုသမှုအစီအစဉ်ဖြင့် အရေးပေါ်ဆေးဝါးကုသပေးမှုများ ဆောင်ရွက်ပေးလျက်ရှိ




**နိုင်လင်းကြည်၊ သန့်ဇင်ဝင်း**

**မောင်တော အောက်တိုဘာ ၁၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အကြမ်းဖက်တိုက်ခိုက်မှုဒဏ်ခံခဲ့ရသည့် မောင်တောဒေသရှိ ဒေသခံများအား ရွေ့လျားဆေးဝါးကုသမှုအစီအစဉ်ဖြင့် အရေးပေါ်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(ဓါတ်ပုံ)**

"ဝန်ကြီးရုံးနဲ့ ပြည်နယ်အစိုးရအဖွဲ့ကတော့ လိုအပ်တဲ့ပံ့ပိုးမှုတွေနဲ့ အကြံဉာဏ်တွေ ပေးတာတွေလုပ်ပြီး သက်ဆိုင်ရာမောင်တောမြို့နယ် ကျန်းမာရေးဌာနအစီအစဉ်နဲ့ ဆောင်ရွက်ပါတယ်။ မောင်တောနဲ့ ဘူးသီးတောင် ရွေ့လျားဆေးအဖွဲ့တွေဖွဲ့ပြီး ကယ်ဆယ်ရေးစခန်းတွေအထိ ကျန်းမာရေးစောင့်ရှောက်မှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ အကြမ်းဖက်ဖြစ်စဉ်ဖြစ်ပွားခဲ့တာကြောင့် ရွေ့လျားအစီအစဉ်ကို ခေတ္တနားခဲ့ရပါတယ်။ ပြန်လည်တည်ငြိမ်ချိန်မှာတော့ လုံခြုံရေးအရသွားလို့ရမယ့်နေရာတွေမှာ ချက်ချင်း ပြန်လည်စတင်ဆောင်ရွက်နိုင်ခဲ့ပါတယ်"ဟု

*စာမျက်နှာ ၉ ကော်လံ ၁* ✻

## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းကာ မုန်တိုင်းငယ်အဖြစ်ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၆**

ယနေ့ ညနေ ၆ နာရီ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်း ရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းကာ မုန်တိုင်းငယ် (Depression)အဖြစ်သို့ ရောက်ရှိလာနိုင်သည်။ **(မိုး/ဇလ)**




